# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၂၂)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့။


သူတော်ကောင်းတရားကို ကောင်းစွာကျင့်ရာ၏။
မကောင်းသဖြင့် မကျင့်ရာ၊
သူတော်ကောင်းတရားကို ကျင့်သောသူသည်
ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌
လည်းကောင်း ချမ်းသာစွာနေရ၏။

ဓမ္မပဒ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာရှ-ဥရောပ ထိပ်သီး အစည်းအဝေးတက်ရောက်ပြီး ပြန်လည်ရောက်ရှိ



**ရန်ကုန် အောက်တိုဘာ ၂၁**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အီတလီနိုင်ငံ မီလန်မြို့၌ ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် အာရှ-ဥရောပထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်ခဲ့ပြီး မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းဖြင့် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

နိုင်ငံတော်သမ္မတအား ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဦးသန်းဌေး၊ ဒေါက်တာကိုကိုဦးနှင့် ဦးဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ အီတလီသံရုံးတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးရဲထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**



# ငမိုးရိပ်(မင်္ဂလာတောင်ညွန့်)တံတား စတင်အကောင်အထည်ဖော်တည်ဆောက်

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ငမိုးရိပ် (မင်္ဂလာတောင်ညွန့်)တံတားကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စတင်အကောင်အထည်ဖော် တည်ဆောက်နေပြီဖြစ်ကြောင်း အဆိုပါတံတားကိုတာဝန်ယူတည်ဆောက်သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူတည်ဆောက်သည့် ငမိုးရိပ်တံတား (မင်္ဂလာတောင်ညွန့်)သည် အရှည် ၄၀၅ မီတာ၊ ပင်မတံတားအရှည် ၃၀၅ မီတာ၊ တံတားချဉ်းကပ်လမ်း မီတာ ၁၀၀ရှိပြီး တစ်ဖက် မီတာ ၅၀ စီရှိကာ ယာဉ်သွားလမ်းနှစ်လမ်းနှင့် အကျယ် ၁၀ ဒသမ ၅ မီတာ ရှိမည်ဖြစ်သည်။ အဆိုပါတံတားသည် ဘိုးပိုင်ဖောင်ဒေးရှင်းဖြစ်ပြီး အပေါ်ထည်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ ကြမ်းခင်းကိုကြိုတင်အားဖြည့်သံကူရက်မများကို အသုံးပြုကာ ထိုင်းနည်းပညာများဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မင်းထက်**

*စာမျက်နှာ ၉ ကော်လံ ၁*

**ငမိုးရိပ်တံတား (မင်္ဂလာတောင်ညွန့်)ကို ဘိုးပိုင်လုပ်ငန်းများ စတင်ဆောင်ရွက်လုပ်ကိုင်နေစဉ်။**

## ယနေ့ ⇄ မာတိကာ


နိုင်ဂျီးရီးယားနိုင်ငံ အီဘိုလာကင်းစင်ကြောင်းကြေညာ
*စာမျက်နှာ - ၄*

ပညာဒါနပေးလှူကြမည် ကုသလမှုကောင်းကျိုးပြုစို့
*ဆောင်းပါး* *စာမျက်နှာ - ၆*


## ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ရောင်စုံကြော်ငြာအချပ်ပို လေးမျက်နှာနှင့် အဖြူအမည်းလေးမျက်နှာပါရှိပါသည်။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# စက်မှုနှင့်အသက်မွေးပညာသင်ယူပါ

လောကဥ္စအသက်မွေးဝမ်းကျောင်း အတတ်ပညာတစ်ခုခု တစ်ဖက်ကမ်းခတ် တတ်မြောက်ထားသူတိုင်းသည် ကြီးပွားတိုးတက်နိုင်ကြောင်း လောကနီတိက ညွှန်းဆိုထားလေသည်။ မျက်မှောက်ခေတ်သည် စက်မှုနှင့်နည်းပညာများ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလျက်ရှိပေရာ လူငယ်လူရွယ်တိုင်းအသက်မွေးဝမ်းကျောင်းနှင့်ဆိုင်သော အတတ်ပညာတစ်ခုခု သင်ယူတတ်မြောက်ထားသင့်ပေသည်။ ထိုအသက်မွေးဝမ်းကျောင်း အတတ်ပညာများဖြင့်ပင် လုပ်ငန်းခွင်များသို့ လွယ်ကူစွာဝင်ရောက်လုပ်ကိုင်နိုင်ကြပေလိမ့်မည်။ အထူးသဖြင့် စက်မှုနှင့်အသက်မွေးပညာများ သင်ယူတတ်မြောက်ထားသင့်ပေသည်။

ယခုအခါ စက်မှုညွှန်ကြားမှုဦးစီးဌာန လူ့စွမ်းအားအရင်းအမြစ်ဌာန၏ကြီးကြပ်မှုဖြင့် စက်မှုသင်တန်းကျောင်းများ၌ စက်မှုနှင့် အသက်မွေးပညာ ရွေ့လျားသင်တန်း (Mobile Vocational Training Unit ) များကို တိုးချဲ့ဖွဲ့စည်းလိုက်ပြီဖြစ်သည်။ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်အသိပညာ၊ အတတ်ပညာများ၊ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်လျက် သင်တန်းများပို့ချပေးနိုင်ရေး ဖွဲ့စည်းလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ ယခုအခါ လိုအပ်ချက်ရှိရာ အရပ်ဒေသများသို့သွားရောက်၍ စက်မှုနှင့်အသက်မွေးမှု ပညာရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်သင်ကြားပို့ချပေးနေပြီဖြစ်သည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ပူးပေါင်း၍ စက်မှုနှင့်အသက်မွေးပညာ ရွေ့လျားသင်တန်းအမှတ်စဉ် (၁)၊ (၂) နှင့်(၄) တို့ကို ပခုက္ကူခရိုင် ကမ္ဘစံပြကျေးရွာ၊ မြစ်ခြေကျေးရွာနှင့် မြိုင်မြို့နယ် အောင်သုခစံပြကျေးရွာတို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်း၍ သင်တန်းအမှတ်စဉ် (၃)ကို လက်ပံတောင်းတောင်ဒေသ ဆည်တည်းဇီးတောရွာသစ်၌လည်းကောင်း ဖွင့်လှစ်ခဲ့ပြီး ဒေသခံသင်တန်းသား ၁၉၈ ဦးကို လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်းသိရသည်။ အလားတူသင်တန်းများကို ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတာဝန်ရှိသူများ ပူးပေါင်းကာလိုအပ်ချက်ရှိရာဒေသများ၌ ဆက်လက်ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိသည်။

ကျေးလက်ဒေသများ လူမှုဘဝဖွံ့ဖြိုးရေး မြှင့်တင်လျက်ရှိရာ စက်ချုပ်သင်တန်း ၊ အလှပြင်သင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ သံဂဟေဆက် သင်တန်းစသည်ဖြင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ၊ သက်ဆိုင်ရာမှ သင်တန်းများဖွင့်လှစ်ကာ သင်ကြားပေးလျက်ရှိပါသည်။ ကျွန်ုပ်တို့နိုင်ငံတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးပွားလျက်ရှိရာ ကျွမ်းကျင်လုပ်သား (Skill Labour ) လိုအပ်ချက်မှာလည်း တိုးလာလျက်ရှိသည်။ စက်ရုံ၊ အလုပ်ရုံ၊ စက်မှုဇုန် အသီးသီးသို့ ကျွမ်းကျင်လုပ်သားများအဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်ရေး စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ သို့ပါ၍ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားတတ်မြောက်ထားကြရန် လိုအပ်လာပြီဖြစ်ပါကြောင်း။

## ပြည်တွင်းသတင်း

# ပြည်သူများသွားလာမှုအဆင်ပြေစေရန် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသောတံတားများ ပြန်လည်တည်ဆောက်ပြုပြင်

**နေပြည်တော် အောက်တိုဘာ ၂၁**

ပခုက္ကူ-ပေါက်-ကျောက်ထုလမ်း အခြေအနေ၊ မိုးရွာသွန်းမှုကြောင့် ကမ်းမဖြူချောင်းရေကျနေမှုနှင့် လမ်းကြောင်းအခြေအနေတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးပြီးနောက် ပုသိမ်-မုံရွာလမ်း မိုင်တိုင်အမှတ် (၃၈၀/၂နှင့် ၃၈၁ /၁) ကြားတွင် အထူးစီမံကိန်းကြီးအဖွဲ့(၃)မှ တည်ဆောက်နေသော အမှတ်(၂) ပေါက်တံတား (ရေပြာ) တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ရှင်းလင်းဆောင်တွင် အင်ဂျင်နီယာမှူးကြီး ဦးကျော်လင်းက အမှတ်(၂) ပေါက်တံတား(ရေပြာ) တည်ဆောက်ပြီးစီးမှု၊ ကတ္တရာကွန်ကရစ်ခင်းနေမှုနှင့် အချောသတ်လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း ၊အမှတ်(၁) ပေါက်တံတား (အုန်းတော)တည်ဆောက်နေမှုတို့ကို ပါဝါပွိုင့်ဖြင့်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တံတားကြီး မကြာမီဖွင့်လှစ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊ ဒေသခံပြည်သူများ သွားလာရေး အဆင်ပြေစေရန်၊ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရန်၊ တံတားလုပ်ငန်းများပြီးစီးပါက ဖြတ်သန်းခွင့်ပြုရန်တို့ကို မှာကြားသည်။

အမှတ်(၂) ပေါက်တံတား (ရေပြာ) သည် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ် ပုသိမ်-မုံရွာလမ်းမိုင်တိုင် အမှတ် (၃၈၀/၂ နှင့် ၃၈၁/၁) ကြားတွင်တည်ရှိပြီး ၂၀၁၀ ပြည့်နှစ် ဂီရိမုန်တိုင်းနှင့် ၂၀၁၁ ခုနှစ် O2B မုန်တိုင်းများကြောင့် ဘေလီသံပေါင်များ ရေတိုက်စားပျက်စီးခဲ့ရာ လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် နိုင်ငံတော်အစိုးရမှ သံကူကွန်ကရစ်တံတားတည်ဆောက်ရန် လမ်းညွှန်ခဲ့သဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့ (၃)မှ မူလတံတားဟောင်းအရှည်ပေ ၁၄၉၀ ရှိ တံတား Alignment အတိုင်း အရှည်ပေ ၁၆၅၀ ထပ်မံတိုးချဲ့တည်ဆောက်မည့် ဘိုးပိုင်လုပ်ငန်းများကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၇ ရက်မှ စတင်၍ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ဒေသခံပြည်သူများသွားလာမှု အဆင်ပြေစေရန် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ဆိုင်ကယ်များ၊ ကိုယ်ပိုင်ယာဉ်ငယ်များ၊ ခရီးသည်ယာဉ်များ၊ ကုန်တင်ယာဉ်ငယ်များကို ဖြတ်သန်းခွင့်ပြုခဲ့သည်။

အလားတူ ဆိပ်ဖြူ-ကန်တော်-ပေါက်လမ်းပေါ်ရှိ အမှတ်(၁) ပေါက်တံတား (အုန်းတော)မှာလည်း ၂၀၁၀ ပြည့်နှစ် ဂီရိမုန်တိုင်းနှင့် ၂၀၁၁ ခုနှစ် O2B မုန်တိုင်းများကြောင့် ဘေလီသံပေါင်များ ရေတိုက်စားပျက်စီးခဲ့ရာ အထူးစီမံကိန်းကြီး အဖွဲ့(၃)မှ ၂၀၁၃ ခုနှစ် မေ ၁၅ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ပွင့်လင်းရာသီတွင် ဒေသခံပြည်သူများ ဆောလျင်စွာ အသုံးပြုနိုင်ရေးအတွက် တံတားလုပ်ငန်းများ သတ်မှတ်ကာလအတွင်းပြီးစီးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပွင့်လင်းရာသီတွင် တည်ဆောက်ပြီးစီး၍ လမ်းပန်းဆက်သွယ်မှုမှာ အဆင်ပြေချောမွေ့မည်ဖြစ်သည်။

အမှတ်(၂) ပေါက်တံတား (ရေပြာ)နှင့်အမှတ်(၁) ပေါက်တံတား (အုန်းတော)တို့တည်ဆောက်ပြီးစီးပါက မကွေးတိုင်းဒေသကြီးမှ ချင်းပြည်နယ်သို့ အချိန်တိုအတွင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ လူမှုရေး ၊စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့ အဘက်ဘက်မှဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






# သီပေါဒုဋ္ဌဝတီမြစ်ကူးတံတားကြီးအပေါ် အန္တရာယ်ကင်းရေး မီးများလင်းစေချင်

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်ရှိ ဒုဋ္ဌဝတီမြစ်ကူးတံတားကြီးသည် မန္တလေး၊ လားရှိုး၊ မူဆယ်သွား ပြည်ထောင်စုလမ်းမကြီး၏ အဓိက ဆက်သွယ်ပေးသည့် အရေးပါသော လမ်းကြောင်းဖြစ်ပြီး နေ့စဉ်ကားကြီး ကားငယ်အစီး ပေါင်းနှစ်ထောင်ကျော် ဖြတ်သန်းသွားလာလျက်ရှိသည်။

အဆိုပါ တံတားကြီးကို နိုင်ငံတော်က ၂၀၁၁ ခုနှစ် မတ် ၆ ရက်တွင် ဖွင့်လှစ်ပေးခဲ့၍ ကုန်တင်မော်တော်ယာဉ်ကြီးများမှာ နေ့ညမပြတ် ကုန်စည်စီးဆင်းမှုလွယ်ကူမြန်ဆန်ချောမွေ့စွာ စုန်ဆန်သွားလာလျက်ရှိသော်လည်း ယခုကဲ့သို့ ဆောင်းဦးကာလ ရောက်ချိန်တွင် နှင်းများနှင့်အတူ တံတားကြီး၏ ဘေးဝဲယာရှိလျှပ်စစ်ဓာတ်တိုင် များမှ မီးလင်းမှုမရှိခြင်း၊ တံတားကြီးအလယ်ဗဟိုမှ ဆလိုက်မီးများမှာလည်း ပျက်စီးယိုယွင်းနေရာ အမြင်အာရုံ မကြည်လင်မှုများကြောင့် အန္တရာယ်ကို ဖိတ်ခေါ်နေသကဲ့သို့ ဖြစ်နေပါသဖြင့် ဒုဋ္ဌဝတီမြစ်ကူးတံတားကြီးကို ယခင်ကကဲ့သို့ တံတားကြီးနှင့်ပန်းတင့်စွာ မီးလုံးများပြန်လည်လဲလှယ်တပ်ဆင်ပေးရန် မော်တော်ယာဉ်မောင်းများက လိုလားလျက်ရှိကြောင်းသိရသည်။ **စိုင်း(သီပေါ)**

### ထင်သာမြင်သာပြုပြင်စရာ



ပြည်တွင်းသတင်း



# ဥပဒေပြုရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ ညှိနှိုင်း

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာသည် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များကို စက်တင်ဘာ ၂၀ ရက် ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အမှတ် (I-2) ဥပဒေကြမ်းကော်မတီအစည်းအဝေးခန်းမ၌ တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့သည်။

**ညှိနှိုင်းဆွေးနွေး**

ထိုသို့ဆွေးနွေးရာတွင် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်နန်းဝါနု၊ ဦးသောင်း၊ ဦးစတီဖန်၊ ဦးစိုးစိုး၊ ဦးခင်မောင်ညို၊ ဦးခင်မောင်ရွှေ၊ ဦးစိုးရယ်၊ ဦးသိန်းထွန်းဦး၊ ဒေါက်တာစိုးမိုးအောင်၊ ဦးအောင်မြသန်းတို့နှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးတင်ဝင်း၊ ဦးဆန်းလင်း၊ ဒေါ်သန်းသန်းရီ၊ ဒေါ်မြမြဝင်းနှင့် ဒေါ်သင်းခိုင်တို့ တက်ရောက်ခဲ့ကြပြီး ဥပဒေပြုရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **(ဓာတ်ပုံ)** **(သတင်းစဉ်)**

# လတ်တလောဖြစ်ပေါ်နေသည့် သတင်းမီဒီယာအရေးကိစ္စများအဖြေရှာရန် မြန်မာဂျာနယ်လစ်ကွန်ရက်နှင့် ပြန်ကြားရေးဝန်ကြီးတို့ ဆွေးနွေးမှုများပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၂၁**

လူငယ်စာနယ်ဇင်းသမား အများစုဖြင့်ဖွဲ့စည်းထားသော မြန်မာဂျာနယ်လစ်ကွန်ရက်(MJN)နှင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်တို့သည် ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ MJN ရုံးခန်း၌ ပထမဆုံးအကြိမ် တွေ့ဆုံခဲ့ကြပြီး လတ်တလောဖြစ်ပေါ်နေသည့် သတင်းမီဒီယာအရေးကိစ္စများကို အဖြေရှာရန် ဆွေးနွေးခဲ့သည်။ **(ယာပုံ)**

လတ်တလောတွင် ဥပဒေကြောင်းအရ တရားရင်ဆိုင်နေရသည့်သတင်းမီဒီယာသမားများအရေးကိစ္စ၊ သတင်းမီဒီယာသမားများ ဝန်ကြီးဌာနများတွင် သတင်းအချက်အလက်များ ရယူရာတွင် ကြုံတွေ့ရသည့်အခက်အခဲများဖြေရှင်းရန်နှင့် သတင်းမီဒီယာသမားများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများကို အဓိကထားဆွေးနွေးခဲ့ကြသည်ဟု MJN ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ ဦးမြင့်ကျော်က ပြောသည်။

မကြာသေးမီအချိန်က Bi မွန်းတည့်နေ သတင်းထောက် သုံးဦးနှင့် ပိုင်ရှင်တို့ ထောင်ဒဏ်နှစ်နှစ်စီ ပြစ်ဒဏ်ကျခံခဲ့ရသည့် ကိစ္စအပေါ် သတင်းမီဒီယာသမားများအနေဖြင့် စိုးရိမ်ပူပန်မှုများရှိနေကြောင်း မြန်မာဂျာနယ်လစ်ကွန်ရက် (MJN)က တင်ပြဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

Bi မွန်းတည့်နေကိစ္စတွင် မီဒီယာများ၏အမြင်၊ တရားစီရင်ရေး၏အမြင် နှစ်ဖက်အမြင်များ၏လွဲမှားမှုများအားဆွေးနွေးခဲ့ပြီး "ကောင်းတဲ့ရလဒ်တစ်ခုရမယ်လို့ မျှော်လင့်ထားပါတယ်။ အဓိကကတော့ သမ္မတကို တင်ပြပေးမယ်လို့ ဝန်ကြီးက ကတိပေးသွားတယ်" ဟု MJN ၏ လူမှုရေးကော်မတီအဖွဲ့ဝင် ဒေါ်ရွှေမှုန်က ဆွေးနွေးမှုအပြီး မီဒီယာရှင်းလင်းပွဲတွင် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က "တင်ပြတယ်ဆိုရာမှာ တရားစီရင်ရေးကိုတော့ ဝင်ရောက်စွက်ဖက်လို့ မရဘူးပေါ့။ တရားရုံးကိစ္စတွေ ပြီးတဲ့အခါမှာတော့ ဒီကိစ္စတွေကို စဉ်းစားပေးနိုင်တဲ့အခွင့်အာဏာ သမ္မတမှာ ရှိတာပေါ့။ ဒီသတင်းစကားကိုတော့ ကျွန်တော်သမ္မတကြီးကို ရှင်းပြပေးမှာပါ" ဟု ပြောသည်။

ဝန်ကြီးဌာနများတွင် သတင်းမီဒီယာသမားများ သတင်းရယူရန် အခက်အခဲရှိပါက မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) သို့မဟုတ် မြန်မာဂျာနယ်လစ်ကွန်ရက်(MJN) ကဲ့သို့သော အဖွဲ့အစည်းများမှတစ်ဆင့် ပြန်ကြားရေးဝန်ကြီးဌာနသို့ အကြောင်းကြားပါက ဝန်ကြီးဌာနမှ ဝင်ရောက်ညှိနှိုင်းပေးမည်ဖြစ်သည်။ ထို့ပြင် ဌာနဆိုင်ရာသတင်းများရယူနိုင်ရန် ဌာနဆိုင်ရာအလိုက် သတင်းပြန်ကြားရေးရုံးများ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်သွားမည်ဟု ဦးမြင့်ကျော်ထံမှ သိရသည်။

၂၀၁၄ ဩဂုတ် ၁ ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဦးရဲထွဋ်အား တာဝန်ပေးအပ်ခြင်းကို သဘောတူညီခဲ့ပြီးနောက် နိုင်ငံတော်သမ္မတရုံးမှ အမိန့်အမှတ် (၁၈/၂၀၁၄) ဖြင့် တာဝန်ပေးအပ်ခဲ့သည်။ ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်လက်ခံပြီးနောက် အစိုးရဌာနများနှင့် စာနယ်ဇင်းများအကြား (စတုတ္ထမဏ္ဍိုင်အကြား) ကျင့်ဝတ်နှင့် အပြန်အလှန်လေးစားမှုကို အခြေခံကာ ကောင်းမွန်သည့် မီဒီယာဆက်ဆံရေးတည်ဆောက်ရန် အရေးကြီးဆုံးလုပ်ငန်းအနေဖြင့် ဆောင်ရွက်သွားမည်ဟု ၎င်း၏လူမှုကွန်ရက် ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ပြောကြားထားသည်။

ဝန်ကြီးသက်တမ်း နှစ်လကျော်အတွင်း ၎င်း၏ ဆောင်ရွက်နိုင်မှုနှင့် ပတ်သက်၍ MJN နှင့် တွေ့ဆုံမှုအပြီး မေးခွန်းထုတ်ရာတွင် ပြန်ကြားရေးဝန်ကြီး ဦးရဲထွဋ်က "အစိုးရဌာနဆိုင်ရာတွေနဲ့ စတုတ္ထမဏ္ဍိုင် ချိတ်ဆက်ဖို့ ကြိုးစားတဲ့နေရာမှာ အခုလုပ်ခဲ့တဲ့ မဏ္ဍိုင်လေးရပ် ဆွေးနွေးပွဲရှိတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ စာနယ်ဇင်းကောင်စီ (ယာယီ) ဆွေးနွေးတာတွေရှိတယ်။ နှစ်ဖက်လုံး ပြုပြင်ရမှာတွေရှိတယ်။ စာနယ်ဇင်းသမားတွေဘက်ကလည်း ပြုပြင်ရမှာတွေရှိတယ်ဆိုတာ လက်ခံတယ်။ ဝန်ကြီးဌာနတွေဘက်ကလည်း သူတို့အနေနဲ့ ပြုပြင်ပြောင်းလဲရမှာဆိုတာတွေ လက်ခံတယ်။ ကျွန်တော် ဒီနေရာ(MJN ရုံး)ရောက်တာပဲကြည့်လေ" ဟု ပြန်လည်ဖြေကြားသည်။



**ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင်**
**ဓာတ်ပုံ-ဇော်မင်းလတ်**

## အေးချမ်းသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများ စာရင်းထုတ်ပြန်

**ရန်ကုန် အောက်တိုဘာ ၂၁**

၂၀၁၅ ခုနှစ်(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား "အေးချမ်းသာယာ ပြည်မြန်မာ"ဟူသောခေါင်းစဉ်ဖြင့် ဖိတ်ခေါ်ကျင်းပခဲ့သည်။

အဆိုပါရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ မြန်မာနိုင်ငံအနှံ့အပြားမှ ဓာတ်ပုံပညာရှင် ၁၀၂ ဦးက ပြိုင်ပွဲဝင်ဓာတ်ပုံ ၅၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆု ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)၊ ဒုတိယဆု ကျော်စိုးလင်း၊ တတိယဆု မောင်နီဦးတို့က ရရှိခဲ့ကြသည်။ အထူးဆုများအဖြစ် မင်းမင်းထွန်း၊ အောင်ရဲနိုင်(အမရပူရ)၊ ကိုကိုဆန်နီ(သိင်္ဂီရွှေရည်)၊ ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း)၊ ကျော်ဇောလေးနှင့်အောင်ရဲနိုင် (အမရပူရ)တို့က ဆုများအသီးသီးရရှိကြသည်။ ဆုရရှိသူများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



နိုင်ငံတကာသတင်း



## နိုင်ဂျီးရီးယားနိုင်ငံ၌ အီဘိုလာကင်းစင်ကြောင်းကြေညာ

**အဘူဂျာ အောက်တိုဘာ ၂၁**

နိုင်ဂျီးရီးယားနိုင်ငံတွင် အီဘိုလာရောဂါအသစ်ထပ်မံဖြစ်ပွားသူမရှိသည်မှာ ခြောက်ပတ်ကြာပြီးနောက် အီဘိုလာရောဂါကင်းစင်သည့်နိုင်ငံ ဖြစ်သွားပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)က ပြောသည်။

ယင်းကဲ့သို့ အီဘိုလာကင်းစင်ကြောင်း ကြေညာနိုင်ခြင်းကပင် သမိုင်းတွင် ထူးခြားသော အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း ဒဗလျူအိတ်ချ်အိုကိုယ်စားလှယ် ရိုင်းဂါမာဗက်ဇ်က အဘူဂျာမြို့၌ ပြောဆိုလိုက်သည်။

နိုင်ဂျီးရီးယားနိုင်ငံတွင် ဇူလိုင်လအတွင်း လစ်ဗျားသံတမန်တစ်ဦးက နိုင်ဂျီးရီးယားသို့ အဆိုပါရောဂါကိုသယ်ဆောင်ခဲ့ပြီးနောက် ရောဂါကူးစက်ပျံ့နှံ့သွားခဲ့သည်ဟု ဆိုသည်။ အီဘိုလာရောဂါကြောင့် ရောဂါအဆိုးရွားဆုံးဖြစ်ပွားနေသည့် လိုက်ဘေးရီးယား၊ ဆီရာလီယွန်းနှင့် ဂီနီနိုင်ငံတို့အပါအဝင် အနောက်အာဖရိကတ၌ လူပေါင်း ၄၅၀၀ ကျော် သေဆုံးခဲ့ပြီဖြစ်သည်။ ရောဂါကူးစက်ခံရသူ ၇၀ ရာခိုင်နှုန်းသည် အဆိုပါနိုင်ငံများ၌ ဖြစ်သည်ဟု ခန့်မှန်းထားသည်။

သောကြာနေ့က ဆီနီဂေါနိုင်ငံကိုလည်း ဒဗလျူအိတ်ချ်အိုက အဆိုပါရောဂါကင်းစင်နိုင်ငံအဖြစ် ကြေညာနိုင်ခဲ့သည်။ ထိုအတောအတွင်း အီးယူနိုင်ငံခြားရေးဝန်ကြီးများက လူဇင်ဘတ်၌ အီဘိုလာခြိမ်းခြောက်မှုကို မည်သို့ မည်ပုံ တုံ့ပြန်ဆောင်ရွက်ရေး ဆွေးနွေးလျက်ရှိသည်။ **(ဘီဘီစီ)**

## အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက အာဆီယံနိုင်ငံများအား အိုင်အက်စ်တို့ကိုတိုက်ခိုက်မှုတွင် ကူညီရန်ပြောကြား

**ဂျကာတာ အောက်တိုဘာ ၂၁**

အရှေ့အလယ်ပိုင်းတွင် ဖြစ်ပွားနေသော အိုင်အက်စ်စစ်သွေးကြွများကို အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များက တိုက်ခိုက်မှုတွင် အရှေ့တောင်အာရှ ခေါင်းဆောင်များက အကူအညီပေးရန် တနင်္လာနေ့က အင်ဒိုနီးရှားသမ္မတသစ် ဝီဒိုဒို၏ သမ္မတရာထူး လက်ခံယူသည့်ပွဲသို့ ရောက်ရှိနေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောကြားခဲ့သည်။

ကမ္ဘာ့မူဆလင်ဦးရေ အများဆုံးရှိရာ အင်ဒိုနီးရှားနိုင်ငံ၏မြို့တော်ဂျကာတာ၌ တစ်ရက်နားစဉ် မစ္စတာကယ်ရီက သမ္မတဝီဒိုဒိုနှင့် အိမ်နီးနားချင်းနိုင်ငံများဖြစ်သည့် မလေးရှား၊ စင်ကာပူ၊ ဘရူနိုင်း၊ ဩစတြေးလျနိုင်ငံများမှဝန်ကြီးချုပ်များ၊ ဖိလစ်ပိုင်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးတို့နှင့် နှစ်ဖက်တွေ့ဆုံဆွေးနွေးရန် စီစဉ်ခဲ့သည်။

နှစ်ဖက်တွေ့ဆုံဆွေးနွေးပွဲတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက တောင်တရုတ်ပင်လယ် ရေပိုင်နက်အငြင်းပွားမှုပြဿနာကို ဆွေးနွေးခဲ့သည်။ ၎င်းအငြင်းပွားမှုနှင့်ပတ်သက်ပြီး တရုတ်၏ ယုံကြည်မှုလွန်ကဲခြင်းသည် အမေရိကန်နိုင်ငံ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ၎င်း၏မိတ်ဖက်နိုင်ငံများအတွက် စိုးရိမ်ဖွယ်ရာကိစ္စတစ်ခုဖြစ်ကြောင်း၊ အီဘိုလာဗိုင်းရပ်စ်ရောဂါနှိမ်နင်းမှုနှင့် ပစိဖိတ်နိုင်ငံ ဖြတ်ကျော် ကူးသန်းရောင်းဝယ်မှု မိတ်ဖက်နိုင်ငံများအကြောင်း ဆွေးနွေးခဲ့သည်။

သို့သော် အဓိက ဆွေးနွေးသည့်အကြောင်းအရာမှာ ဆီးရီးယားနှင့် အီရတ်တို့တွင် လတ်တလောဖြစ်ပေါ်နေသော အိုင်အက်စ်တို့ကို အမေရိကန်ဦးဆောင်တိုက်ခိုက်မှုတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများက ကူညီရန် ထိရောက်သော နည်းလမ်းများကို ရှာဖွေရန်ဖြစ်ကြောင်း မစ္စတာကယ်ရီ၏ ဂျကာတာခရီးစဉ်သို့ လိုက်ပါသွားသော အမည်မဖော်လိုသူ အရာရှိများက သတင်းထောက်များသို့ ပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ အိုင်အက်စ်တပ်သားသစ်စုဆောင်းခြင်း မပြုလုပ်နိုင်ရန် နည်းလမ်းများလည်း ပါဝင်သည်။

ထို့ပြင် အိုင်အက်စ်စစ်သွေးကြွများကို ဘဏ္ဍာရေးဆိုင်ရာအထောက်အပံ့ပိတ်ဆို့ရန်၊ ဒေသတွင်းနိုင်ငံများကို အိုင်အက်စ်တို့ကျူးကျော်မှုမှ ကာကွယ်ရန် စသည့်အကြောင်းအရာများလည်း ပါဝင်ကြောင်း အရာရှိတစ်ဦးက ပြောခဲ့သည်။

နိုင်ငံတစ်ခုချင်းစီက အိုင်အက်စ်စစ်သွေးကြွပြဿနာနှင့် ပတ်သက်ပြီး ကြိုတင်ကာကွယ်မှုများ ပိုမိုလုပ်ဆောင်သွားမည်ဟု ယုံကြည်မျှော်လင့်ရပါကြောင်း ၎င်းကထပ်လောင်းပြောကြားခဲ့သည်။ **(ရိုက်တာ)**

## အိန္ဒိယ၌ မီးရှူးမီးပန်းစက်ရုံပေါက်ကွဲမှုဖြစ်ပွား

**နယူးဒေလီ အောက်တိုဘာ ၂၁**

အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ်ရှိ မီးရှူးမီးပန်းစက်ရုံ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၁၇ ဦးထက်မနည်းသေဆုံးခဲ့ကြောင်း၊ သေဆုံးသူများတွင် အမျိုးသမီးတစ်ဦးပါဝင်ကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။

အရှေ့ ဂိုဒါဗာရီဒေသရှိ ဗာကာတစ်ပါရွာ၌ တည်ရှိသည့် အဆိုပါစက်ရုံသည် တနင်္လာနေ့မွန်းလွဲပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံရှိ မီးရှူးမီးပန်းစက်ရုံအများစုသည် ပေါက်ကွဲမှုများဖြစ်ပွားလေ့ရှိသည်။ ယခုစက်ရုံသည် ပြောက်အိုးထုတ်လုပ်မှုများကို တရားဝင်ခွင့်ပြုချက်မရှိဘဲ ထုတ်လုပ်ရောင်းချနေခြင်းဖြစ်ကြောင်း ရဲအရာရှိက ဘီဘီစီသတင်းထောက်ကို ပြောပြသည်။

ယင်းစက်ရုံမှပေါ်ထွက်လာသော မီးခိုးလုံးကြီးများသည် ကောင်းကင်၌ ပျံ့နှံ့လျက်ရှိသည်။

"ကျွန်တော်တို့အလုပ်လုပ်နေတုန်း ရုတ်တရက်ပေါက်ကွဲမှုဖြစ်ပွားခဲ့တာပါ၊ ပေါက်ကွဲမှုအရှိန်ကြောင့်ပဲ ကျွန်တော်တို့အားလုံး အဝေးကြီးကို လွင့်စဉ်ခဲ့ပါတယ်" ဟု အသက်ရှင် ကျန်ရစ်သူအလုပ်သမားတစ်ဦးက ဆိုသည်။ ပေါက်ကွဲမှုဖြစ်ပွားရသည့်အကြောင်းကို တိတိကျကျ မသိရသေးဘဲ စက်ရုံပိုင်ရှင်ကို စစ်ဆေးမေးမြန်းနေဆဲဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောခဲ့သည်။

အန်ဒရာပရာဒေ့ရှ်ပြည်နယ် ဒုတိယဝန်ကြီးက စက်ရုံသည် အလုပ်သမားများစွာခန့်ထားခဲ့ရာ ဥပဒေချိုးဖောက်မှုရှိသည်ဟု ဆိုသည်။ အလုပ်သမားခန့်ထားမှုအရ အကန့်အသတ်ရှိပြီးအခင်းဖြစ်ပွားချိန်၌ စက်ရုံအလုပ်သမား ၃၀ ရှိနေခဲ့ရာ အလုပ်သမားဦးရေများနေကြောင်း ၎င်းကပြောခဲ့သည်။ ၂၀၁၂ ခုနှစ်က တောင်ပိုင်းရှိ တမီနာဒူပြည်နယ်၌ အလားတူစက်ရုံပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၃၄ ဦးထက်မနည်း သေဆုံးခဲ့ပြီး အခြား ၃၀ ဒဏ်ရာရရှိခဲ့သည်။ **(ဘီဘီစီ)**



## အင်ဒီယာနာ၌ အမျိုးသမီးခုနစ်ဦးအသတ်ခံရပြစ်မှုကျူးလွန်သူ အမျိုးသမီးက ဝန်ခံဖြောင့်ချက်ပေး

**အင်ဒီယာနာ အောက်တိုဘာ ၂၁**

အမေရိကန်နိုင်ငံ အင်ဒီယာနာပြည်နယ်၌ အမျိုးသမီးတစ်ဦးက လူသတ်တရားခံအဖြစ် ဖြောင့်ချက်ပေးလိုက်ပြီးနောက် အမျိုးသမီးခုနစ်ဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့သည်။

အသက် ၄၃ နှစ်ရှိ ဒါရင်ဗန်းဆိုသူသည် သောကြာနေ့က မိုတယ်တစ်ခု၌ တွေ့ရှိခဲ့သော အမျိုးသမီးတစ်ဦး၏ အလောင်းနှင့်ပတ်သက်ပြီး ဖြောင့်ချက်ပေးခဲ့သည်ဟု ဆိုသည်။ ၎င်းက တာဝန်ရှိရဲတပ်ဖွဲ့အား အနည်းဆုံးရုပ်အလောင်းသုံးခုကို ရှာဖွေရန် ပြောပြနိုင်ခဲ့သည်။ ထိုစဉ်အတွင်း လွန်ခဲ့သည့် သီတင်းပတ် ကုန်ပိုင်းကလည်း ယင်းဒေသ၌ အမျိုးသမီးသုံးဦး၏ အလောင်းများကို တွေ့ရှိခဲ့ရသည်ဟု ဆိုသည်။

သောကြာနေ့က မိုတယ် ၆ ၌ တွေ့ရှိခဲ့သော အသက် ၁၉ နှစ်အရွယ် အာဖရိုက်ကာဟာဒီသည် ထူးဆန်းဖွယ်ရာ သေဆုံးခဲ့ကြောင်း ရဲအဖွဲ့က ပြောသည်။



လူသေအလောင်း တွေ့ရှိခဲ့သည့် မိုတယ် ၆။

ဟာဒီသည် အဆိုပါမိုတယ်၌ ဘန်းဆိုသူနှင့်တွေ့ပြီး ထူးဆန်းစွာ သေဆုံးခဲ့ကြောင်း၊ တစ်စုံတစ်ဦးက ရဲတပ်ဖွဲ့ထံ အဆက်အသွယ်ပြုလုပ်ခဲ့သော်လည်း ၎င်းထံ အချိန်မီမရောက်ခဲ့ကြောင်း၊ ရဲတာဝန်ရှိသူတစ်ဦးက ပြောသည်။ ဒုတိယတွေ့ရှိသူမှာ အသက် ၃၅ နှစ်အရွယ် အနစ်ဂျုံးစ်ဆိုသောအမျိုးသမီးဖြစ်သည်။ သူသည် အောက်တိုဘာ ၈ ရက်က ပျောက်ဆုံးသွားခဲ့ရာ စွန့်ပစ်ထားသော အိမ်တစ်လုံး၌ သေဆုံးလျက် တွေ့ခဲ့ရသည်ဟုဆိုသည်။ ဘန်းသည် အခြား သေဆုံးသူ အမျိုးသမီးများ၏ ရုပ်အလောင်းရှိရာ နေရာများကို ရဲတပ်ဖွဲ့ထံ ဖော်ထုတ်ထွက်ဆိုပြောကြားခဲ့သည်ဟု ဆိုသည်။ ဘန်းသည် ဆယ်စုနှစ် နှစ်ခုကျော်ကြာ လူသတ်မှုကျူးလွန်ခဲ့ဖွယ်ရှိကြောင်း ရဲအဖွဲ့က ပြောသည်။

**(ဘီဘီစီ)**

## မက္ကဆီကို ပျောက်ဆုံးကျောင်းသားများ၏ သတင်းအချက်အလက်ပေးနိုင်သူအား ဒေါ်လာသန်းချီဆုချီးမြှင့်မည်

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၂၁**

ပျောက်ဆုံးနေသော ကျောင်းသား ၄၃ ဦးနှင့် သက်ဆိုင်သော အရေးကြီးအချက်အလက်များ ပေးနိုင်လျှင် ပီဆို ၆၄ ဒသမ ၅ သန်း၊ အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ သန်းချီးမြှင့်မည်ဟု မက္ကဆီကို အမျိုးသားရှေ့နေချုပ်ရုံးက တနင်္လာနေ့က ပြောကြားခဲ့သည်။

၎င်းဆုကြေးငွေကို ကျောင်းသား ၄၃ ဦး၏ ယခုလက်ရှိနေရာကို ရှာဖွေတွေ့ရှိနိုင်မည့် အသုံးဝင်ပြီး အကျိုးရှိသည့် သတင်းအချက်အလက်များ ရှာဖွေပေးသူ မည်သူကိုမဆို ချီးမြှင့်သွားမည်ဖြစ်ကြောင်း အဆိုပါရုံးက သတင်းထုတ်ပြန်ခဲ့သည်။

ပျောက်ဆုံးကျောင်းသားတစ်ဦး၏ အရေးကြီးသတင်းပေးနိုင်လျှင် အဆိုပါသတင်းပေးနိုင်သူအား ပီဆို ၁ ဒသမ ၅ သန်း၊ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ခန့် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း အမျိုးသားရှေ့နေချုပ်ရုံးက ပြောကြားခဲ့သည်။

တိကျသေချာသော သက်သေပြမှု သို့မဟုတ် အဆိုပါအမှုနှင့်ပတ်သက်သူအား စုံစမ်းဖော်ထုတ်နိုင်သူကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း အဆိုပါရုံးက ထပ်လောင်းပြောကြားခဲ့သည်။

ကျောင်းသားများမှာ ဒေသဆိုင်ရာရဲများနှင့် ဂူရီယို၏အခြားမြို့တစ်မြို့ဖြစ်သော အီဂွါလာတွင် စက်တင်ဘာ ၂၆ ရက်က အခင်းဖြစ်ပြီးနောက် ပျောက်ဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။ ပြည်သူလူထုက ဤအမှုနှင့်ပတ်သက်ပြီး အစိုးရကို ဖိအားပေးလျက်ရှိသည်။

အာဏာပိုင်များက ဤအမှုနှင့်ပတ်သက်ပြီး ရာထူးဖြုတ်ချခြင်းခံထားရသော အီဂွါလာမြို့တော်ဝန်ကို ရှာဖွေနေကြောင်း ပြောကြားခဲ့သည်။ ရှာဖွေရေးအဖွဲ့တစ်ခုက အီဂွါလာမြို့နှင့်အနီးတစ်ဝိုက်တွင် သံသယဖြစ်ပွားဖွယ်ရာ အလောင်း ၂၀ ကို တူးဖော်တွေ့ရှိခဲ့သည်။ သက်ဆိုင်သူ သေဆုံးကျောင်းသားများ၏ မိဘများက ငှားရမ်းထားသော လွတ်လပ်သည့် မှုခင်းဆေးပညာအဖွဲ့တစ်ဖွဲ့က မီးလောင်ကျွမ်းထားသော အလောင်းများမှာ မည်သူမည်ဝါဖြစ်ကြောင်း အသိအမှတ်ပြုရန် နှစ်ပတ်ထက်ပိုမိုကြာမြင့်နိုင်ကြောင်း ပြောခဲ့သည်။ **(ဆင်ဟွာ)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# မြဝတီမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၃၈ ပြား၊ ဆေးခြောက် ၁၅ ဂရမ်ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၁**

အောက်တိုဘာ ၁၈ ရက်က မူးယစ်တပ်ဖွဲ့စု(၃၂)မြဝတီမှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မြဝတီမြို့ ရပ်ကွက်(၄)ဓိဌာန်အောင်လမ်းနေ အောင်ထွန်း(ခ) လက်ကောက်၏ နေအိမ်ကိုရှာဖွေရာ ၄င်းနှင့်အတူ မင်းကိုဦးနှင့် ခင်နိုင်မင်း(ခ)မှဲ့ကြီး တို့အားတွေ့ရပြီး အောင်ထွန်း(ခ) လက်ကောက်၏ အိပ်ရာဘေးမှ စိတ်ကြွရူးသွပ်ဆေးပြား ငါးပြား၊ မင်းကိုဦး၏ အကျီအိတ်အတွင်းမှ ဆေးခြောက် ၁၅ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေး ဖော်ထုတ်ချက်အရ မြဝတီမြို့ ရပ်ကွက်(၄)ရန်မျိုးနိုင်လမ်းနေ မမိုးစက်ပွင့်၏ နေအိမ်ကိုရှာဖွေရာ ၄င်းမှာတိမ်းရှောင်လျက်ရှိပြီး နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား၂၃၃ ပြားကို သိမ်းဆည်းရမိသဖြင့် အောင်ထွန်း(ခ) လက်ကောက်(၃၂ နှစ်)၊ မင်းကိုဦး(၃၂ နှစ်)၊ ခင်နိုင်မင်း(ခ)မှဲ့ကြီး(၃၄ နှစ်)နှင့် မမိုးစက်ပွင့်(ဖမ်းမမိသေး) တို့လေးဦးအပေါ် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**အောင်ထွန်း(ခ)လက်ကောက်၊ မင်းကိုဦး၊ ခင်နိုင်မင်း(ခ)မှဲ့ကြီးတို့ သုံးဦးကို ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

# ကျောက်ဆည်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၂၂ ပြား ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၁**

အောက်တိုဘာ ၁၇ ရက်က မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေးတောင်မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ ကျောက်ဆည်မြို့နယ် ဟန်မြင့်မိုရ်ကျေးရွာ မြမြင့်မိုရ်လက်ဖက်ရည်ဆိုင်သို့ မော်တော်ဆိုင်ကယ်ဖြင့် ရောက်ရှိလာသူ ဦးလေးကြီး(ခ)မြင့်ထွန်း(ခ) ဆန်းလွင်အားရှာဖွေရာ မော်တော်ဆိုင်ကယ် ဒူးကာနှစ်ဖက်အတွင်းမှ ပလတ်စတစ်အိတ်ဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၂၂၂ ပြားကို သိမ်းဆည်းရမိသဖြင့် ဦးလေးကြီး(ခ) မြင့်ထွန်း(ခ)ဆန်းလွင် (၄၅ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မှန်လုံယာဉ်ခရီးသည်ထံမှ ဘိန်းစိမ်း ၁၁ ကီလိုဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၁**

အောက်တိုဘာ ၁၉ ရက်က မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့အထွက် သာစည် ပူးပေါင်းစစ်ဆေးရေး စခန်းတွင် အောင်ပန်းမြို့မှကလောမြို့သို့ မောင်းနှင်သည့် ရန်ကြီးအောင် ခရီးသည်တင်မှန်လုံယာဉ်ကို စစ်ဆေးရှာဖွေရာ ထိုင်ခုံအမှတ်(၁၇)တွင် လိုက်ပါလာသူ ခရီးသည် ဦးကြည်၏ ထိုင်ခုံရှေ့ရှိ ၄င်းပိုင် ပလတ်စတစ်ဆွဲပုံးအတွင်းမှ ပလတ်စတစ်အိတ် ခြောက်အိတ်ဖြင့် ထုပ်လျက် ဘိန်းစိမ်းအလေးချိန် ၁၁ ကီလိုသိမ်းဆည်းရမိသဖြင့် ဦးကြည် (၅၃ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ဦးကြည်ကို ဖမ်းဆီးရမိ ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။**

# မိုးညှင်းမြို့နယ်တွင် ဘိန်းဖြူဆပ်ပြာခွက် ၄ ခွက် အလေးချိန် ၅၂ ဂရမ် ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၁**

အောက်တိုဘာ ၁၈ ရက်က မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် မိုးညှင်းမြို့နယ် မိုးညှင်း-မန္တလေးသွားကားလမ်း သစ်တောဦးစီးဌာနပျိုးဥယျာဉ်အနီး လမ်းမပေါ်တွင် မော်ဟန်ကျေးရွာဘက်မှ မိုးညှင်းမြို့ဘက်သို့ ခင်မောင်သန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဖင်ထိုင်ခုံအောက်မှ ရောင်စုံဆပ်ပြာခွက်များအတွင်း ထည့်လျက် ဘိန်းဖြူဆပ်ပြာခွက် လေးခွက်၊ အလေးချိန် ၅၂ ဂရမ်ကို သိမ်းဆည်းရမိသဖြင့် ခင်မောင်သန်း (၃၈ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**

**မူးယစ်အန္တရာယ် တို့ဝိုင်းဝန်း ကာကွယ်**

# မော်တော်ယာဉ်က ဆိုင်ကယ်ကိုဝင်တိုက်

**ပုသိမ် အောက်တိုဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် သဲကုန်းလေးကျေးရွာ ဒေးဒရဲ-ဖျာပုံ ကားလမ်းမပေါ်၌ မိုင်တိုင် (၁၂/၀ နှင့် ၁၂/၁) အကြားတွင် အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီခွဲက သဲကုန်းလေးကျေးရွာမှ ဖျာပုံမြို့သို့ ယာဉ်မောင်းလှိုင်ကျော်ဘွား ( ၄၂ နှစ်) တပ်ကုန်းမြို့နေသူ မောင်းနှင်လာသည့် ကန်တာ အဖြူရောင်မော်တော်ယာဉ်သည် သဲကုန်းကျေးရွာမှ ဖျာပုံမြို့သို့ ယာဉ်မောင်း မင်းမင်း(၂၃ နှစ်) သဲကုန်းလေးကျေးရွာ ဒေးဒရဲမြို့နေသူ မောင်းနှင်လာသော ကန်ဘိုအနက်ရောင်ဆိုင်ကယ်ကို သဲကုန်းကျေးရွာမှ ကားလမ်းမအထွက်၌ အရှိန်မထိန်းနိုင်ဘဲ ရုတ်တရက်ဝင်တိုက်မိရာ မင်းမင်းတွင် (စိုးရိမ်ရ) ဒဏ်ရာရရှိသွားသဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ လှိုင်ကျော်ဘွားကို အရေးယူစစ်ဆေးလျက်ရှိကြောင်းသိရသည်။

**မောင်မောင်မြင့်(iprd)**

# လူသတ်မှု၊ လုယက်မှုမှ ထွက်ပြေးတိမ်းရှောင်နေသူကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က ဖမ်းဆီးရမိ

**ရန်ကုန် အောက်တိုဘာ ၂၁**

မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင် ကျေးရွာအတွင်း ဖြစ်ပွားခဲ့သော လူသတ်မှု၊ လုယက်မှုမှ ထွက်ပြေးတိမ်းရှောင်နေသူကို ဒဂုံ-ဧရာအဝေးပြေးကားဝင်းအတွင်း၌ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာ ရဲဘော်ဟောင်းလမ်း ဂျိုးဖြူပိုက်လုံးဘေးရှိ စိုက်ခင်းတဲအတွင်း အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သတင်းအရ ဩဂုတ် ၃ ရက် ညနေ ၅ နာရီက သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ အဆိုပါတဲတွင် နေထိုင်သော ဦးမောင်မောင် (၆၈ နှစ်) ဖြစ်ကြောင်း သိရသည်။

အဆိုပါ သေဆုံးမှုနှင့်ပတ်သက်၍ ထောက်ကြန့်နယ်မြေရဲစခန်းက သေမှုသေခင်းရေးဖွင့်၍ စုံစမ်းစစ်ဆေးခဲ့ပြီး ဆေးစစ်ချက်အရ လည်ကုပ်တွင် ရရှိသော ထိခိုက်ဒဏ်ကြောင့် အမှတ်(၅) လည်ပင်းရိုးကျိုးပြီး သေဆုံးရခြင်းဖြစ်ကြောင်းနှင့် ဩဂုတ် ၃ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ခြံအလုပ်သမားဖြစ်သူ စိုးမင်းဦးက သေဆုံးသူ၏တဲသို့ ရောက်ရှိခဲ့ပြီး သေဆုံးသူ ပိုင်ဆိုင်သော ဖီလင်း အမျိုးအစား ဆိုင်ကယ်ကိုစီး၍ ယူဆောင်သွားပြီး တိမ်းရှောင်နေကြောင်း မသင်္ကာဖွယ် စုံစမ်းသိရှိခဲ့ရကြောင်း သိရသည်။

ဦးမောင်မောင် သေဆုံးမှုနှင့် ပတ်သက်၍ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နယ်မြေရဲစခန်းတွင် သေမှုသေခင်းဖွင့်လှစ်၍ စစ်ဆေးလျက်ရှိရာမှ ပြစ်မှုပုဒ်မဖြင့် ပြောင်းလဲအမှုဖွင့်လှစ်ပြီး မသင်္ကာသူ စိုးမင်းဦးကို ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၄ ရက် ညနေ ၄ နာရီ ၃၅ မိနစ်တွင် အမှုမှ ထွက်ပြေးတိမ်းရှောင်နေသူ စိုးမင်းဦး(၁၈ နှစ်) ဘိုကလေးမြို့နယ် ဧရာဝတီတိုင်းဒေသကြီးနေသူကို လှိုင်သာယာမြို့နယ် ဒဂုံ-ဧရာအဝေးပြေးကားဝင်း အတွင်း၌ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ၎င်းကို စစ်ဆေးရာ အခင်းဖြစ်နေ့က ထောက်ကြန့်လမ်းဆုံ၌ အရက်သေစာသောက်စားခဲ့ပြီး စိုက်ခင်းထဲသို့ပြန်ရောက်စဉ် တဲပိုင်ရှင် ဦးမောင်မောင်နှင့် စကားများခဲ့ရာမှ အနီးရှိသံတုတ်ဖြင့် ဦးမောင်မောင်ကို သုံးချက်ခန့်ရိုက်ခဲ့ကြောင်း၊ တဲပေါ်တွင် ဦးမောင်မောင် လဲကျသွား၍ စောင်ခြုံပေးထားခဲ့ပြီး အနီးရှိအခြားတဲမှ ဦးမောင်မောင်၏ မြေးဖြစ်သူ မိန်းကလေးငယ်နှစ်ဦးကို ကြိုးတုပ်ချည်နှောင်ခဲ့ကာ တစ်ဦးထံမှ MC ရွှေဆွဲကြိုးတစ်ကုံးကို ဆွဲဖြတ်လုယူခဲ့ကြောင်း၊ တဲနောက်ခန်းရှိ သေတ္တာအတွင်းမှ ငွေကျပ် ခုနစ်သိန်းကိုလည်း ယူဆောင်ခဲ့ပြီး ဦးမောင်မောင် ပိုင်ဆိုင်သော ဆိုင်ကယ်ကို ယူဆောင်ကာ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်သို့ ထွက်ပြေးတိမ်းရှောင်နေခဲ့ခြင်း ဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် အမှုမှ သက်သေခံပစ္စည်းများပြန်လည် သိမ်းဆည်းနိုင်ရေးဆောင်ရွက်လျက်ရှိပြီး ပြစ်မှုကျူးလွန်သူ စိုးမင်းဦးကို ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်လှမောင်**



ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ပညာဒါနပေးလှူကြမည် ကုသလမှုကောင်းကျိုးပြုစို့

**စန်းနီလာဝင်း**

လူနေမှုဘဝတစ်လျှောက်လုံး၌ ပညာကို မဖြစ်မနေဆည်းပူးသင်ကြားရေးနှင့် စပ်လျဉ်း၍ " အဋ္ဌာရသ၊ သိပ္ပအခြား၊ အတတ်များကို၊ မှတ်သားသတိ၊ ပညာရှိတို့၊ တတ်သိအပ်စွ၊ ထိုသိပ္ပကို၊ နှံ့မျှလုံခြုံ၊ မတတ်တုံလည်း တစ်စုံတစ်ခုတတ်အောင်ပြု၍ လူမှုကုံအောင် စီးပွားဆောင်လော့" ဟူ၍ ကန်တော်မင်းကျောင်းဆရာတော်က လောကသာရပျို့၌ လမ်းညွှန်စပ်ဆိုပြထားသည်ကို တွေ့ရသည်။

ယနေ့ကမ္ဘာပေါ်၌ ချမ်းသာကြွယ်ဝဆုံးသူဌေးကြီးလည်းဖြစ် ကွန်ပျူတာပညာရှင်ကြီးလည်းဖြစ်သည့် "ဘီလ်ဂိတ်စ်" (Bill Gates ) ကိုယ်တိုင် ခံယူကျင့်သုံးလျက်ရှိသော ဘဝဆိုင်ရာ ခံယူချက်စကားတစ်ခုမှာ အလွန်အားရအားကျ ဂုဏ်ယူနှစ်သက်ဖွယ်ဖြစ်ပါ၏။ "ကျွန်တော်က ယနေ့ကမ္ဘာပေါ်မှာတော့ အချမ်းသာဆုံးသူဌေးကြီးပေါ့။ ဒါပေမယ့် ကျွန်တော်အမေရိကန်နိုင်ငံသားဖြစ်ပေမယ့် အမေရိကန်သမ္မတအဖြစ် ဘယ်တော့မှ ဝင်ရောက်အရွေးမခံလိုပါဘူး၊ ကျွန်တော့်ကို သမ္မတအရွေးခံဖို့ တိုက်တွန်းနေကြပေမယ့် ကျွန်တော်က လုံးဝစိတ်မဝင်စားတာ၊ ဘဝမှာ ကျွန်တော်အသက်ရှင်နေတုန်း အလုပ်ချင်ဆုံးအလုပ်ကတော့ ကမ္ဘာ့နိုင်ငံအသီးသီးမှာ ရှိနေကြတဲ့ မရှိဆင်းရဲသား နွမ်းပါးသူများရဲ့ ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်တွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းလှူဒါန်းရတာကို အပျော်ပိုက်ဆုံး၊ ပီတိအဖြစ်ဆုံးပါ။ ကျွန်တော်သေသွားရင်လည်း ကျွန်တော့် သားသမီးတွေကို ကျွန်တော့်ရဲ့ အမွေအနှစ်အားလုံးကို မပေးဘူးလို့ ယခုကတည်းက သူတို့ကို ပြောထားပြီးသားပါ။ ဘာကြောင့်လဲဆိုတော့ မိဘအမွေအနှစ်ကိုပဲ မျှော်ကိုးအားကိုးအားထားနေတဲ့ သားသမီးဟာ လောကမှာ ဘယ်သောအခါမှ ကြီးပွားတိုးတက်နိုင်မယ် မထင်ဘူး၊ ကိုယ့်အားကိုယ်ကိုးစိတ်လည်းပျောက်နိုင်ပြီး အချောင်သမား ဖြစ်သွားနိုင်ပါတယ်။ သူတို့ကို ကျွန်တော်က ပစ္စည်းဥစ္စာအမွေထက် ပညာအမွေကိုပဲ ဦးစားပေးပေးပစ်ခဲ့မှာ ဖြစ်ပါတယ်" ဟူသော သူ၏ဘဝ ခံယူကျင့်သုံးမှုဆိုင်ရာ စကားမှာ ကျွန်တော်တို့ နိုင်ငံက သူဌေးကြီးများအတွက် စံနမူနာယူဖွယ် ဖြစ်မည်ထင်ပါ၏။

မြတ်ဗုဒ္ဓ၏ အဘိဓမ္မာဒေသနာတော်တွင် " ပညာ" နှင့် ပတ်သက်၍ (၁) ဇာတိပညာ (၂) ပဝတ္တိပညာ ဟူ၍ နှစ်မျိုးရှိကြောင်း ဟောပြောညွှန်ပြထားခဲ့တော်မူသည်။ ဇာတိပညာဆိုသည်မှာ ပဋိသန္ဓေစိတ်နှင့်အတူပါရှိလာသော "ဝမ်းတွင်းပါပညာ" ပင်ဖြစ်သည်။ ထိုဇာတိပညာ (ဝါ) ဝမ်းတွင်းပါပညာပါရှိသူသည် ကလေးငယ်ဘဝကပင် သင်ရလွယ်၊ နားလည်တတ်သိလွယ်၏၊ ဇာတိပညာ (ဝါ) ပဋိသန္ဓေပညာ မပါခဲ့ဘဲ ပဝတ္တိအခါ (မွေးဖွားလာခါမှ) မိခင် ဖခင်တို့က သင်ပြခြင်း၊ အရွယ်ရောက်လျှင် ဆရာဆရာမတို့က သင်ကြားပြသခြင်း၊ ပညာရှိ ပညာရှင်များထံ တပည့်ခံကာ ဆည်းပူးလေ့လာသင်ကြားခြင်းတို့ကြောင့် တတ်သိနားလည်လာသောပညာသည် ပဝတ္တိပညာဖြစ်၏။ ထို့ကြောင့် ဇာတိပညာမပါ ရှိသူသည် ပဝတ္တိပညာဖြစ်အောင် ဆည်းပူးလေ့လာသင်ကြရမည်ဖြစ်သလို ဇာတိပညာလည်း ပါရှိလာသလို ပဝတ္တိပညာလည်း ဆည်းပူးသင်ကြားမည်ဆိုပါက ထိပ်တန်းရောက်မည်ဖြစ်ကြောင်း အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင်က ပညာကို မဖြစ်မနေ လေ့လာဆည်းပူးရန် အဘိဓမ္မာဒေသနာတော်၌ ဟောပြောညွှန်ပြတော်မူခဲ့ပါသည်။

ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်( UNDP) ၏ အစီရင်ခံစာ၌ အာရှတိုက်၏ နိုင်ငံများဖြစ်ကြသည့် (၁) မြန်မာ၊ (၂) ဘင်္ဂလားဒေ့ရှ်၊ (၃) ပါကစ္စတန်၊ (၄) အိန္ဒိယ၊ (၅) သီရိလင်္ကာ၊ (၆) နီပေါ၊ (၇) ကမ္ဘောဒီးယား၊ (၈) လာအို၊ (၉) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ (၁၀) ဗီယက်နမ်၊ (၁၁) စင်ကာပူ၊ (၁၂) ထိုင်း၊ (၁၃) မလေးရှား၊ (၁၄) ဖိလစ်ပိုင်၊ (၁၅) အင်ဒိုနီးရှား၊ (၁၆) ဘရူနိုင်းနိုင်ငံအပါအဝင် အာရှနိုင်ငံ(၁၆)နိုင်ငံရှိသည့်အနက် မြန်မာနိုင်ငံ၏ မူလတန်း၊ အလယ်တန်း၊ အထက်တန်း စုစုပေါင်း ကျောင်းထားနိုင်မှုအချိုးအစား (Combined first, second, and third level school enrolment ratio) သည် အာရှနိုင်ငံများအဆင့်(၉) နေရာ၌ လည်းကောင်း၊ သက်ကြီးစာတတ်မြောက်မှုအချိုးအစား (adult literacy ratio) သည် အာရှနိုင်ငံများ၌ အဆင့်(၈)နေရာ၌လည်းကောင်း၊ မျှော်မှန်းသက်တမ်း (Expectancy of life at birth) သည် အာရှနိုင်ငံများ၌ အဆင့်(၁၂)နေရာ၌ လည်းကောင်း၊ တစ်ဦးချင်းဝင်ငွေ (ဒေါ်လာ ငွေ၏ဝယ်နိုင်စွမ်းအားဖြင့် ဖော်ပြသော တစ်ဦးချင်းဝင်ငွေ Purchasing Power Parity in terms of US dollar) သည် အာရှနိုင်ငံများ၌ အဆင့်(၁၅) နေရာ၌ လည်းကောင်း အသီးသီးရှိနေသည်ကို လေ့လာတွေ့ရှိရသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှ ရည်မှန်းချက်ထားရှိသော ထောင်စုနှစ်ရည်မှန်းချက်များတွင် လာမည့် ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံအားလုံး၌ မူလတန်းပညာသင်အရွယ် ယောကျ်ားလေးရော မိန်းကလေးပါမကျန် အားလုံးမူလတန်းပညာတတ်မြောက်ပြီးဖြစ်ရေး (Ensuring universal Primary education for boys and girls) ဟူသော ရည်မှန်းချက်ကို မဖြစ်မနေ အကောင်အထည်ဖော်သွားကြရန်ဟူသော လုပ်ငန်းစဉ်တစ်ရပ် ဖော်ပြပါရှိသည်။

ယနေ့ ကမ္ဘာတစ်ဝန်းတွင် ကျောင်းမနေနိုင်ကြသည့် ကလေးဦးရေ ၁၁၃ သန်းကျော်ရှိနေပြီး ထိုကျောင်းမနေနိုင်ကြသည့် ကလေးဦးရေတွင် ယောကျ်ားလေး ၄၁ ရာခိုင်နှုန်းနှင့် မိန်းကလေး ၅၉ ရာခိုင်နှုန်းရှိနေသည်ဟု သိရသည်။ ပညာလည်း မသင်ကြားနိုင်၊ အရွယ်လည်းမရောက်ဘဲ လုပ်ငန်းခွင်အသီးသီးတွင် အလုပ်လုပ်ကိုင်နေကြရရှာသည့် အရေအတွက်ပမာဏကို ဆက်လက်ဖော်ပြလိုပါသည်။

ကမ္ဘာတစ်ဝန်းတွင် အသက်ငါးနှစ်မှ ၁၄ နှစ်အတွင်း အလုပ်လုပ်ကိုင်နေကြရရှာသူ ဦးရေမှာ သန်း ၂၅၀ ကျော်ရှိနေသည်။ ထိုသန်း ၂၅၀ ထဲတွင် အာရှတိုက်မှ အရွယ်မရောက်သေးသည့် ကလေးအလုပ်သမားဦးရေ ခြောက်ရာခိုင်နှုန်း၊ အာဖရိကတိုက်မှ အရွယ်မရောက်သေးသည့် ကလေးအလုပ်သမား ၃၂ ရာခိုင်နှုန်း၊ လက်တင်အမေရိကတိုက်မှ အရွယ်မရောက်သေးသည့် ကလေးအလုပ်သမားဦးရေ ခုနစ်ရာခိုင်နှုန်း အသီးသီးရှိနေသည်ကို တွေ့ရသည်။

အရွယ်မရောက်သေးသည့် ကလေးအလုပ်သမားဦးရေ၏ ခုနစ်ရာခိုင်နှုန်းသည်လူ့လုပ်အားများစွာ အသုံးပြုကြရသည့် စိုက်ပျိုးရေး လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေကြရပြီး လုပ်ငန်းခွင်ဘေးအန္တရာယ် ကြီးမားလှသောလုပ်ငန်းများတွင် အရွယ်မရောက်သေးသည့် ကလေးဦးရေ ၃၀ ရာခိုင်နှုန်းအသီးသီးရှိနေကြသည်ကို တွေ့ရှိရသည်။အရွယ်မရောက်ကြသေးသည့် ကလေးအလုပ်သမားဦးရေ သန်း၆၀ ကျော်မှာ အသက် ၅ နှစ်မှ ၁၁ နှစ်အရွယ် လူမမယ်ကလေးငယ်များဖြစ်နေကြသည်ကို ရင်နင့်ဖွယ် တွေ့ရှိရသည်။ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများ၌ပင်လျှင် အရွယ်မရောက်ကြသေးသည့် ကလေးအလုပ်သမားများ ဖြစ်နေကြသည်ကို ကုလသမဂ္ဂအစီရင်ခံစာ၌ ဖော်ပြထားသည်ကို တွေ့ရပြန်သည်။ သာဓကအားဖြင့် အမေရိကန်ပြည်ထောင်စု၌ စိုက်ပျိုးရေးလုပ်ငန်းခွင်များနှင့် အလုပ်ကြမ်းလုပ်ကိုင်ကြရသည့် လုပ်ငန်းခွင်များတွင် အရွယ်မရောက်ကြသေးသည့် ကလေးအလုပ်သမားများစွာရှိနေသည်ဟု သိရသည်။

ကမ္ဘာ့ကုလသမဂ္ဂ ထောင်စုနှစ်အစီရင်ခံစာ (Millennium Report) အရ လွန်ခဲ့သည့် ဆယ်စုနှစ်များက တစ်ကမ္ဘာလုံး အတိုင်းအတာအရ အခြေခံပညာမူလတန်းကျောင်းများတွင် ကျောင်းတက်သူဦးရေ ၅၉၉ သန်းကျော် ရှိခဲ့ရာမှ လွန်ခဲ့သော ၂၀၀၀ ပြည့်နှစ်မှာပင် ကျောင်းတက်သူဦးရေ သန်းပေါင်း ၇၀၀ ကျော်ရှိလာကြောင်း၊ လွန်ခဲ့သည့် ၁၉၉၀ ပြည့်နှစ်မှစ၍ မိန်းကလေးဦးရေ ၄၄ သန်းကျော်မှာ မူလတန်းပညာသင်ကျောင်းများသို့ ရောက်ရှိလာခဲ့ကြောင်း လေ့လာသိရှိရသည်။

ကုလသမဂ္ဂအဖွဲ့ကြီးက " အားလုံးအတွက်ပညာရေး" (Education for All) ဟူသောဆောင်ပုဒ်ကိုချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ပညာရေးအတွက် အပေါင်းလက္ခဏာကောင်းများ ပေါ်ပေါက်လာခဲ့သည်။ အားလုံးအတွက် ပညာရေးဆိုသည်မှာ ကလေး၊ လူငယ်နှင့် လူကြီးအားလုံးတို့အတွက် လိုအပ်သောပညာရေးဖြစ်ပြီး ကလေးတိုင်း မူလတန်းပညာကို မဖြစ်မနေသင်ကြားရေး သက်ကြီးစာမတတ်သူ လျော့နည်းပပျောက်ရေးတို့ပင်ဖြစ်သည်။

ယနေ့လက်ရှိ ကမ္ဘာ့ပညာရေးနှစ်စဉ်အသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ၈၀ ဘီလီယံရှိနေသည်ဟု သိရသည်။ ကမ္ဘာ့ဒေသအလိုက် ပညာရေးအသုံးစရိတ် ထပ်မံလိုအပ်မှု ငွေပမာဏမှာ (၁) ဥရောပဒေသနှင့် အမေရိကန်ဒေသအတွက် အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံကျော်၊ (၂) လက်တင်အမေရိကဒေသနှင့် ကရစ်ဘီယံဒေသအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ၊ (၃) အရှေ့အာရှနှင့် ပစိဖိတ်ဒေသအတွက် အမေရိကန်ဒေါ်လာ ၀ ဒသမ ၇ ဘီလီယံ၊ (၄) အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကဒေသများအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ၊ (၅) တောင်အာရှဒေသအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံနှင့် (၆) ဆာဟာရနှင့် အာဖရိကဒေသများအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံ အသီးသီး လိုအပ်လျက်ရှိနေသည်ကို တွေ့ရပြန်ပါသည်။

ပညာမြင့်၍ လူမျိုးတင့်စေရန် နိုင်ငံတော်က ယနေ့ပညာရေးကို အခြေခံအဆင့်မှစ၍ မြှင့်တင်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် "အခြေခံအရင်းအမြစ်ပေါ် အခြေပြုသည့် စီးပွားရေးအဆင့်" (Factor Driven Economics)မှ တစ်ဆင့် " စွမ်းဆောင်ရည်အခြေပြုသည့် စီးပွားရေးအဆင့်" (Efficiency-Driven Economics) သို့ ကူးပြောင်းလျက်ရှိပြီး ထိုမှတစ်ဆင့် "တီထွင်ကြံဆထုတ်လုပ်မှုကို အခြေပြုသည့် စီးပွားရေးအဆင့်" (Inovation-Driven Economics) သို့ရောက်ရှိလာ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ ထိုသို့ဆောင်ရွက်ရာတွင် စွမ်းဆောင်ရည်ရှိသော " လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး" (Human resources Development) အတွက် အသိပညာရှင် အတတ်ပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များ လေ့ကျင့်မွေးထုတ်သွားရန် အဆင့်မီပညာရေးက အဓိကကျလျက်ရှိပေသည်။

ဤအချိန်မျိုးတွင် သဒ္ဓါတရားလည်းထက်သန်၊ ငွေကြေးလည်း တတ်စွမ်းနိုင်ကြသည့်ပုဂ္ဂိုလ်များက ပညာရေးဖောင်ဒေးရှင်းများ ထူထောင်ပြီး စာသင်ကျောင်းတိုးချဲ့ဆောင်များ၊ စာအုပ်စာတမ်းများ ကျောင်းသုံးပရိဘောဂပစ္စည်းများနှင့် စာရေးကိရိယာများ လှူဒါန်းခြင်း၊ ပညာထူးချွန်သူများကို ဆုချီးမြှင့်ခြင်း၊ ပညာသင်ထောက်ပံ့ကြေးများပေးလှူခြင်း၊ ကျောင်းများ၏ ဥပဓိရုပ် ကောင်းမွန်အောင် ပြုပြင်မွမ်းမံခြင်း စသည်တို့ကို တက်တက်ကြွကြွ ပံ့ပိုးဆောင်ရွက်နေကြသည်မှာ အလွန်မွန်မြတ်လှ၍ ဂုဏ်ယူအားကျအားရဖွယ်ရာ အလှူဒါနတစ်မျိုးပင်ဖြစ်သည်။ ကျွန်တော် လက်လှမ်းမီသလောက် လက်တွေ့လေ့လာကြည့်ခွင့် ရရှိသည့် ပညာရေးဖောင်ဒေးရှင်းများအနက် ဗိုလ်မှူးကြီးတင်လှိုင် (ပြည်ထဲရေးဝန်ကြီး-ငြိမ်း) နှင့် ဒေါ်ခင်လှလှ ဖောင်ဒေးရှင်း၊ ယခင်တော်လှန်ရေး ကောင်စီဝင်ကုန်သွယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ်တင်ဖေ၏ ဇနီးဖြစ်သူ ကျောင်းအုပ်ဆရာမကြီးနှင့် စာရေးဆရာမကြီး ဒေါ်သိန်းဆိုင် (ကလောင်အမည်-မမြတ်လေး)၏ ပညာရေးဖောင်ဒေးရှင်းတို့မှာ ပညာဒါနပမာဏ ကြီးမားစွာဖြင့် အောင်မြင်လျက်ရှိသည်ကို အားရဝမ်းမြောက်ဖွယ်မြင်တွေ့ခဲ့ရသည်။

လူဟူ၍ ဖြစ်လာပြီး ပညာမသင်ကြားရလျှင် လူဖြစ်ရှုံးကြရမည်ဖြစ်၍ ပညာသင်ကြားလိုသော်လည်း အခက်အခဲရှိနေကြသူများအတွက်လည်းကောင်း၊ ပညာရေးလမ်းခရီးကို ထူးချွန်စွာ လျှောက်လှမ်းနိုင်ကြသူများအား ဂုဏ်ပြုချီးမြှင့်သွားနိုင်ရန်အတွက် လည်းကောင်း၊ ကျောင်းအဆောက်အအုံများ၊ ကျောင်းစာကြည့်တိုက်များ၊ စာအုပ်စာတမ်း စာရေးကိရိယာများ၊ အခက်အခဲမရှိရန်အတွက် လည်းကောင်း၊ ပညာမြင့်၍ လူမျိုးတင့်စေရန် ရည်သန်သော အမျိုးသားပညာရေးမြှင့်တင်လိုမှု စိတ်ဓာတ်ကောင်းတို့ဖြင့် ပညာဒါနပြုကြသူများ တိုးပွားသည်ထက် တိုးပွားလာကြစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

☐ **ငွေကြေးလည်း တတ်စွမ်းနိုင်ကြသည့် ပုဂ္ဂိုလ်များက ပညာရေးဖောင်ဒေးရှင်းများ ထူထောင်ပြီး စာသင်ကျောင်းတိုးချဲ့ဆောင်များ၊ စာအုပ်စာတမ်းများ ကျောင်းသုံးပရိဘောဂပစ္စည်းများနှင့် စာရေးကိရိယာများ လှူဒါန်းခြင်း၊ ပညာထူးချွန်သူများကို ဆုချီးမြှင့်ခြင်း၊ ပညာသင်ထောက်ပံ့ကြေးများ ပေးလှူခြင်း၊ ကျောင်းများ၏ ဥပဓိရုပ်ကောင်းမွန်အောင် ပြုပြင်မွမ်းမံခြင်း စသည်တို့ကို တက်တက်ကြွကြွ ပံ့ပိုးဆောင်ရွက်**

# ကမ္ဘာ့အရိုးပွရောဂါအထိမ်းအမှတ်နေ့ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၁**

အောက်တိုဘာ ၂၀ ရက်တွင် ကျရောက်သည့် ကမ္ဘာ့အရိုးပွရောဂါအထိမ်းအမှတ်နေ့ အခမ်းအနားကို ကျန်းမာရေးဦးစီးဌာန မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ အရိုးရောဂါအထူးကုဆေးရုံကြီး၌ အောက်တိုဘာ ၂၀ ရက် နံနက် ၈ နာရီက ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာခိုင်စိုးထွန်းနှင့် အရိုးရောဂါပညာဌာန ပါမောက္ခ ဌာနမှူး ဒေါက်တာမောင်မောင်ထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။




အခမ်းအနားတွင် ဒေါက်တာဇော်မင်းဟန် (တွဲဖက်ပါမောက္ခ)က အရိုးပါး၊ အရိုးပွရောဂါသည် ကာကွယ်၍ရသောရောဂါဖြစ်ပြီး သွေးဆုံးသော အမျိုးသမီးများ အများဆုံးဖြစ်တတ်သလို အသက်အရွယ်ရလာသည်နှင့်အမျှ အမျိုးသမီးများရော အမျိုးသားများပါ အရိုးများ ပိုပါး၊ ပိုပွလာပြီး သာမန်ထိခိုက်မှုကြောင့် အရိုးကျိုးခြင်းတို့ကို တွေ့လာရကြောင်း၊ အရိုးကျိုးမှ ကုသတာထက် အရိုးမကျိုးခင် ကာကွယ်ခြင်းက အကောင်းဆုံးဖြစ်ကြောင်း၊ (အခမဲ့) အရိုးပွရောဂါစစ်ဆေးခြင်းကို နံနက် ၈ နာရီမှ ၁၂ နာရီအထိ ဆောင်ရွက်ပေးရာ လာရောက်စစ်ဆေးကုသမှုခံယူကြကြောင်း သိရသည်။

**တင်မောင် (မန္တလေး)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းလမ်းညွှန်ကော်မတီအစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် (၈)ရပ်ကွက် လှည်းတန်းစင်တာရှိ ဥရောပသမဂ္ဂအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၇ ရက်က ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစဉ်နှင့် လူစုလူဝေးစီမံခန့်ခွဲမှုနယ်ပယ်တို့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းလမ်းညွှန်ကော်မတီ အစည်းအဝေး အမှတ်စဉ်(၄)ကို ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်း၊ EU သံအမတ်ကြီး Mr.Roland Kobia၊ ရဲဦးစီးအရာရှိချုပ်၊ ရဲလေ့ကျင့်ရေးအရာရှိချုပ်၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ ဌာနမှူး၊ စီမံကိန်းဌာန၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ EU မှ တာဝန်ခံများနှင့် IMG ရုံးမှတာဝန်ခံများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# သဘာဝဘေးဒဏ်ကြောင့် သီးနှံပျက်စီးမှုဖြစ်ပေါ်ပါက ပေးဆပ်ကာလကို ဘဏ်ကရွှေ့ဆိုင်းပေးနိုင်

**နေပြည်တော် အောက်တိုဘာ ၂၁**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း၏ **"မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို နွေစပါးစိုက်ပျိုးစရိတ် ချေးငွေပေးသွင်းပြီးမှ ထုတ်ချေးမည်ဆိုသော စည်းကမ်းချက်အား သဘာဝဘေးဒဏ်နှင့် ပိုးမွှားများကြောင့် သီးနှံများ ပျက်စီးဆုံးရှုံး၍ ပြန်လည်ပေးဆပ်ရန် အခက်အခဲဖြစ်နေသော လယ်သမားများအတွက် ဖြေလျှော့ပေးရန် ကိစ္စ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် တောင်သူများသို့ ချေးငွေများထုတ်ချေးပြီး သတ်မှတ်ကာလအတွင်း မြန်မာ့စီးပွားရေးဘဏ်သို့ အတိုးနှင့်တကွ ပြန်လည်ပေးဆပ်နေရခြင်းဖြစ်သဖြင့် ပြန်လည်ပေးဆပ်ရန် အခက်အခဲဖြစ်သည့် တောင်သူများအတွက် ဖြေလျှော့ပေးရန် ကိစ္စသည် ဘဏ်စည်းမျဉ်းစည်းကမ်းများအရ ဆောင်ရွက်ပေး၍ မရနိုင်ပါကြောင်း။



ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြေကြားစဉ်။ (သတင်းစဉ်)

သို့သော် သဘာဝဘေးဒဏ်ကြောင့် သီးနှံပျက်စီးမှုဖြစ်ပြီး ပျက်စီးချိန်တွင် အချိန်နှင့်တစ်ပြေးညီ တင်ပြပါက မြို့နယ်ဘဏ်ခွဲက ပူးပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေး၍ အမှန်ပျက်စီးသည်ဆိုပါလျှင် ဒေသအာဏာပိုင်အဆင့်ဆင့်၏ ထောက်ခံချက်ဖြင့် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့်အညီ စိစစ်၍ ပေးဆပ်ကာလကို ဘဏ်ကရွှေ့ဆိုင်းပေးနိုင်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းမှုများအပေါ် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ရှင်းလင်းဖြေကြားသည်။

မြောက်ဥက္ကလာပ မဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း၏ **"သင့်လျော်သည့်လျော်ကြေး၊ နစ်နာကြေးပေးခြင်းများကို ကာယကံရှင်များနှင့် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်ပေးသင့်ကြောင်း ဆိုသည်နှင့်အညီ ဗိုလ်တထောင်မြို့နယ် COD ဝင်း မြေကွက်များ၏ မူလမြေပိုင်ဆိုင်မှု အထောက်အထား မှန်ကန်သူ ပြည်သူများနှင့် မည်သည့် အချိန်ကာလတွင် တွေ့ဆုံညှိနှိုင်းပေးမည်ကိုသိရှိလိုခြင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ ဗိုလ်တထောင်မြို့နယ် COD ဝင်း မြေကွက်များ၏ မူလမြေပိုင်ဆိုင်မှုအထောက်အထား မှန်ကန်သူ ပြည်သူများကို အဖွဲ့ဖြင့် ပြန်လည်နေရာချထားရေးအတွက် အခန်းလုံလောက်မှုရှိစေရန်နှင့် တည်ဆောက်ချိန်ကာလ မြန်မြန်ဆန်ဆန်ပြီးစီးနိုင်ရေး ရှေးရှုပြီး အဆောက်အအုံဒီဇိုင်း၊ အုတ်မြစ်ဒီဇိုင်းများအသင့်ရေးဆွဲထားပြီးဖြစ်သည့် ၂၄ ခန်းတွဲ ၁၄ ထပ် အဆောက်အအုံ နှစ်လုံး ဆောက်လုပ် သွားမည်ဖြစ်ပါကြောင်း။

အဆောက်အအုံနှစ်လုံး ဆောက်လုပ်ရန်အတွက် မြေအားခံနိုင်ဝန်စမ်းသပ်ချက် လုပ်ငန်းဆောင်ရွက်ထားပြီး ဖြစ်သည့်အတွက် ၂၀၁၄ ခုနှစ် အောက်တိုဘာလကုန်တွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။



ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း မေးမြန်းစဉ်။ (သတင်းစဉ်)

ဆက်လက်၍ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမင်းဇော်လင်း၏ **"ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးအား အဆင့်မြှင့်တင်တိုးချဲ့ရန် ပြည်ပနိုင်ငံများမှ အကူအညီပေးရန် ကမ်းလှမ်းလာခြင်း ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအဆင့်မြှင့်တင်ရေးအတွက် JICA, ကိုရီးယား MOLIT- Koica, ADB, US Aid စသည့်အဖွဲ့အစည်းများနှင့် ကျွမ်းကျင်မှုနည်းပညာ၊ ငွေကြေးထောက်ပံ့မှု အကူအညီများ ရရှိရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေမှုရှိသည့် ရွေးကောက်ပွဲစနစ် ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၏ လေ့လာသုံးသပ်ချက် အစီရင်ခံစာကို ကော်မရှင်ဥက္ကဋ္ဌက ဖတ်ကြားရာတွင် ယနေ့နိုင်ငံတကာတွင် တရားဝင်ကျင့်သုံးလျက်ရှိသည့် ရွေးကောက်ပွဲစနစ် နည်းလမ်းများအရ ၁၂ ခု ရှိပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးက ကျင့်သုံးလျက်ရှိသော ရွေးကောက်ပွဲစနစ်များကို လေ့လာဖော်ထုတ်ရာတွင် အလွှာစုံ၊ ဒေသစုံ၊ ပါတီစုံ၊ တွေးခေါ် မြော်မြင်မှု သဘောတရားစုံနှင့် ပြည်သူတို့၏ ဆန္ဒတို့ကို ကိုယ်စားပြုလျက် အဓိပ္ပာယ်ပြည့်ဝပြီး မဲပေးရလွယ်ကူသော ရွေးကောက်ပွဲမျိုးကို ဖော်ဆောင်လျက် တည်ငြိမ်ပြီး စွမ်းရည်ရှိသော အစိုးရမျိုး ဖွဲ့စည်းနိုင်သည့် ရွေးကောက်ပွဲစနစ်မျိုးဖြစ်ရန် လိုအပ်သည်ကို တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံ၏ ပကတိနိုင်ငံရေး အခြေအနေနှင့် ဆီလျော်မှုရှိသော ရွေးကောက်ပွဲစနစ်များတွင် အများကိုယ်စားပြုစနစ်များအနက် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP)၊ စာရင်းအလိုက်အချိုးကျကိုယ်စားပြုစနစ်(List PR)နှင့် စင်ပြိုင်စနစ်(Parallel)တို့သည် သင့်လျော်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း။

နိုင်ငံခြားသား ရွေးကောက်ပွဲ လေ့လာသူ ပညာရှင်များ၏ ရွေးကောက်ပွဲစနစ်များအပေါ် ရှင်းလင်းဟောပြောချက်များအရ ယနေ့ကမ္ဘာပေါ်ရှိ ဒီမိုကရေစီနိုင်ငံများတွင် လက်တွေ့ကျင့်သုံးလျက်ရှိသော ရွေးကောက်ပွဲစနစ်များသည် ပြီးပြည့်စုံသော စနစ်ဟူ၍ မရှိပါကြောင်း၊ မိမိနိုင်ငံ၏ အခြေအနေနှင့် ဆီလျော်ပြီး အများပြည်သူ လိုလားလွယ်ကူကာ ကိုယ်စားပြုမှု ညီညွတ်မျှတသော တည်ငြိမ်အေးချမ်းမှု ရှေးရှုသည့် ရွေးကောက်ပွဲစနစ်မျိုး ဖြစ်သင့်သည်ဟု သုံးသပ်ရရှိပါကြောင်း။

ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲစနစ်သစ် ပုံစံတစ်ခုဖြစ်ပေါ်လာရေးအတွက် ယနေ့ ဖြစ်ပေါ်နေသော နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအပါအဝင် အခြေအနေအရပ်ရပ်ကို ထည့်သွင်းစဉ်းစားသုံးသပ်ပြီး နည်းလမ်း ရှစ်ခုကို အကြံပြုတင်ပြခဲ့ပါကြောင်း၊ အဆိုပါနည်းလမ်းရှစ်ခုအနက် နည်းလမ်း(၃) ဖြစ်သော မဲအများဆုံးရသူ အနိုင်ယူစနစ်နှင့် ပါတီလိုက် အချိုးကျကိုယ်စားပြုစနစ်တို့ကို ပေါင်းစပ်ထားသော ရွေးကောက်ပွဲ စနစ်-၁နှင့် နည်းလမ်း(၄) ဖြစ်သော မဲအများဆုံးရယူ အနိုင်ယူစနစ်နှင့် ပါတီအလိုက် အချိုးကျ ကိုယ်စားပြု စနစ်တို့ကို ပေါင်းစပ်ထားသော ရွေးကောက်ပွဲစနစ်-၂တို့သည် မဲအများဆုံးရသူ အနိုင်ယူစနစ်ကို အခြေခံထား၍ ၅၀ ရာခိုင်နှုန်းအပေါင်းတစ်မဲ မရရှိသော ကိုယ်စားလှယ်များကို အခွင့်အရေးပေးသောစနစ်ဖြစ်၍ လိုက်လျောညီထွေမှုရှိကြောင်းနှင့် လွှတ်တော်က သုံးသပ်ဆောင်ရွက်နိုင်ပါကြောင်းဖြင့် ဖတ်ကြားရှင်းလင်းသည်။

**(သတင်းစဉ်)**

---

အမျိုးသားလွှတ်တော်အစည်းအဝေး

# တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၁**

အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ယနေ့နံနက် (၁၀) နာရီတွင် ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၏ **"ပြည်သူတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လုံခြုံစိတ်ချမှုရှိစေရေးအတွက် ပုဂ္ဂလိကဆေးရုံများတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာဝန်၊ သူနာပြု၊ ဓာတ်ခွဲ၊ ဓာတ်မှန်ကျွမ်းကျင် အစရှိသည့် ကျန်းမာရေးဝန်ထမ်းများကို ကျန်းမာရေးဝန်ကြီးဌာနက အရည်အသွေးမြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘွဲ့လွန်သင်တန်းများ တက်ရောက်လိုသည့် ဝန်ထမ်းမဟုတ်သော ဆရာဝန်များနှင့် သူနာပြု/သားဖွား သင်တန်းတက်ရောက်လိုသည့် ပုဂ္ဂလိက သင်တန်းသား၊ သင်တန်းသူများကို လက်ရှိဖြစ်ထွန်းတိုးတက်လာသော အခြေအနေအရလည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍလိုအပ်ချက်များအရလည်းကောင်း လေ့လာဆန်းစစ်၍ညှိနှိုင်းဆွေးနွေးပြီး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်)နှင့် (မန္တလေး) မြို့များတွင် တစ်နှစ်လျှင် သင်တန်းသား ၅၀သင်ကြားပို့ချပေးလျက်ရှိပြီး ပြင်ပမှသင်တန်းများအား တိုင်းဒေသကြီး/ပြည်နယ် ကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် သင်တန်းသား စိစစ်ရွေးချယ်မည်ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် မတ်လတွင် သင်တန်းစတင်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါသင်တန်းတွင် ပုဂ္ဂလိက သင်တန်းသား၊ သင်တန်းသူများကို သင်တန်းကြေးနှုန်းထားတစ်ခု သတ်မှတ်၍ သင်တန်းတက် ရောက်ခွင့်ပေးနိုင်ရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသန်းမြင့်၏ **"နိုင်ငံ့ဝန်ထမ်း တိုးမြှင့်ခန့်ထားသည်နှင့်အမျှ ဝန်ထမ်းအိမ်ရာများ တိုးချဲ့ဆောက်လုပ်ပေးရန်နှင့် အထူးသဖြင့် နယ်စွန်နယ်ဖျား ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်ရမည့် ဆရာ၊ ဆရာမများတွက် လုံခြုံသောဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက အခြေခံပညာကျောင်းများ တည်ဆောက်ပြုပြင်မှုအတွက် သင်ကြားရေးတွင် လိုအပ်သောစာသင်ဆောင်နှင့်သိပ္ပံဆောင်များကို ဦးစားပေးဆောက်လုပ်ပေးခြင်းဖြစ်ပါသဖြင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစ၍ ဝေးလံခက်ခဲသော ဒေသနှင့် အမှန်တကယ်လိုအပ်သော နေရာများ၌ ဝန်ထမ်းအိမ်ရာဆောက်လုပ် ပေးနိုင်ရေးအတွက် အမှတ်(၁) အခြေခံပညာဦးစီးဌာနတွင် ဝန်ထမ်းအိမ်ရာ ၂၃ နေရာ၊ အမှတ်(၂) အခြေခံပညာဦးစီးဌာနတွင် ဝန်ထမ်း



ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးရှုမောင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

အိမ်ရာ ၂၂ နေရာနှင့် အမှတ် (၃) အခြေခံပညာဦးစီးဌာနတွင် ဝန်ထမ်းအိမ်ရာလေးနေရာတို့ကို ထည့်သွင်းလျာထား တင်ပြထားပြီးဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အစည်းအဝေးတွင် **တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်လေးဦး ဆက်လက်ဆွေးနွေးကြသည်။

**ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း**က တိုင်းရင်းသားလူမျိုးများ ဆိုသည့် စကားရပ်ကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဆိုသည့်စကားရပ်ဖြင့် အစားထိုးသင့်ပါကြောင်း၊ တိုင်းရင်းသားဟုပြောပါက ဗမာမပါဘဲ ရှမ်း၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင် စသည်တို့သာ ပါဝင်သည်ဟု ထင်မြင်ယူဆသူများ ရှိပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ ပေါင်းစည်းထားသည့် ပြည်ထောင်စုကြီးဖြစ်သည့်အတွက် ပြည်ထောင်စု ဆိုသည့် စကားရပ်ပါရှိမှသာ တိကျမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြတ်ကို**က တိုင်းရင်းသားလူမျိုးများ ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အမြဲနေထိုင်ခဲ့ကြသော လူမျိုးနွယ်စုများကို ဆိုသည်ဟု အဓိပ္ပာယ်ဖွင့်ပါက အခြေခံဥပဒေနှင့် ညီပါကြောင်း၊ တန်းတူညီမျှဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသား မည်မျှရှိသည်ကို တိတိကျကျ ပြောနိုင်မှသာ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ပို၍လေးနက်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်ခဲ့သည်။

ထို့နောက် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘိုးရယ် တင်သွင်းထားသည့် **"ပြည်တွင်းငြိမ်းချမ်းရေး ရရှိလာသည်နှင့် ယခင်က စစ်ဘေးဒဏ်ခံခဲ့ရသော တိုင်းရင်းသားဒေသများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းချမှတ်၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ငါးဦး ဆွေးနွေးကြသည်။



ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၂)မှ ဦးဂျေယောဂူ ဆွေးနွေးစဉ်။ (သတင်းစဉ်)

**ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင်**က စစ်ဘေးဒဏ်ခံခဲ့ရသော နေရာဒေသများ၌ ယခုအချိန်တွင် မည်မျှတိုးတက်မှုရှိသည်ကို စဉ်းစားသုံးသပ်ကြရန်လိုပါကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ တည်ဆောက်ရေး လုပ်ငန်းများ လုပ်ဆောင်နေသော်လည်း ပြန်လည်လက်နက်ကိုင် တိုက်ခိုက်လာသည့်အခါ ဆုံးရှုံးမှုများ ပြန်လည်ဖြစ်ပေါ်ပါကြောင်း၊ အချို့ဒေသများသည် ငြိမ်းချမ်းရေးရရှိသည်မှာ ကြာပြီဖြစ်သော်လည်း တိုးတက်ရန် များစွာဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ဘတ်ဂျက်အခြေအနေရ ဖွံ့ဖြိုးရေးလုပ်ငန်းများ မဆောင်ရွက်နိုင်ခြင်းကြောင့် အချို့ဒေသခံများသည် ဒေသတစ်ခုလုံးကို စွန့်ခွာသွားခဲ့ပါကြောင်း၊ ပျက်စီးမှုများကို ဖြေဆည်နိုင်ရန် ဖွံ့ဖြိုးတိုးတက်မှုများဖြင့် အစားထိုး ပေးရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဂူ**က ငြိမ်းချမ်းရေးရရှိမှုမဟုတ်ဘဲ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရင်း ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်သင့်ပါကြောင်း၊ ညှိနှိုင်းမှုလည်း မရှိ၊ ဖွံ့ဖြိုးရေးလည်း မလုပ်ဆိုပါက တိုးတက်လာမည်၊ ငြိမ်းချမ်းလာမည် မဟုတ်ပါကြောင်း၊ နယ်များတွင် မဖွံ့ဖြိုးသည့်အတွက် ဖွံ့ဖြိုးသည့် ရန်ကုန်၊ မန္တလေးကဲ့သို့ မြို့ကြီးများသို့ စုပုံရောက်ရှိလာကြပါကြောင်း၊ ထို့အပြင် စစ်ဘေးစစ်ဒဏ်ကြောင့် ဒေသခံအများအပြားသည် နီးစပ်ရာနိုင်ငံများသို့ ရောက်ရှိကြပြီး ကျေးကျွန်သဖွယ် ဖြစ်ခဲ့ကြရပါကြောင်း၊ ထို့ကြောင့် စစ်ဘေးစစ်ဒဏ်ထိခိုက်မှု အများဆုံးဖြစ်ခဲ့သည့် နေရာများ၊ အခြားဖွံ့ဖြိုးတိုးတက်မှု လိုအပ်လျက်ရှိသည့် နေရာများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သိန်းလွင်**က ဒီမိုကရေစီလမ်းကြောင်း ကူးပြောင်းရန်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေး အောင်မြင်ရေးကို နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၏ အဓိက ဆောင်ရွက်ချက်တစ်ခုအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးသဘောတူ စာချုပ်များ၌ အပစ်အခတ်ရပ်စဲရေးအချက်များအပြင် ဒေသဖွံ့ဖြိုးရေး၊ လူ့အခွင့်အရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူသားချင်းစာနာသော အထောက်အပံ့များပေးအပ်နိုင်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စစ်ဘေးရှောင်ဒုက္ခသည်များ နေရပ်ပြန်နိုင်ရေး စသည့်အချက်များကို

စာမျက်နှာ ၉ ကော်လံ ၁ သို့

ပြည်တွင်းသတင်း

# ပြည်သူများအတွက် လက်တွေ့ကျသည့်အကျိုးရလဒ်ဖော်ဆောင်ပေးနိုင်မည့် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုလုပ်ငန်းများဖော်ထုတ်

**နေပြည်တော် အောက်တိုဘာ ၂၁**

အမျိုးသားအဆင့် ရေညီလာခံ ၂၀၁၄ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ကျင်းပပြုလုပ်ရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ကျွမ်းကျင်ပညာရှင်များ၊ ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာမြေကြီးပေါ်တွင်ရှိသည့် သတ္တလောက အန္တယ်ဝင်တိုင်းနှင့် ဂေဟစနစ်များသည် ရှင်သန်ရပ်တည်ရန် ရေအပေါ် မှီခိုနေရပါကြောင်း၊ ရေစီမံခန့်ခွဲမှု ညံ့ဖျင်းခြင်းနှင့် ရေရှားပါးမှုသည် ရောဂါထူပြောခြင်း၊ အာဟာရချို့တဲ့ခြင်း၊ စီးပွားရေးဖွံ့ဖြိုးမှုဆုတ်ယုတ်ခြင်း၊ လူမှုရေးမတည်မငြိမ်ဖြစ်ခြင်း၊ ပဋိပက္ခများဖြစ်ပွားခြင်းနှင့်သဘာဝပတ်ဝန်းကျင် ဘေးဆိုးများကျရောက်ခြင်းစသည့် ဆိုးရွားသောပြဿနာများဆီသို့ ဦးတည်သွားစေနိုင်ပါကြောင်း။

အခြေခံလိုအပ်ချက်များဖြစ်သည့် ဘေးကင်းသော သောက်သုံးရေရရှိနိုင်မှု၊ မိလ္လာနှင့် ရေဆိုးစွန့်ပစ်မှုစနစ်နှင့် အခြားအိမ်သုံးရေ လိုအပ်မှုများသည်လည်း နေရာအများစုတွင် ပြဿနာတစ်ခုအဖြစ် ရှိနေဆဲဖြစ်ပါကြောင်း။

ရေအရင်းအမြစ်များအား ကာကွယ်ထိန်းသိမ်းရာတွင် မိမိတို့ပတ်ဝန်းကျင်ရှိ ရေတွင်း၊ ရေကန်၊ ချောင်းများအစ မြစ်၊ ပင်လယ်အဆုံး ရေအရင်းအမြစ်များအားလုံး ခြုံငုံမိရန်လိုအပ်ပါကြောင်း၊ မြစ်များ၊ ချောင်းများနှင့် ပင်လယ်ကမ်းရိုးတန်းဒေသတွင် သဲနုန်း၊ မြေဆီလွှာ တိုက်စားပို့ချခြင်းသည် ဒေသခံပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အခက်အခဲတွေ့စေရုံသာမက မြစ်ချောင်းများနှင့် ကမ်းရိုးတန်းတို့၏ တည်ငြိမ်မှုနှင့် ရေစီးရေလာစနစ်များကိုပါ ပြောင်းလဲစေပါကြောင်း၊ မြစ်ချောင်းများနှင့် ပင်လယ်ကမ်းရိုးတန်းဒေသပေါကြွယ်ဝသော မြန်မာနိုင်ငံတွင် သဲနုန်း၊ မြေဆီလွှာ တိုက်စားပို့ချခြင်းကာကွယ်ရန်အတွက် ထိရောက်သော နည်းပညာများနှင့် လုံလောက်သောပံ့ပိုးမှုများ လိုအပ်ပါကြောင်း။

မြစ်များ၊ ချောင်းများ၏ မြေပေါ်တွင်ရှိသော ရေဝေရေလဲဧရိယာများ၊ မြေအောက်ရေခိုအောင်းသော ကျောက်ချပ်လွှာများအကြား သဘာဝအတိုင်း ရေပြန်လည်ဖြည့်တင်းပေးသောဇုန်များ၏ ဝိသေသလက္ခဏာများသည် မြေအသုံးချမှု၊ သစ်ပင်သစ်တောဖုံးလွှမ်းမှုတို့အပေါ် မှီတည်ပြီး ပြောင်းလဲနေပါကြောင်း၊ အဆိုပါအပြောင်းအလဲများကြောင့် ရေရရှိနိုင်မှုပမာဏနှင့် ရေအရည်အသွေးတို့အပေါ် သက်ရောက်မှုခံရနိုင်သည့်အတွက် ရေဝေရေလဲဒေသအတွင်း ရေအရင်းအမြစ် ထိခိုက်ပျက်စီးစေမည့်လုပ်ဆောင်ချက်များ၊ မြေအောက်ရေလျော့နည်းစေနိုင်မည့် လုပ်ဆောင်ချက်များ၊ သစ်တောများ ထိခိုက်ပျက်စီးမှုများမရှိစေရေး မြစ်ဝှမ်းဒေသစီမံခန့်ခွဲမှု အထူးဂရုပြု ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း။

မြေအောက်ရေသုံးစွဲမှုတွင်လည်း မြေအောက်ရေသည် ရေဖြစ်ပေါ်မှုသံသရာ၏အစိတ်အပိုင်းတစ်ခုဖြစ်ပြီး လူ့အဖွဲ့အစည်းက ပိုင်ဆိုင်သော်လည်း အချို့က ပုဂ္ဂလိကပိုင်အဖြစ် ရှုမြင်ပြီး ကျိုးကြောင်းဆင်ခြင်မှုမရှိဘဲ မိမိကိုယ်ကျိုးအတွက် သော်လည်းကောင်း၊ စီးပွားရေးအတွက် သော်လည်းကောင်း၊ အလွန်အကျွံ ထုတ်ယူသုံးစွဲနေလျက်ရှိနေမှုများကို ပညာပေး၊ အရေးယူ၊ တားဆီးထိန်းသိမ်းသွားရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံ၏ မြစ်များအပါအဝင် ရေအရင်းအမြစ်များတွင် ရေဆိုးများနှင့် ဓာတုပစ္စည်းများကြောင့် ရေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့်အတွက် ယင်းတို့ကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ထိန်းသိမ်းပေးရမှာဖြစ်ပါကြောင်း၊ အလားတူ ပင်လယ်ရေကို ထိရောက်စွာအသုံးချနိုင်မှုနှင့် ပင်လယ်ပြင်ညစ်ညမ်းမှုကာကွယ်ရေးသည်လည်း ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သကဲ့သို့ပင် အရေးကြီးပါကြောင်း။

ရေအရင်းအမြစ်အား ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ရေအရင်းအမြစ်များ စီမံခန့်ခွဲမှုကဏ္ဍသည် အဓိကကျပါကြောင်း၊ အရင်းအမြစ် စီမံခန့်ခွဲရာတွင် သုံးလိုအားနှင့် ထုတ်နိုင်အားဟန်ချက်ညီရန် လိုအပ်ပါကြောင်း။

ထုတ်နိုင်အားနှင့် သုံးလိုအားဟန်ချက်ညီရန်အတွက် ရေကိုစနစ်တကျအကျိုးထိရောက်စွာ သုံးနိုင်မှုနှင့် ရေလိုအပ်ချက်အပေါ် စီမံခန့်ခွဲနိုင်မှု၊ ရေအရင်းအမြစ်သစ်များ စီမံခန့်ခွဲရေးဖွံ့ဖြိုးတိုးတက်မှု၊ မြေအသုံးချမှုနှင့် ရေအရင်းအမြစ်အသုံးချမှုများကို ပေါင်းစပ်ညှိနှိုင်းမှု၊ ရေကိုပင်မရေစီး စီးပွားရေးကိစ္စရပ်အဖြစ် အသွင်ပြောင်းနိုင်မှုဟူသော နယ်ပယ် (၄)ခုအပေါ် အခြေခံဆောင်ရွက်ရမှာဖြစ်ပါကြောင်း။

ရေအရင်းအမြစ်စီမံခန့်ခွဲမှုဆိုသည်မှာ အဓိကဂေဟစနစ်များ၏ ရေရှည်တည်တံ့မှုကို မထိခိုက်စေဘဲ၊ အမြင့်မားဆုံးစီးပွားရေး၊ လူမှုရေးရလဒ်များအား သက်ဆိုင်သူ အားလုံးမျှမျှတတခံစားစေနိုင်ရန် ရေ၊ မြေနှင့် ဆက်စပ်အရင်းအမြစ်များအား ပေါင်းစပ်ညှိနှိုင်းထားသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် စီမံခန့်ခွဲမှုအား အားပေးမြှင့်တင်သော လုပ်ငန်းစဉ်တစ်ရပ်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါကြောင်း။

ရေစီမံခန့်ခွဲမှု၏ ပင်မဒေါက်တိုင်ကြီး(၃)ရပ်ဟူ၍ တင်စားလေ့ရှိသည့် စီးပွားရေးစွမ်းဆောင်ရည် (Economic Efficiency)၊ မျှတမှု (Equity) နှင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့မှု (Environmental Sustainability) တို့ဖြင့် ပြည့်စုံရန် လုပ်သာကိုင်သာရှိသော၊ လုပ်နိုင်ကိုင်နိုင်ဖြစ်စေမည့် မူဝါဒဥပဒေ၊ ပတ်ဝန်းကျင်ကောင်း ဖန်တီးပေးရမှာဖြစ်ပါကြောင်း။

တစ်နည်းအားဖြင့် ရေသုံးစွဲမှုများအကြား ပြိုင်ဆိုင်မှုများတွင် ဒိုင်သဖွယ် ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း၊ လူအတွက်ရေ၊ စားနပ်ရိက္ခာအတွက်ရေ၊ သဘာဝပတ်ဝန်းကျင်အတွက်ရေ၊ စက်မှုလုပ်ငန်းအပါအဝင် အခြားအခြားသောကိစ္စများအတွက်ရေ၊ ကဏ္ဍအလိုက်လိုအပ်ချက်များ ပေါင်းစည်းပေးရမှာဖြစ်ပါကြောင်း။

တစ်နိုင်ငံလုံး အတိုင်းအတာအား လွှမ်းခြုံသည့် ရေအရင်းအမြစ်များအား ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအား ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ အမျိုးသားအဆင့်ရေအရင်းအမြစ်မူဝါဒ ရည်ရွယ်ချက်မှာ နိုင်ငံတစ်နိုင်ငံလုံးရှိ လူမှုအသိုက်အဝန်း၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံရှိ ရေအရင်းအမြစ်များအား ဖွံ့ဖြိုးတိုးတက်စေရန်၊ ရေအရင်းအမြစ်များအား ထိရောက်သော စီမံခန့်ခွဲမှုများဖြင့် မျှတစွာသုံးစွဲပြီး ဆင်းရဲမှုလျှော့ချရေးအား အထောက်အကူပြုစေရန်၊ နိုင်ငံအတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းသာယာမှုအား ကာကွယ်ရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်၊ လက်ရှိနှင့်အနာဂတ်ကာလ မျိုးဆက်များအား လူမှုရေး၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးဆိုင်ရာ လိုအပ်ချက်များအတွက် သင့်တင့်မျှတသောပမာဏနှင့် လုံခြုံစိတ်ချရသော အရည်အသွေးပြည့်မီသည့် ရေရရှိရေး အခွင့်အရေးများရစေရန် ဖြစ်ပါကြောင်း။

ရေအားကဏ္ဍစုံအသုံးပြုမှုများတွင် မျှတမှုရှိစေရေး၊ ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် စနစ်တကျစီမံခန့်ခွဲခြင်းဖြင့် ပြည်သူလူထုဘဝ အရည်အသွေးမြင့်မားလာခြင်း၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာခြင်းနှင့် တည်ငြိမ်အေးချမ်းခြင်း အကျိုးရလဒ်များအား ဆောင်ကြဉ်းပေးနိုင်မှာဖြစ်ပါကြောင်း။

ပြည်သူများအတွက် ဘေးကင်းသည့်ရေ ပိုမိုရရှိရေး၊ ရေအသုံးပြုမှုများအတွက် မျှတမှုရှိစေရေးနှင့် အနာဂတ်တွင် ရေအရင်းအမြစ်များအား ထိရောက်စွာ စီမံခန့်ခွဲနိုင်ရေးအတွက် ဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေပါကြောင်း၊ ယခင်ရေးဆွဲထားသည့် မြန်မာ့ရေဆိုင်ရာ အခြေခံမူဘောင်လမ်းညွှန် (Myanmar Water Framework Directive) အပေါ် အခြေခံပြီး လူထုအကြံပြုဆွေးနွေးပွဲများအား ရန်ကုန်၊မန္တလေး၊ ပုသိမ်၊ ထားဝယ်နှင့် မြစ်ကြီးနားမြို့တို့တွင် ပြုလုပ်ပြီးဖြစ်ပါကြောင်း၊ ယခုညီလာခံမှတစ်ဆင့် မိမိတို့နိုင်ငံ၏ ရေဆိုင်ရာ အခြေအနေမှန်အား ထင်ဟပ်နိုင်သည့် ရေဥပဒေပြဋ္ဌာန်းရေးဆိုင်ရာ အကြံပြုချက်များ ပေါ်ထွက်လာရေးအား မျှော်လင့်ထားပါကြောင်း။

ယခုကျင်းပသည့်ညီလာခံကြီးမှ မိမိတို့နိုင်ငံ၏ ပြည်သူများအတွက် မဟာဗျူဟာသဘောဆောင်ပြီး လက်တွေ့ကျသည့် အကျိုးရလဒ်အား ဖော်ဆောင်ပေးနိုင်မည့် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုများအတွက် ရှေ့ဆက်မည့် မဟာဗျူဟာများ၊ လုပ်ငန်းအစီအစဉ်များအား ဖော်ထုတ်ပေးနိုင်ရေး ဝိုင်းဝန်းအကြံပြုပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဘဏ်မှ စီးပွားရေးပညာရှင် Dr.Claudia W Sadoff နှင့် ယူနီဆက်မှ Mr. Bertrand Bainvel တို့က ရေအရင်းအမြစ်၏ အရေးပါပုံနှင့် အကျိုးသက်ရောက်မှုများနှင့်စပ်လျဉ်း၍ အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီ၏ လုပ်ဆောင်ချက်များကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီဝင်များ၊ အဖွဲ့ဝင်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် အမျိုးသားအဆင့် ရေညီလာခံသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဆွေးနွေးပွဲကို ကျင်းပခဲ့ကြပြီး မြန်မာနိုင်ငံရှိ ရေကဏ္ဍပြုပြင်ပြောင်းလဲရေး၊ လူသားနှင့်ပတ်ဝန်းကျင်အတွက် ရေ၊ ရေနှင့်စွမ်းအင်၊ ရေနှင့်အစားအစာ၊ ရေနှင့်ရာသီဥတုပြောင်းလဲမှု၊ ရေအရည်အသွေးနှင့် ညစ်ညမ်းမှုထိန်းချုပ်ရေး၊ ကျေးလက်ဒေသ ရေဖြန့်ဖြူးရေး၊ မြို့ပြရေဖြန့်ဖြူးရေး၊ စိုက်ပျိုးရေးအတွက် ရေ၊ ရေအရင်းအမြစ် ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရေအရင်းအမြစ်နှင့် ရေဝေရေလဲဒေသ ထိန်းသိမ်းရေး၊ သောက်ရေ၊ သောက်သုံးရေနှင့် ပြည်သူ့ကျန်းမာရေး၊ ရေဖြန့်ဖြူးရေး၊ မိလ္လာစနစ်နှင့် ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အမျိုးသားရေညီလာခံတက်ရောက်လာကြသူများနှင့် ဘာသာရပ်ဆိုင်ရာပညာရှင်များသည် သက်ဆိုင်ရာအကြောင်းအရာများအလိုက် အဖွဲ့ငယ်များခွဲ၍ ဆက်လက်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အရပ်ဘက်လူ့အဖွဲ့အစည်းမှ ကိုယ်စားလှယ် ဦးအောင်မြင့်က ရေနှင့် စွမ်းအင်၊ လယ်ယာကဏ္ဍ ပညာရှင်၊ မြေနှင့်ရေစီမံခန့်ခွဲမှုပညာရှင်၊ ဦးထုတ်စံက ရေနှင့်အစားအစာ၊ SMART ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်က ရေနှင့် ရာသီဥတုပြောင်းလဲခြင်း၊ MES အုပ်စု ရေနှင့် သန့်ရှင်းရေး ကျွမ်းကျင်သူများဌာနမှ ဒေါက်တာဝင်းမင်းဦးက ရေ အရည်အသွေးနှင့် ညစ်ညမ်းမှုထိန်းချုပ်ရေး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်ထွန်းက လူသားနှင့် ပတ်ဝန်းကျင်အတွက် ရေ ခေါင်းစဉ်တို့ဖြင့် ပံ့ပိုးကူညီပါဝင် ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲများအပြီးတွင် ဆွေးနွေးမှုရလဒ်များအပေါ် ပြန်လည်သုံးသပ်ပြီး အရေးကြီးသည့် အချက်အလက်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

---

## ❍ ကျောဖုံးမှ

အဆိုပါမြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားသမားများသည် အောက်တိုဘာ ၂၁ ရက်က ရေကူးပြိုင်ပွဲ အမျိုးသားမီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲတွင် အောင်မြင့်မြတ်က ကြေးတံဆိပ်တစ်ခု၊ အမျိုးသမီးမီတာ ၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် သင်းသင်းခိုင်က ကြေးတံဆိပ်တစ်ခုဆွတ်ခူးကာ ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။

## ပြည်တွင်းသတင်း

*အမျိုးသားလွှတ်တော်မှ*

သဘောတူ ချုပ်ဆိုနိုင်ခဲ့ပါကြောင်း၊ စာချုပ်ချုပ်ဆိုနိုင်ခဲ့သော နယ်မြေဒေသများတွင် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် တည်ငြိမ်အေးချမ်းမှု အသီးအပွင့်များကို ခံစားနေကြပြီဖြစ်ပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားခဲ့သည့် ဒေသများသည် အခြားသော တိုင်းဒေသကြီးနှင့်ပြည်နယ်များထက် နိမ့်ကျနေသည်ကို တွေ့ရှိရပါကြောင်း၊ တစ်နိုင်ငံလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် စစ်ဘေးဒဏ်ခံခဲ့ရသော ဒေသများအနေဖြင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များနှင့် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းက ပြန်လည်ဖြေရှင်းနိုင်မည့်ရက်ကို ညှိနှိုင်းပြီး လွှတ်တော်၏ အဆုံးအဖြတ် ရယူသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

*ကျောဖုံးမှ*

စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရန် လိုအပ်ချက်၊ မျိုးစေ့ထုတ်စိုက်ပျိုးရေးပညာရှင်များ တိုးတက်လေ့ကျင့်မွေးထုတ် တာဝန်ပေးအပ်ရန် လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက လမ်းညွှန်အမှာစကားပြောကြားရာတွင် ယနေ့ကာလသည် ဈေးကွက်စီးပွားရေး စနစ်အရ နိုင်ငံတိုင်း မိမိတို့ထုတ်ကုန်များကို ဈေးကွက်တွင် ယှဉ်ပြိုင်တင်ပို့နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိနေကြကြောင်း၊ ခိုင်မာစိတ်ချရသော ဈေးကွက်ဝေစု ရရှိနိုင်ရေးအတွက် အရည်အသွေးအားဖြင့် လည်းကောင်း၊ ဈေးနှုန်းအားဖြင့်လည်းကောင်း ယှဉ်ပြိုင်နိုင်ရန် လိုအပ်ပါကြောင်း။

တောင်သူလယ်သမားများ အမှန်တကယ် ဝင်ငွေတိုးတက်ရရှိနိုင်မည့် ဆန်စပါးသီးနှံအပါအဝင် စီးပွားရေးတွက်ခြေကိုက်သီးနှံများကို စိုက်ပျိုးနိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်မျိုးစေ့နှင့် စိုက်နည်းစနစ်များကို စိုက်ပျိုးရေးပညာရှင်များ အနေဖြင့် တစိုက်မတ်မတ် ကြိုးပမ်းဖော်ထုတ်ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း။

မျိုးကောင်းမှ အပင်သန်၊ အပင်သန်မှ အနှံကောင်း၊ အနှံကောင်းမှ ရောင်းပန်းလှမည် ဖြစ်သည့်အတွက် မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ပေးရေးသည် အလွန်အရေးကြီးသည့် အခြေခံလိုအပ်ချက်ဖြစ်ကြောင်း၊ နိုင်ငံနှင့်အဝန်း မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍမှ မျိုးစေ့ထုတ်လုပ်ငန်းများ ပေါ်ပေါက်လာရေးအတွက် အားပေးမြှင့်တင် ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတသည် တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးဝန်ထမ်းများအား စားသောက်ဖွယ်ရာများကို ဂုဏ်ပြုလက်ဆောင်အဖြစ်ပေးအပ်ပြီး ရပ်မိရပ်ဖများ၊ တောင်သူလယ်သမားများအား ရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် ငလိုက်လက်တံမြောင်းတစ်လျှောက် စိုက်ပျိုးထားသော စက်မှုလယ်ယာစနစ် တစ်ဆက်တစ်စပ်တည်း ဧက ၃၀၀၀ ပုလဲသွယ်စပ်မျိုးစပါးစိုက်ကွင်းနှင့် တစ်ဧကတင်း ၂၀၀ အထက် ထွက်ရှိနိုင်သည့် ပုလဲသွယ်မိုးစပါးခင်းတို့ကို ကြည့်ရှုပြီး စားသုံးမှုအရည်အသွေးနှင့် ဈေးကွက်သေချာသည့် မျိုးစပါးများကို ရွေးချယ်၍ တိုးတက်ဖြန့်ဖြူးပေးကြရန် မှာကြားခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာ တစ်ဆက်တစ်စပ်တည်း ဧက ၄၄၀ ပုလဲသွယ်စပ်မျိုးစပါး စိုက်ကွင်းများနှင့် အလျှင်လိုကျေးရွာ တောင်သူလယ်သမားများ စိုက်ပျိုးထားသော ပုလဲသွယ်စပ်မျိုးစပါး F-1 မျိုးစေ့ထုတ် စိုက်ကွင်းများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား ရွေးကောက်ပွဲဆိုင်ရာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုအစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၁**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား ပူးပေါင်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ပန်ဒါဟိုတယ်၌ ကျင်းပခဲ့သည်။ **(ယာပုံ)**



ရှေးဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ ပြုလုပ်သော အစည်းအဝေးသည် ၂၀၁၅ခုနှစ်တွင် ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲအတွက် ပြုလုပ်ရမည့် လုပ်ငန်းစဉ်များအတွက် ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ကြောင်း၊ ပြည့်စုံမှန်ကန်သော မဲစာရင်းကောက်ခံရရှိရေးတွင် မည်သို့ဆောင်ရွက်မည်။ ရွေးကောက်ပွဲအတွက် ပြည်သူများနှင့် မဲဆန္ဒရှင်များအား အသိပညာပေးရေး ဆောင်ရွက်ရာတွင် ပြီးပြည့်စုံသော အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်မဟုတ်သဖြင့် မဲဆန္ဒရှင် အသိပညာပေးရေးလုပ်ငန်း မည်သို့ဆောင်ရွက်မည်၊ အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံဝန်ထမ်းများအား မည်သို့လေ့ကျင့်ပေးမည်။ အေးချမ်းမျှတစွာ မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ မည်သို့ဆောင်ရွက်မည်၊ မဲပေးရာတွင် ကြိုတင်မဲများ ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်မည့်စနစ်များ၊ ပယ်မဲများ မဖြစ်စေရေး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ မဲရေတွက်ရာတွင် ပွင့်လင်းမြင်သာစွာ သက်သေများနှင့် မဲဆန္ဒရှင်များ ရှေ့မှောက်တွင် ရေတွက်ခြင်းလုပ်ငန်းများ စသည်ဖြင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအား ဆွေးနွေးသွားမည်ဖြစ်၍ တက်ရောက်လာသော ပါတီများအနေဖြင့်လည်း ဝိုင်းဝန်းဆွေးနွေးသွားကြရန်နှင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော်က ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် ၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၃၈)နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ်ဥပဒေတွင်ပါရှိသည့် စကားရပ်အစားထိုးခြင်း၊ ဖြည့်စွက်ခြင်းများကိုလည်း နိုင်ငံရေးပါတီများမှ လိုက်နာဆောင်ရွက်ကြစေရန် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအနေဖြင့်အုပ်စုငယ်များခွဲ၍ မဲဆွယ်စည်းရုံးရာတွင် လိုက်နာဆောင်ရွက်သင့်သည့် စည်းကမ်းများ၊ နိုင်ငံရေးပါတီများလိုက်နာသင့်သည့် ကျင့်ဝတ်များ၊ နိုင်ငံရေးပါတီများ၏ ရန်ပုံငွေဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များအား ဝိုင်းဝန်းဆွေးနွေး အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံရေးပါတီများအနေဖြင့် တက်ကြွစွာ ဆွေးနွေးသွားသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံရေးပါတီများမှ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး လွှတ်တော်အတွင်းရောက်ရှိပါက ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံ၏ အာဏာသုံးရပ်ကို တာဝန်ယူရမည့် ပုဂ္ဂိုလ်များအနေဖြင့် စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ လုံခြုံရေးအမြင်၊ နိုင်ငံရေးအမြင်တို့သာမက နိုင်ငံတကာအမြင်ပါရှိရန် လိုအပ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များကိုလည်း သိရှိအောင် လေ့လာထားစေလိုကြောင်း၊ နိုင်ငံရေးပါတီအချင်းချင်း အပြန်အလှန် ထိန်းကျောင်းစေလိုကြောင်း၊ ဥပဒေ၏ အကာအကွယ်ကိုလည်း ရယူ၍ဆောင်ရွက်ကြစေလိုကြောင်း၊ ကောင်းသော အကြံဉာဏ်များရှိလျှင်လည်း အကြံပြုကြပါရန်နှင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် နိုင်ငံရေးပါတီများမှ ပူးပေါင်းဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာရွေးကောက်ပွဲစနစ်များဆိုင်ရာဖောင်ဒေးရှင်း (IFES)နှင့် INGOသုံးဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

■ *ရှေ့ဖုံးမှ*

“ ဒီတံတားကို အောက်တိုဘာ ၁၈ ရက်က စတင်ပြီး ပန္နက်တင်ခဲ့ပါတယ်။ ကျွန်တော်တို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေနဲ့ တည်ဆောက်ပေးရတဲ့ ရည်ရွယ်ချက်ကတော့ အရင်တံတားဟောင်းက ကျဉ်းလည်းကျဉ်း၊ နှစ်ပေါင်းကလည်း ကြာရှည်ပြီဖြစ်တော့ ကြံ့ခိုင်မှုအရ ယာဉ်တွေသွားလာဖို့ အခက်အခဲဖြစ်ခဲ့ပါတယ်။ အဲဒီတံတားဟောင်းကို ယာဉ်သွားလာမှုမပြုဖို့ ပိတ်ထားတာလည်း ကြာပါပြီ။ ဒါကြောင့် သူနဲ့ဘေးချင်းကပ်အပြိုင် ဒီ ငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်)ကို တည်ဆောက်ပေးတာဖြစ်ပါတယ်။ ပြီးတော့ ခေတ်စနစ်နဲ့အညီ ယာဉ်ကြောကျပ်တည်းမှုတွေကိုလည်း အထိုက်အလျောက်ဖြေလျှော့နိုင်ဖို့ ရည်ရွယ် တည်ဆောက်ပေးရခြင်းဖြစ်ပါတယ်”ဟု အဆိုပါ တံတားကို တာဝန်ယူ တည်ဆောက်ပေးသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အဆိုပါ ငမိုးရိပ်တံတား (မင်္ဂလာတောင်ညွန့်)ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက မြန်မာငွေကျပ် ၅ ဒသမ ၉ ဘီလီယံ အကုန်အကျခံကာ မြန်မာအင်ဂျင်နီယာများဖြင့် လာမည့်၂၀၁၅ ခုနှစ် မတ်လအကုန်အပြီး ခြောက်လအတွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခု တည်ဆောက်ပေးနေသည့် ငမိုးရိပ်တံတား (မင်္ဂလာတောင်ညွန့်)သည် ယခင်တံတားဟောင်း ငမိုးရိပ်သံပေါင်တံတား(သာကေတ)၏ ဘေးဝဲဘက်တွင် ကပ်လျက်တည်ဆောက်နေခြင်းဖြစ်ပြီး လာမည့်နှစ် ဧပြီလဆန်းပိုင်းတွင် ပြည်သူများ သွားလာအသုံးပြုနိုင်မည်ဖြစ်သည်။ ယခင် ငမိုးရိပ်သံပေါင်တံတား(သာကေတ)တံတားဟောင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက နှစ်ပေါင်းကြာမြင့်ပြီဖြစ်၍ကြံ့ခိုင်မှုအခြေအနေအရ ယာဉ်များသွားလာအသုံးပြုမှုကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၆ ရက်မှ စတင်ကာ မေတ္တာရပ်ခံတားမြစ်ခဲ့သည်။

“ အခုလို ငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်)ကို စတင်တည်ဆောက်နေပြီဆိုတော့ အဒေါ်အနေနဲ့ ဝမ်းသာပါတယ်။ အခုဆိုရင် အဒေါ်တို့မှာ နီးလျက်နဲ့ ဝေးနေရတာ။ တံတားရှိလျက်နဲ့ အရင်တံတားဟောင်းက ကူးလို့မရတော့ ဟိုသုဝဏ္ဏတံတားဘက်က လှည့်ပြီး ကားစီးနေရတာ မကြာသင့်ဘဲ ကြာတယ်။ ဒီတံတားက ခြောက်လအတွင်းအပြီး တည်ဆောက်မယ်လို့ ကြားတယ်။ ဘာပဲဖြစ်ဖြစ် အဒေါ်တို့ ဒေါပုံနဲ့ မင်္ဂလာတောင်ညွန့်က တကယ်ဆို ဒီငမိုးရိပ်ချောင်းလေးပဲ ခြားတာ။ ဒီတံတားပြီးရင်တော့ အဒေါ်တို့ ပြည်သူတွေအတွက် အတော့်ကို အဆင်ပြေသွားမှာပါ” ဟု ဒေါပုံမြို့နယ်မှ ဒေါ်သင်းကြည်က ပြောသည်။

# ဆူဇူကီးဖလား ခြေစစ်ပွဲအောင် မြန်မာ့လက်ရွေးစင်အသင်း ပြန်လည်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၁**

လာအိုနိုင်ငံ ဗီယန်ကျင်းမြို့တွင် ကျင်းပခဲ့သည့် ၂၀၁၄ ဆူဇူကီးဖလား ခြေစစ်ပွဲတွင် ပထမနေရာမှ ခြေစစ်ပွဲအောင်မြင်ခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်းသည် ယနေ့ မွန်းလွဲပိုင်းက ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်တာဝန်ရှိသူများက မိဘဆွေမျိုးများက ကြိုဆိုကြသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ခြေစစ်ပွဲတွင် အိမ်ရှင်လာအို၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ တီမောအသင်းတို့နှင့် ယှဉ်ပြိုင်ခဲ့ရပြီး အဖွင့်ပွဲတွင်တီမောအသင်းနှင့် ဂိုးမရှိသရေကျသည်မှလွဲ၍ ဘရူနိုင်းအသင်းကို သုံးဂိုး-တစ်ဂိုး၊ ကမ္ဘောဒီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ အိမ်ရှင်လာအိုအသင်းကို နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် သုံးပွဲဆက်အနိုင်ရကာ ရမှတ် ၁၀ မှတ်ဖြင့် ပထမနေရာမှ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးအဆင့် အုပ်စုပွဲစဉ်များကို နိုဝင်ဘာ ၂၂ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းမှာ နိုဝင်ဘာ ၂၃ ရက်တွင် မလေးရှားအသင်း၊ နိုဝင်ဘာ ၂၆ ရက်တွင် စင်ကာပူအသင်း၊ နိုဝင်ဘာ ၂၉ ရက်တွင် ထိုင်းအသင်းတို့နှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။ မြန်မာအသင်းမှာ ဆူဇူကီးဖလား ပြိုင်ပွဲ သမိုင်းတစ်လျှောက် အောင်မြင်မှုမရဖူးသေးဘဲ အမြင့်ဆုံးအဖြစ် ၂၀၁၄ ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ် အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**



**အားကစားဖြင့် နိုင်ငံ့ဂုဏ် မြှင့်တင်**

# ဘုရင့်နောင်တံတားအမှတ်(၂)တည်ဆောက်ရေးစီမံကိန်း ရေလမ်းကြောင်းပြန်လည်ဖွင့်လှစ်ခြင်း သတိပေးနှိုးဆော်ချက်

ဘုရင့်နောင်တံတားအမှတ်(၂)တည်ဆောက်ရေးစီမံကိန်း ပင်မတံတား ရေလယ်ခန်း သုံးခန်းလုံးကို ၂၀၁၄ ခုနှစ် အောက်တိုဘာလ၂၅ ရက်နေ့မှစ၍ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လှိုင်မြစ်အတွင်း သွားလာနေသော ရေယာဉ်များအားလုံး ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့ နံနက် ၆ နာရီမှစတင်၍ ရန်ကုန်မှအောင်ဇေယျ ကြိုးတံတားဘက်သွားမည့် ရေယာဉ်များသည် ဘုရင့်နောင်ဘက်ကမ်း RP2နှင့် RP3အကြား၊ ရေလယ်ခန်း RP3 နှင့် RP4 အကြား ရေလမ်းကြောင်းနှစ်ခုမှ လည်းကောင်း၊ အောင်ဇေယျကြိုးတံတားမှ ရန်ကုန်ဘက်သွားမည့် ရေယာဉ်များသည် လှိုင်သာယာဘက်ကမ်း RP4 နှင့် RP5 အကြားမှ လည်းကောင်း ဖြတ်သန်းမောင်းနှင်ခွင့်ပြုကြောင်းနှင့် အောက်ပါစည်းကမ်းချက်များအား လိုက်နာကြပါရန် သတိပေးနှိုးဆော်ပါသည်-

(၁) ရေယာဉ်အားလုံး နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်းသာ ဖြတ်သန်းမောင်းနှင်ခွင့်ပြုမည်။

(၂) ကုန်တင်ဆောင်ထားသော (ဝန်လေး)ရေယာဉ်အားလုံး ရေအဆန်သာ ဖြတ်သန်းမောင်းနှင်ရန်နှင့် ရေစုန်ဖြတ်သန်းခွင့်မပြု။

(၃) ကုန်မပါ(ဝန်ပေါ့)ရေယာဉ်များ ရေအစုန်/အဆန် ဖြတ်သန်းခွင့်ပြုသည်။

(၄) တွဲဆွဲ/တွဲတွန်း ရေယာဉ်များ တစ်တွဲဖြင့်သာ ဖြတ်သန်းခွင့်ပြုပါမည်။

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၁၀-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၉)ပါ ဆူဇူကီးဖလား ခြေစစ်ပွဲ မြန်မာအုပ်စုဗိုလ်ဖြင့်အောင်မြင် သတင်းအညွှန်းတွင် မြန်မာအသင်းသည် အုပ်စုဗိုလ်ဖြင့် အောင်မြင်ခဲ့သဖြင့် စင်ကာပူနိုင်ငံတွင် ကျင်းပမည့် ၂၀၁၄ ဆူဇူကီးဖလားပြိုင်ပွဲ အုပ်စု(ခ)၌ စင်ကာပူ၊ ထိုင်း၊ မလေးရှားတို့နှင့် အုပ်စုပွဲကစားရမည်ဖြစ်သည်ဟုလည်းကောင်း။

လာအိုအသင်းမှာ အုပ်စုဒုတိယရရှိသဖြင့် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် အုပ်စုပွဲတွင် အုပ်စု(က)၌ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားတို့နှင့် ကစားရမည်ဖြစ်သည်ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပေးပါရန် လေးစားစွာ တောင်းပန်အပ်ပါသည်။

**စာတည်းအဖွဲ့**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# သီးနှံအမယ်များကိုရွေးချယ်၍ စီးပွားဖြစ်စိုက်ပျိုးပြီး နိုင်ငံတကာဈေးကွက်သို့ ရောင်းချနိုင်ရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၁**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် အောက်တိုဘာ ၂၀ ရက် နံနက် ၆ နာရီခွဲက မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့် တရုတ်နိုင်ငံ Chinese Sustainable Uraban Development Foundation မှ ဥက္ကဋ္ဌ Mr. CHOU HSI WEI နှင့် စိုက်ပျိုးရေးပညာရှင်အဖွဲ့ဝင်များကို နေပြည်တော်ကောင်စီနယ်မြေ စက်စက်ယိုဆည်ရေသောက် တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ အော်ဂဲနစ်စိုက်ကွင်းအတွင်း ခေတ်မီစိုက်ပျိုးထားရှိသော သဘော်သီးနှံစိုက်ကွင်း၊ တစ်ဆက်တစ်စပ်တည်း ပိန်းဥစိုက်ကွင်းများ၊ တစ်ဆက်တစ်စပ်တည်း နာနတ်သီးစိုက်ကွင်းများ၊ တစ်ဆက်တစ်စပ်တည်း ကညွတ်ကွင်းစိုက်ကွင်းများ၊ ဘူးသီးစိုက်ကွင်းများ၊ ငရုတ်စိုက်ကွင်းများ၊ ဖရုံစိုက်ကွင်းများကို ကိုယ်တိုင်လိုက်ပါရှင်းလင်းပြသပြီးနောက် နယူးဇရာကုမ္ပဏီ၏ Net House (ပိုက်ကွန်စနစ်) အော်ဂဲနစ်ဟင်းသီးဟင်းရွက်စိုက်ခင်းများနှင့် နယူးဇရာကုမ္ပဏီ၏ ခေတ်မီအအေးခန်းစနစ် ဟင်းသီးဟင်းရွက် သစ်သီးဝလံအရောင်းပြခန်းတို့ကို အတူတကွလိုက်ပါကြည့်ရှုအားပေးသည်။

၎င်းမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှပါမောက္ခချုပ်နှင့် တရုတ်နိုင်ငံမှ စိုက်ပျိုးရေးပညာရှင်များနှင့်အတူ ရန်ကုန်-မန္တလေး ပျဉ်းမနားလမ်းဟောင်းအနီးရှိ တောင်သူများကို ဝန်ဆောင်မှုပေးရန်အတွက် Alliance Stars(အလိုင့်ယင့်စတား)ကုမ္ပဏီ၏ ခေတ်မီလယ်ယာသုံး စက်ကိရိယာများ၊ ရိတ်သိမ်းခြွေလှေ့စက်များအားလည်းကောင်း၊ ပျဉ်းမနားမြို့နယ် ချိုင်းကျေးရွာအနီး MAPCO (မက်ကို) ကုမ္ပဏီ၏တစ်နေ့တန် ၂၀၀ ကျ ခေတ်မီဆန်စက်တည်ဆောက်ရေး လုပ်ငန်းခွင်သို့လည်းကောင်း ရောက်ရှိကြပြီး ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် စိုက်ပျိုးရေးပညာရှင်များအဖွဲ့တို့သည် ဒက္ခိဏသီရိမြို့နယ် စက်မှုလယ်ယာစနစ် တစ်ဆက်တစ်စပ်တည်း ဧက ၃၀၀၀ ပုလဲသွယ် စပ်မျိုးစပါးစိုက်ကွင်းသို့ ရောက်ရှိကြပြီး စိုက်ကွင်းအတွင်း စပ်မျိုးစပါး အဖိုလိုင်း အမလိုင်း၊ ဝတ်မှုန်ကူးခြင်း ဆောင်ရွက်နေသော လုပ်ငန်းခွင်ကို ကြည့်ရှုအားပေးပြီးနောက် နေပြည်တော်ကောင်စီ နယ်မြေအတွင်း ဆောင်ရွက်လျက်ရှိသော ခေတ်မီစိုက်ပျိုးနည်းပညာပေးစိုက်ကွင်းကြီးများကိုလေ့လာရန် ရောက်ရှိနေကြသည့် ပဲခူးတိုင်းဒေသကြီးဝေါမြို့နယ်မှ တောင်သူလယ်သမားဦးကြီး ၁၀၀ ကျော်တို့အား ရှင်းလင်းခန်းမဆောင်၌ ရင်းရင်းနှီးနှီး ကြိုဆိုတွေ့ဆုံနှုတ်ဆက်ပြီး သက်ဆိုင်ရာ စိုက်ပျိုးရေးပညာရှင်များအနေဖြင့် လေ့လာရေးလုပ်ငန်းများကို ထိထိရောက်ရောက် ရှင်းလင်းပြသနိုင်ရေး ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်နိုင်ငံ စိုက်ပျိုးရေးပညာရှင်များအဖွဲ့တို့သည်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမသို့ရောက်ရှိကြပြီး လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ နှစ်ဖက်ဆွေးနွေးညှိနှိုင်းကြပြီး လုပ်ငန်းများ၊ ထိထိရောက်ရောက် အောင်မြင်စွာ ဆောင်ရွက်သွားနိုင်ရေးအတွက် အချိန်ဇယားများ တိတိကျကျရေးဆွဲပြီးလုပ်ငန်းများကိုတစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည် ဖော်သွားရန်၊ နှစ်ဖက်ယုံကြည်မှု အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရေးနှင့် အခြေခံလိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေးအတတ်ပညာရှင်များကို လေ့ကျင့်သင်တန်းပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို အကောင်အထည်ဖော်သွားကြရန်နှင့် လုပ်ငန်းနယ်ပယ်အလိုက် ဈေးကွက်အလားအလာကောင်းပြီး မြန်မာနိုင်ငံ၏ တောင်သူလယ်သမားများအတွက် ဝင်ငွေနှင့် အကျိုးအမြတ် ထိထိရောက်ရောက်ရရှိနိုင်မည့် သီးနှံအမယ်များကိုရွေးချယ်၍ စီးပွားဖြစ်စိုက်ပျိုးကြပြီး နိုင်ငံတကာဈေးကွက်သို့ အဆင့်မြင့် တန်ဖိုးမြင့် ထုတ်ကုန်များနှင့် အဆင့်မြင့်ထုပ်ပိုးခြင်းများ ဆောင်ရွက်ပြီး ဈေးကွက်သို့တင်ပို့ရောင်းချနိုင်ရေး ကိစ္စရပ်များကို အကောင်အထည်ဖော်သွားကြရန် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

◆ *ကျောဖုံးမှ*

အခက်အခဲတွေအများကြီးနဲ့ ကြုံခဲ့ရပေမယ့် အခုအချိန်မှာတော့ အမျိုးသမီးထုအတွက် အားထားစရာ စီမံချက်တစ်ခု ဖြစ်လာခဲ့ပါပြီ။

"နီပေါနိုင်ငံမှာ ကျင့်သုံးခဲ့တဲ့ ပက်သ်ရဲ့ အောင်မြင်တဲ့နည်းလမ်းကို မြန်မာအမျိုးသမီးတွေအတွက် မျှဝေပေးခဲ့တာပါ။ နေ့စဉ် စားနေတဲ့အထဲက ဆန်လက်တစ်ဆုပ်ကို သိမ်းဆည်းပြီး တစ်ပတ်ပြည့်တဲ့အခါ ပြန်ရောင်းလို့ရတဲ့ပိုက်ဆံကို စုတဲ့နည်းပါ။ အဲဒီနည်းနဲ့ ကျေးလက်အမျိုးသမီးတွေရဲ့ ဘဝကို မြှင့်တင်ပေးခဲ့တယ်။ အိမ်ထောင်စုတစ်စုရဲ့ အမျိုးသမီးတစ်ယောက်လက်ထဲက ပိုက်ဆံဟာ သားသမီးတွေအတွက် လိုအပ်တာတွေ ဖြည့်ဆည်းပေးနိုင်သလို ခင်ပွန်းသည်အတွက်လည်း အထောက် အပံ့ကောင်းတစ်ခုဖြစ်တာကို မြန်မာအမျိုးသမီးတွေလည်း နားလည်လာကြလို့ ကျွန်မတို့စီမံကိန်းက ရည်မှန်းချက်ကျော်လွန်တဲ့အထိ အောင်မြင်လာခဲ့တယ်" လို့ စွမ်းရည်စီမံကိန်းရဲ့ စီမံကိန်းညှိနှိုင်းရေးမှူး မအိသဥ္ဇာမင်းမင်းဦးက ပြောပြပါတယ်။

အဖွဲ့ဘဏ်စနစ်နဲ့ အမျိုးသမီးတွေရဲ့ အိမ်ထောင်စုငွေကြေးလုံခြုံမှု မြင့်မားစေဖို့နဲ့ အသေးစားလုပ်ငန်းတွေ စတင်လုပ်ကိုင်ဖို့ ဒေသမှာတင် သူတစ်ပါးမမြင်မတွေ့နိုင်တဲ့ ရှုထောင့်ကနေ စီးပွားစတင်ဖို့ လိုအပ်တဲ့ စာရင်းမှတ်တမ်းဆိုင်ရာတွေ၊ ငွေစုစနစ်တွေကို သင်ကြားပေးနေတာကိုတွေ့ရပါတယ်။

"တစ်ပတ်ကို ငွေနှစ်ရာကနေ အဖွဲ့ဝင်အားလုံးတတ်နိုင်သလောက် စစုကြတယ်။ ပိုထည့်ချင်တဲ့သူက စိတ်ကြိုက်စုငွေ ထပ်စုနိုင်တယ်။ ရလာတဲ့ပိုက်ဆံတွေကို အဖွဲ့ဝင်တွေထဲက လုပ်ငန်းလုပ်လိုသူ၊ ငွေလိုအပ်သူကို ပြန်ချေးတယ်။ အတိုးနှုန်းက သုံးကျပ်ထက်မများတဲ့ ပမာဏပါ။ သင်ကြားပေးတဲ့အထဲမှာ မိမိပတ်ဝန်းကျင်မှာ အပိုဝင်ငွေရပေါက်ရလမ်းကို ပြသပေးတယ်။ ဈေးရောင်းတာအပါအဝင်အပိုရနိုင်တဲ့ အလုပ်အကိုင်ကို သင်ကြားလမ်းညွှန်ပေးထားလို့ အခက်အခဲမရှိခဲ့ပါဘူး။ အားလုံးက တစ်ပတ်ချင်း အရစ်ကျ ပြန်ဆပ်ရတယ်။ အဲဒီလိုနည်းနဲ့ ငွေချေးတဲ့ဝန်လည်းမရှိတော့ဘူး။ နေ့စဉ်ဝင်ငွေရတဲ့ အလုပ်ကိုလည်း ကြိုးစားလုပ်ကိုင်ဖြစ်သွားတယ်။ အဲဒီလိုနဲ့ အိမ်မှာ ထိုင်နေတဲ့ အမျိုးသမီးတွေ စုမိဆောင်းမိဖြစ်လာတယ်။ ပိုက်ဆံရှာတတ်လာလို့ မိသားစုမှာ ပိုပြီးအခရာကျတာပေါ့" လို့ မှော်ဘီမြို့နယ် ဘွက်ကြီးကျေးရွာအုပ်စု စိန်ရွှေကုန်းကျေးရွာမှ အဖွဲ့ဝင်အမျိုးသမီးတစ်ဦးကလည်း ပြောပါတယ်။

ရန်ကုန်တိုင်းဒေသကြီးမှာ မှော်ဘီနှင့် မြောက်ဥက္ကလာပမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးမှာ ဝမ်းတွင်း၊ မလှိုင်၊ ပုသိမ်ကြီး၊ မြစ်သားနဲ့ တံတားဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်တွေမှာ စွမ်းရည်စီမံကိန်းကို ဆောင်ရွက်နေတာဖြစ်ပြီး စီမံချက်သုံးနှစ်သတ်မှတ်ထားခဲ့သော်လည်း နှစ်နှစ်တာ အတွင်းမှာ ရည်မှန်းချက်ပြည့်မီခဲ့တဲ့အပြင် စုစုပေါင်းငွေကြေးစုဆောင်းနိုင်မှုအနေနဲ့ ငွေကျပ် သိန်းပေါင်း တစ်သောင်းရှိလာခဲ့ပြီဖြစ်ပြီး အတိုးအားဖြင့် ငွေကျပ် သိန်းလေးထောင်နီးပါးခန့် ရရှိလာပြီး အမျိုးသမီးများ အသစ်ချဲ့ထွင်လုပ်ကိုင်လာနိုင်တဲ့ လုပ်ငန်းပေါင်း ၂၇၀၀ ကျော်နဲ့ အလုပ်အကိုင်မရှိသူ အမျိုးသမီး ၇၀၀၀ ကျော် အလုပ်အကိုင် ရရှိလာခဲ့တယ်လို့ စွမ်းရည်စီမံကိန်းမှ သိရှိရပါတယ်။

"ကျွန်မတို့ စွမ်းရည်က သင်ကြားပြသသူတွေအတွက် အစပိုင်းမှာ အခက်အခဲကအများကြီးပါ။ အဖွဲ့အစည်းတွေက လာရင် ငွေချေးပေးမယ်လို့ပဲ ထင်ကြတာများတယ်။ ကျွန်မတို့ စွမ်းရည်က ငွေထုတ်မချေးပါဘူး။ ကိုယ့်ဒေသအလိုက် ငွေစုငွေချေးလုပ်တတ်ဖို့နဲ့ ဝင်ငွေကိုစီမံခန့်ခွဲပြီး ပိုမိုကောင်းမွန်တဲ့ ဘဝကိုရရှိဖို့ အကြံဉာဏ်တွေကိုသာ ပေးပါတယ်။ ကျန်တဲ့လှုပ်ရှားမှုအားလုံးက ဒေသခံအမျိုးသမီးတွေရဲ့ စုပေါင်းစွမ်းရည်တွေပါ။ သူတို့တစ်တွေကို စနစ်တကျနဲ့ စုပေါင်းဆောင်ရွက်တဲ့အလေ့အထတွေ အမှန်တကယ်အကောင်အထည်ပေါ်လာဖို့တွေအတွက်တော့ နောက်ကနေ အစွမ်းကုန်ပံ့ပိုးပေးရပါတယ်။ အဓိက စိန်ခေါ်မှုကတော့ အမှန်တကယ် လိုက်ပါပူးပေါင်းနိုင်စွမ်းဖြစ်ပါတယ်။ တစ်ပတ်လုံးနေမှ ငွေနှစ်ရာကျပ်လောက်စုနေရင်းကနေ ဝင်ငွေရရှိတဲ့ အလုပ်ကို လုပ်လာနိုင်တယ်။ အရင်က အိမ်မှာကလေးထိန်း ထမင်းချက်ရင်းကနေ အိမ်ဆိုင်သေးသေးလေးဖွင့်ရမှန်း သိလာတယ်။ ကလေးတွေကို အာဟာရမဖြစ်တဲ့ အစားအသောက်တွေ ငွေတစ်ရာလောက်နဲ့ ဝယ်ကျွေးတာမျိုး မလိုအပ်တဲ့ အပိုသုံးစွဲမှုအသေးတွေကို ချွေတာတာတွေ လုပ်တတ်လာတယ်။ ပိုတဲ့ပိုက်ဆံကိုစွမ်းရည်အဖွဲ့ထဲထည့်ထားတယ်။ အရှုံးမရှိတဲ့အတွက် အချိန်တန်လို့ ခြောက်လတစ်ခါ အမြတ်ငွေခွဲရင် ပိုရလာတယ်" လို့ ဇောတိကုန်းကျေးရွာမှ မလေးဇင်က ပြောပါတယ်။

အောင်မြင်တဲ့ စီမံကိန်းတစ်ခုကို ကိုကာကိုလာနဲ့ ပက်သ်အဖွဲ့အစည်းတို့ ပူးပေါင်းပြီး သင်ကြားလမ်းညွှန်ပေးခဲ့တာက ၂၀၁၅ ခုနှစ် ဇူလိုင်လမှာ စီမံကိန်းကာလ ပြည့်တော့မှာဖြစ်ပြီး ထပ်မံတိုးချဲ့ပြီးတစ်နိုင်ငံလုံးအတိုင်းအတာ ကျယ်ပြန့်လာဖို့ လုပ်ငန်းညှိနှိုင်းမှုတွေ လုပ်ဆောင်သွားမယ်လို့ သိရပါတယ်။

ယနေ့ခေတ်မှာ အမျိုးသမီးတွေက အမျိုးသားတွေနဲ့ ရင်ပေါင်တန်းလို့ လုပ်ငန်းခွင်အသီးသီးမှာ ဝင်ရောက်လုပ်ကိုင်ရင်း အိမ်ရဲ့ဝင်ငွေကို တစ်ဖက်တစ်လမ်းက ရှာဖွေနေကြပါတယ်။ သို့သော်လည်း စီးတဲ့ရေ ဆည်တဲ့ကန်သင်းဆိုသလို အိမ်ထောင်မှုတွေနဲ့ လုံးချာလည်ရင်း မိမိရဲ့တန်ဖိုး၊ မိမိရဲ့စွမ်းရည်ကို မေ့လျော့နေသူ အမျိုးသမီးများလည်း အများကြီးရှိနေပါသေးတယ်။ ခင်ပွန်းဒါမှမဟုတ် မောင်ဖားမိဘတွေရဲ့ ရှာဖွေပေးမှုကိုလည်း အလဟဿ မဖြစ်စေအောင် အိမ်တွင်းငွေကြေးလုံခြုံမှုစနစ် တတ်ကျွမ်းဖို့နဲ့ မှန်ကန်တဲ့ နည်းလမ်းတွေနဲ့ မိသားစုအတွက် အပိုဝင်ငွေကို ရရှိပြီး အမျိုးသမီးအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၊ ယုံကြည်မှုနဲ့ မိသားစုအတွက် အရေးပါတဲ့ဆုံးဖြတ်ချက်တွေကို ခိုင်မာစွာချမှတ်ပေးနိုင်တဲ့ စွမ်းရည်ပြည့်ဝတဲ့ အမျိုးသမီးတွေ ထိုထက်မက ထွက်ပေါ်လာစေဖို့ ဖော်ထုတ်ရေးသားလိုက်ရပါတယ်။



အမျိုးသမီးများကို ငွေကြေးသုံးစွဲစုဆောင်းမှု တိုးပွားအောင်ဆောင်ရွက်မှုများအတွက် စုပေါင်းအဖြေရှာမှုများ ပြုလုပ်နေစဉ်။

---


## ပျောက်ဆုံးကြောင်း

ကျွန်မ မရှောင်ကို(ခ)မြင့်မြင့်ဝင်း ၁၃/လလန(နိုင်)၀၄၈၁၉၃ ၏ နိုင်ငံကူးလက်မှတ် MA-143969 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၈၁-၂၁၂၁၇၆၁**

## ရောင်းမည်

(၁၂½×၅၀)ပေ၊ လေးထပ်၊ ဇကာ၀ါ ၃လမ်း၊ ဒေါပုံမြို့နယ်၊ တိုက်သစ် လူနေခွင့်ကျ လိုင်စင်အမှန် ကျပ်သိန်း-၂၈၀။

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၄၈၀၀၀၃၄၈**

## ရောင်းမည်

မြေညီထပ်(ထပ်ခိုးပါ) အမြင့် ၁၇ပေ၊ အကျယ်(၁၈×၅၁)ပေ၊ (၉)ရပ်ကွက်၊ ရတနာပုံ(၁)လမ်း၊ လိုင်စင်အမှန်၊ တိုက်သစ် လူနေခွင့်ကျ ကျပ်သိန်း ၁၄၀၀၊ သာကေတမြို့နယ်။

**ဆက်သွယ်ရန်**

**ဖုန်း-၀၉-၄၄၈၀၀၀၃၄၈**

## ရောင်းမည်

မြေညီထပ် (ခေါင်းရင်းခန်း) အကျယ် ၁၁½×၄၄ ပေ၊ အင်ကြင်းလမ်း၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ တိုက်သစ် လူနေခွင့်ကျ လိုင်စင်အမှန်၊ ကျပ်သိန်း-၅၀၀။ **ဆက်သွယ်ရန်**

**ဖုန်း-၀၉-၄၄၈၀၀၀၃၄၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ယ/၇၈၇၇၅ Honda Wave M/Cဆိုင်ကယ်လက်ဝယ်ရှိသူ ဦးကိုကိုအောင် ၃/လဘန(နိုင်)၀၈၈၅၇၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/4193 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရှာသာကြီး)**

## အမည်ပြောင်း

ဦးဗျားရယ်၏သမီး လှိုင်ကော်မြို့၊ အထက(ခွဲ)၊ ချိုကယ်ကျောင်း၊ တက္ကသိုလ်ဝင်တန်းမှမသင်းတင့်ဆွေအား မသင်းသင်းဆွေ ၂/လကန(နိုင်)၁၁၁၀၃၁ ဟုပြောင်းလဲခေါ်ပါရန်။ **မသင်းသင်းဆွေ**

## အမည်ပြောင်း

ဦးလာပို၏သား လှိုင်ကော်မြို့၊ အထက(ခွဲ)၊ ကုန်းသာကျောင်း၊ အဋ္ဌမတန်းမှ မောင်အာရောင်အား မောင်ကောင်းဇင်သန့်ဟုပြောင်းလဲခေါ်ပါရန်။

**မောင်ကောင်းဇင်သန့်**

## ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းမှ မမြတ်သက်မွန်၏ ဖခင်အမည်မှန်မှာ ဦးရွှေလင်း LKW-100033 ဖြစ်ပါကြောင်း။

**ဦးရွှေလင်း**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ကယားပြည်နယ်၊ လှိုင်ကော်မြို့နေ ကျွန်မ ဒေါ်နန်းစောလှိုင် ၉/မကန(နိုင်)၀၈၂၈၁၈ ၏သား မောင်ပိုင်စိုးမိုး ၉/မကန(နိုင်)၁၂၅၃၂၃ သည်မိခင်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ မိခင်တစ်ဦး၏ ပြောဆိုဆုံးမမှုအပေါ် လုံးဝနာခံမှုမရှိခြင်းတို့ကြောင့် ယနေ့အချိန်မှစ၍ သားအဖြစ်မှ စွန့်လွှတ်ပါကြောင်းနှင့် ယင်းနှင့်ပတ်သက်၍ ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်နန်းစောလှိုင် ၉/မကန(နိုင်)၀၈၂၈၁၈**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၆၊ မြေကွက်အမှတ်၈၅၉/ခ၊ မြေကွက်တည်နေရာအမှတ် ၈၅၉/ခ၊ အင်းဝလမ်း၊ ၆ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးတင်ရွှေ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်ရွှေနှင့် ဒေါ်တင်မြတ်လတ်တို့ကို တရားပြိုင်ထား၍ ဦးဝင်းညိုက တောင်ဥက္ကလာပမြို့နယ် တရားရုံးတွင် တရားလိုပြု၍ စွဲဆိုသောတရားမကြီးမှုအမှတ် (၄၈/၂၀၁၄)၏ စီရင်ချက်ဇာရီမှုအမှတ်(၅၇/၂၀၁၄)၏ အမိန့်နှင့် ၂၅-၈-၂၀၁၄ရက်စွဲပါ ဘီလစ် ခန့်စာတို့ကိုတင်ပြပြီး တရားရှုံး(ကိုယ်စား) ဘီလစ်နန့်ဆန်းသိန်း ၁၂/မရက(နိုင်)၀၄၇၆၁၆က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမြန်ပြန်လာပါ

မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်နေ ဦးခင်မောင်လတ် ၁/မညန(နိုင်)၁၀၀၈၄၂ ၏ဇနီး ဒေါ်ကျော့ကျော့စံ ၁/ဟပန(နိုင်)၀၁၂၄၁၇ သည် သားသမီးနှစ်ယောက်နှင့်အတူ နေအိမ်မှဆင်းသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်နှင့် ဖြားယောင်းသွေးဆောင်ထားသူများအား ဥပဒေအရ အရေးယူပါမည်။ (အစစအရာရာ ခွင့်လွှတ်သည်။ တွေ့ရှိသူများ ကျေးဇူးဆပ်မည်။)

**ဦးခင်မောင်လတ်**

**ဖုန်း-၂၅၀၉၉၅၄၀၇၊ ၂၅၆၀၇၈၄၃၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အကွက်အမှတ်-၂၇၊ ကျိုက်ဗောမိတောင်၊ ဦးပိုင်အမှတ်-၃/ဏ၊ ရပ်ကွက်-အမှုထမ်း၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧကအနက်မှ တစ်စိတ်တစ်ဒေသ ဧရိယာ ၀ ဒသမ ၀၆၄ အလျား×အနံ (၃၅×၈၂)ပေရှိ ဦးကျော်ထွန်း၊ ဒေါ်အေးညိုအမည်ဖြင့် လ/န(၃၉)ကျပြီး မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို မြေအမည်ပေါက် ပိုင်ဆိုင်သူထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မိမိသာလျှင် လက်ရှိတရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဟု ပြောဆိုဝန်ခံကတိပြုသူ ဦးတင်ကြည် ၁၂/သလန(နိုင်)၀၇၃၅၂၇ မှ ကျွန်ုပ်မိတ်ဆွေထံသို့ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ပိုင်းအဖြစ် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျန်ငွေများကိုပေးချေပြီး အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ရီစလင်း(စဉ်-၉၆၈၅)၊ တရားလွှတ်တော်ရှေ့နေ**

**အမှတ်(၇၅၆)၊ သရဖီလမ်း၊ (၄၇)ရပ်ကွက်၊**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၉၃၁၁၅**

# ရပ်ရွာအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက်

**ကျွန်းလှ အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကြက်ခြေနီအသင်းသည် စေတနာ့လုပ်အားရှင်များ ဖြစ်သည်နှင့်အညီဘေးဒုက္ခကျရောက်အလွယ်ဆုံး သူများ၏ ဘဝတိုးတက်ကောင်းမွန်စေရန် ကျန်းမာရေးစောင့်ရှောက်မှု၊ လူသားချင်းစာနာထောက်ထားမှုနှင့် ရပ်ရွာအခြေပြု လူမှုကရုဏာလုပ်ငန်းများကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (ICRC)နှင့် ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်မမှာ သားတစ်ယောက်၊ သမီးငါးယောက်ရှိပါတယ်။ ခင်ပွန်းဖြစ်သူကတော့ ကွယ်လွန်သွားပါပြီ။ သားတစ်ယောက် သမီးလေးယောက်က အိမ်ထောင်ကျလို့ သဖန်းဆိပ်ကျေးရွာမှာနေထိုင်ကြပါတယ်။ သမီးငယ်မသက်ဝေအောင်နဲ့အတူ သားအမိနှစ်ယောက် လက်လုပ်လက်စားလုပ်ကိုင်စားသောက်နေထိုင်ကြပါတယ်" ဟု ပေါယောကျေးရွာနေ အသက် ၆၉ နှစ်ရှိ ဒေါ်လှသောင်းကပြောပြသည်။

ဒေါ်လှသောင်းသည် ဘယ်ဘက်ခြေဖျားတွင် အနာဖြစ်လာ၍ ဆေးရုံသို့ပြသရာ ဆီးချိုရောဂါတွေ့ရပြီး ဘယ်ဘက်ခြေထောက်ဖြတ်လိုက်ရသည်။ ဒုက္ခိတ ဘဝရောက်သွားသောကြောင့် ချိုင်းထောက်ဖြင့် သွားလာနေရပြီး ကျင်ကြီး/ ကျင်ငယ်စွန့်သည်ကအစ အခက်အခဲမျိုးစုံ ကြုံတွေ့ခဲ့ရသည်။

၎င်းတို့အိမ်သို့ မြို့နယ်ကြက်ခြေနီအသင်း ဒုတပ်ရင်းမှူး ဦးစက်ရွှေနှင့်တပ်ဖွဲ့ဝင်များ ရောက်လာပြီး အားမငယ်ရန်၊ ဒေါ်လှသောင်းအား ခြေတုတပ်နိုင်ရန် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ဆက်သွယ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ သားသမီးများနှင့် တိုင်ပင်ရန်လိုကြောင်း ပြောပြရာ အမေဖြစ်သူ ခြေတုတပ်နိုင်တော့မည် ဖြစ်သည့်အတွက် ဝမ်းသာပါကြောင်း မခင်သက်ဝေအောင်က ပြောပြသည်။

ကျွန်းလှမြို့နယ် ကြက်ခြေနီအသင်း၏ ဆက်သွယ်ပေးမှု၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (ICRC) က ကူညီပံ့ပိုးမှုတို့ဖြင့် ဒေါ်လှသောင်းမှာ ခြေတုတပ်လာနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ခြေတုတပ်အသွားအပြန် ခရီးစရိတ်၊ စားစရိတ်၊ နေစရာနှင့် ခြေတုကိုလည်း အခမဲ့တပ်ဆင်ပေးပြီး မည်သည့်ကုန်ကျစရိတ်မျှမရှိကြောင်း၊ ယခုအခါ ဘုန်းကြီးကျောင်းသွားသည်ကအစ ချိုင်းထောက်မလိုဘဲ လုပ်နိုင်ပြီဖြစ်၍ မိမိကဲ့သို့ ဒုက္ခရောက်နေသူများ ကြက်ခြေနီအသင်းနှင့် ဆက်သွယ်ဆောင်ရွက်ကြရန်လိုပါကြောင်း ဒေါ်လှသောင်းက ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ဥယျာဉ်မှူးချောင်း ရေတိုက်စားမှုကြောင့် တုံးကြီးကျေးရွာနေအိမ်အချို့ ပြောင်းရွှေ့



**ရေတာရှည် အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းရေလှောင်တမံအောက်ဘက်ရှိ တုံးကြီးကျေးရွာအတွင်း ဖြတ်သန်းစီးဆင်းနေသည့် ဥယျာဉ်မှူးချောင်း ရေတိုက်စားမှုကြောင့် လူနေအိမ်အချို့ရွှေ့ပြောင်းခဲ့ရပြီး ကျေးရွာအထက်ပိုင်းတွင် ချောင်းလွှဲတည်ဆောက်လျက်ရှိရာတွင် နည်းပညာနှင့်ငွေကြေးအကူအညီလိုအပ်နေကြောင်း တုံးကြီးကျေးရွာ ရပ်မိရပ်ဖဖြစ်သည့် ဦးမောင်ကြီးက ပြောပြသည်။ "ချောင်းက မိုးရာသီဆိုရင် ရေစီးအလွန်ကြမ်းတယ်၊ နှစ်တိုင်း အိမ်ခြေ ၅၀ လောက် ရေမြုပ်တာခံနေရတာ၊ ခုရွာရဲ့အထက် နှစ်ဖာလုံလောက်မှာ ချောင်းလွှဲလုပ်နေတာ၊ ၁၀ သိန်း လောက်ကုန်သွားပြီ၊ ရွာသားတွေလည်း ငွေကြေးမတတ်နိုင်တော့ဘူး။ အခက်အခဲတွေဖြစ်နေပြီ"ဟု ဦးမောင်ကြီးကလက်ရှိကြုံတွေ့နေရသည့် အခက်အခဲကို ရှင်းပြခဲ့သည်။ ရေတိုက်စားမှုကြောင့် ယခင်နှစ်က လူနေအိမ်လေးလုံး ရွှေ့ပြောင်းခဲ့ရပြီး ယခုနှစ်မိုးရာသီတွင် တစ်အိမ်ထပ်မံရွှေ့ပြောင်းခဲ့ရသည်ဟု ဦးမောင်ကြီးကပင် ဆက်လက်ပြောပြသည်။

**ကိုလွင်(ဆွာ)**

# တရားမဝင် ဘက်ထရီရှော့တိုက်(ကျဉ်စက်)ဖြင့် ငါးဖမ်းဆီးသူများကို ဖမ်းဆီးအရေးယူ

**ဖြူး အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်အတွင်းရှိ အင်းအိုင်ချောင်းမြောင်းများတွင် တရားမဝင်ဘက်ထရီရှော့တိုက်(ကျဉ်စက်)ဖြင့် ငါးများဖမ်းဆီးလျက်ရှိကြောင်း သတင်းအရ တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်အေး၊ ဖြူးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ခင်မျိုးနိုင်နှင့်ဝန်ထမ်းများ၊ နတ်သံကွင်းရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များပါဝင်သောအဖွဲ့သည် အောက်တိုဘာ ၁၈ ရက် မွန်းလွဲပိုင်းက ကွင်းဆင်းစစ်ဆေးကြရာ စစ်တောင်းမြစ်ဘေးရှိ နတ်သံကွင်းချောင်းအတွင်း ဘက်ထရီရှော့တိုက် (ကျဉ်စက်) ဖြင့် တရားမဝင်ငါးဖမ်းဆီးနေသူ ဦးဝင်းစိုးအောင်(၄၅ နှစ်) ကျောက်ကြီးမြို့နယ် နတ်သံကွင်းကျေးရွာနေသူအား ငါးဖမ်းပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဘက်ထရီရှော့တိုက်(ကျဉ်စက်)ဖြင့် တရားမဝင်ငါးဖမ်းသူ ဦးဝင်းစိုးအောင်ကို ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ(၅၅)ဖြင့် နတ်သံကွင်းရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# မြို့လုံးကျွတ်ဆွမ်းဆန်တော် လှိုင်ကော်၌ လောင်းလှူ



**လှိုင်ကော် အောက်တိုဘာ ၂၁**

ကယားပြည်နယ် လှိုင်ကော်မြို့ သမိုင်းဝင်မြို့နာမ်ရွှေစေတီတော်မြတ်ကြီး၏ မြို့လုံးကျွတ်ဆွမ်းဆန်တော်လောင်းလှူပွဲကို အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီက သမိုင်းဝင်မြို့ နာမ်ရွှေစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ ကျင်းပသည်။

အဆိုပါ ဆွမ်းဆန်တော်လောင်းလှူပွဲသို့ ကယားပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများနှင့် လှိုင်ကော်မြို့နယ်ရှိ အလှူရှင်များက ထေရဝါဒ၊ ပရိယတ္တိဝန်ဆောင်စာသင်တိုက်အသီးသီးနှင့် သီလရှင်စာသင်တိုက်များမှ သံဃာတော်အပါး ၁၄၅၀ နှင့် သီလရှင် ၂၃၅ ပါး စုစုပေါင်း ၁၆၈၅ ပါးတို့ကို သံဃာ့ဒါနဆွမ်းဆန်တော်များ လောင်းလှူကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# နေရောင်ခြည်စွမ်းအင်သုံးစွဲမည့် ပစ္စည်းများပြသ

**သရက် အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ကျေးလက်မီးလင်းရေး လုပ်ငန်းများအတွက်ဆောင်ရွက်ရန် သတ်မှတ်ထားသည့်နေရောင်ခြည်စွမ်းအင်သုံး မီးလင်းရေးအတွက် ဆိုလာစနစ်ဖြင့် အသုံးပြုမည့်ပစ္စည်းများ ရှင်းလင်းပြသခြင်းကို အောက်တိုဘာ ၁၇ ရက် နံနက် ၁၁ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်လှ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်း၊ မြို့နယ်အထောက်အကူပြုဥက္ကဋ္ဌ ဦးတင်အောင်မြင့်၊ အတွင်းရေးမှူး ဦးဝင်းတင်နှင့် အဖွဲ့ဝင်များတက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် အေးချစ်ပိုင်ကုမ္ပဏီ မန်နေဂျာ ဦးသက်နိုင်က ဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေးဆောင်ရွက်ရာတွင် အသုံးပြုမည့်ပစ္စည်းများကို နားလည်သဘောပေါက်ပြီး အသုံးပြုတတ်စေရန် ရှင်းလင်းဆွေးနွေးပေးခဲ့ရာ တက်ရောက်သည့်အထောက်အကူပြုကော်မတီများမှ အိမ်ထောင်တစ်စုအတွက် ဆိုလာယူနစ်တစ်ခုတပ်ဆင်ပြီး အသုံးပြုပါက မည်ကဲ့သို့သောပစ္စည်းများ အသုံးပြုရမည်ကို မေးမြန်းသည်။ ဆိုလာယူနစ်တစ်ခုတွင် (10 W LED) မီးချောင်းနှင့် (3W LED) မီးလုံးနှစ်လုံးတပ်ဆင်ပြီး တစ်ပြိုင်နက်သုံးပါက ခြောက်နာရီကြာ သုံးစွဲနိုင်ကြောင်းနှင့် ကျေးရွာနေပြည်သူများကို သွားရောက်တပ်ဆင်ပေးပါက ကျေးရွာနေပြည်သူများ နားလည်သဘောပေါက်ပြီးအလွယ်တကူ အသုံးပြုတတ်စေရန် ရှင်းလင်းဆွေးနွေးပေးပြီး လက်တွေ့သရုပ်ပြသပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

**ပျောက်ဆုံးကြောင်း**

ဦးစိုင်းနွယ်သိန်း ၁၂/ဗဟန(နိုင်)၀၁၀၅၆၉၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဦးစိုင်းနွယ်သိန်း**
**ဖုန်း-၀၉-၄၉၃၁၀၁၁၇**

**တရားဝင်ဇနီးဖြစ်ကြောင်း**

ယုဇနဥယျာဉ်မြို့တော်၊ အင်ကြင်းလမ်းနေ ဦးဌေးရီ (အနောက်ပိုင်းခရိုင် တရားသူကြီး)-ဒေါ်ဘေဘီသိန်းလှတို့၏သား ကိုကိုအောင်သည် ကွမ်းခြံကုန်းမြို့၊ မင်းပိုင်းရပ်ကွက်နေ ဦးမြမောင် (ထွေအုပ်-ငြိမ်း)- ဒေါ်နုနုအေးတို့၏သမီး ခင်ငြိမ်းငြိမ်းခန့်မှာ ယနေ့ထက်တိုင် တရားဝင်ဇနီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။
**(စုံစမ်းမေးမြန်းနိုင်ပါသည်။)**
**ခင်ငြိမ်းငြိမ်းခန့်**

**တေဇ(၁၆)၏ (၂၅)နှစ်မြောက်**
**ကျောင်းဆင်းနှစ်ပတ်လည်နေ့ ဖိတ်ကြားခြင်း**

တေဇ(၁၆)ကျောင်းဆင်းသူငယ်ချင်းများ၏(၂၅)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့မိတ်ဆုံစားပွဲနှင့်ကျဆုံး/ကွယ်လွန်သွားကြ သောသူငယ်ချင်းများအတွက် ရည်စူး၍အလှူဒါနပြုလုပ်ခြင်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါ၍ သူငယ်ချင်းများနှင့် မိသားစုဝင်များအားလုံး တက်ရောက်ပါဝင်လှူဒါန်းနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

နေ့ရက်-၂၅-၁၀-၂၀၁၄(စနေနေ့)
အချိန်-နံနက်(၉)နာရီ
နေရာ-မိုးကုတ်ဆွမ်းစားဆောင်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၊ကမ္ဘာအေးကုန်းမြေ၊မရမ်းကုန်းမြို့နယ်။
ဆက်သွယ်-၀၉-၅၅၄၅၆၆၆၊ ၀၉-၈၆၃၃၉၅၆၊ ၀၉-၅၁၉၇၂၃၀
လှူဒါန်းရန်-CB Bankစော်ဘွားကြီးကုန်း၊ ငွေစာရင်းအမှတ် ၀၆၃၂၀၁၀၀၂၈၆

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၁-၁၀-၂၀၁၄ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၁၀)ပါ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ နေပြည်တော်၏ ဒုတိယဦးစီးမှူးရာထူးနေရာများအတွက် လူတွေ့ဖြေဆိုရမည့်ရက် ကြေညာခြင်းကြော်ငြာတွင် လူတွေ့စစ်ဆေးမည့်ရက် ၁၆-၁၀-၂၀၁၄ရက် (တနင်္ဂနွေနေ့)အစား ၂၆-၁၀-၂၀၁၄ရက် (တနင်္ဂနွေနေ့)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဓါနိဝင်းနှင့်ရောင်းရင်းများ၏**
တောင်ကြီး/ပြင်ဦးလွင် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်သို့ Nov 4 ထွက်မည်
▲တောင်ကြီး၊ ပင်းတယ၊ ကဲ့လုံ၊ မွေတော်ကက္ကူ၊ ထမ့်စမ်း၊ လိုက်ဂူ **သောကြာနေ့တိုင်း**
▲ပုပ္ပါး၊ ပုဂံ(ရွှယ်တော်လေးဆူ)၊ ပခုက္ကူ၊ စလေ ▲ပုပ္ပါး၊ ပုဂံ(ရွှယ်တော်လေးဆူ)၊ မန္တလေး၊ ပြင်ဦးလွင် ▲မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ ▲မူဆယ်၊ ရွှေလီ
▲ထားဝယ်၊ ရှင်ကိုးရှင်၊ မောင်းမကန် ▲ ကျိုက္ကမီ၊ စက်စဲ၊ မော်လမြိုင် ဘုရားစုံ
▲ပြည် အကောက်တောင် လမ်းဘုရားစုံ▲မဲလဲဆံတော်ရှင်၊ ကျိုက်ပီရယာန္တာ(စနေ)
▲ဖလွန်ပြည်တော်ပြန် (တနင်္ဂနွေ) ▲ကျိုက်ထီးရိုး/ ချောင်းသာ(နေ့စဉ်)
၂၂၉၊ ပန်းဆိုးတန်းလမ်း(အပေါ်လမ်း) 249871, 255553, 389611, 09-5137245

**အမည်မှန်**
ဦးငွါးမယ်၏သမီး မငွားမဇား တက္ကသိုလ်ဝင်တန်း(င)၊ အထက၊ တပ်ကြီးကုန်း၊ မော်ဘီမြို့၏ အမည်မှန်မှာ မငွားမစား ၁၃/ကသန(နိုင်)၀၃၆၀၆၀ ဖြစ်ပါသည်။ **မငွားမစား**

**ဖခင်အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အထက (၇)၊ တက္ကသိုလ်ဝင်တန်း (D)မှ မဝေဝေခိုင်၏ဖခင်အမည်မှန်မှာ ဦးကျော်စွာ ၁၄/ပသန(နိုင်)၂၁၈၅၆၀ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**
စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ အထက၊ ညောင်ကိုင်း၊ တက္ကသိုလ်ဝင်တန်းမှ မသူဇာလှိုင်နှင့် စတုတ္ထတန်းမှ မောင်သက်ဖြိုးအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်လှိုင် ၅/တဆန(နိုင်)၁၁၄၄၆၇ ဖြစ်ပါကြောင်း။ **ဦးကျော်လှိုင်**

အာဝေဇ္ဇ အမှတ်တံဆိပ်
ဟေ...ဟေလွန်းရင် အာဝေဇ္ဇ
အာဖော်လို့ နှလုံးအားတိုးဆေး
ကိုသုံးပါကွယ်...
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-000930 (1016)
ပင်ရင်း - အာဝေဇ္ဇတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ် (၁၀)၊ အောင်သုခလမ်း၊ ပုသိမ်မြို့။ ဖုန်း ၀၄၂-၂၄၄၃၂
တိုင်းရင်းဆေးပညာဦးစီးဌာန ကြော်ငြာခွင့်ပြုချက် တဆဝက(တနယ်ဝင်း) ၀၃၆/၀၇၁၄

LMA
လွင်မြင့်အောင် မြင်းခွာရွက်ဆေးရည်
အမှတ်တံဆိပ်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR ၀၀၅၃၉၄ (၀၅၁၃)
စိတ်ဖိစီးမှုလျော့ပါးစေရန် ၊ ဆီးကောင်းစေရန်၊
ခွန်အားသစ်ဖြစ်စေရန်၊ မှတ်ဉာဏ်ကောင်းစေရန်၊
အရွယ်တင်နုပျိုစေရန် သောက်သုံးနိုင်ပါသည်။
Certificate TH09/3125
ISO 9001:2008 နှင့် GMP လက်မှတ်ရ Lwin Myint Aung Industrial Co.,Ltd. (၄/၂၀၀၀ တဆထလ(တိုး) ၉၉၈) အမှတ် ၁၃၀/၇၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။
Certificate TH06/3966.02

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ရှမ်းပြည်နယ်၌ လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းဖွင့်

**တောင်ကြီး အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ရှမ်းပြည်နယ်ရှိ အစိုးရဝန်ထမ်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ မြန်မာနိုင်ငံ ဆရာဝန်များအသင်းရုံး၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်နယ်ဥပဒေချုပ် ဦးမောင်မောင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က အလုပ်ရုံ သင်တန်းနှင့်ပတ်သက်၍ အမှာစကား ပြောကြားကြောင်းသိရသည်။

ဆက်လက်၍ အဖွဲ့ဝင် ဒေါ်မြမြက အဓိက လူ့အခွင့်အရေးစာချုပ် (၉) ခု+ ကုလသမဂ္ဂလူ့အခွင့်အရေး ယန္တရားအကြောင်းကို လည်းကောင်း၊ အဖွဲ့ဝင် ဒေါက်တာ ဒေါ်သန်းနွဲ့က ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းကို လည်းကောင်း သင်ကြားပို့ချပြီး အဖွဲ့လိုက် ဆွေးနွေးကြသည်။

လူ့အခွင့်အရေးဆိုင်ရာ အသိပညာ ဗဟုသုတများကို ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများမှ တစ်ဆင့်ပြန့်ပွားစေရန်၊ လူ့အခွင့်အရေးဆိုင်ရာ အယူအဆများ၊ယန္တရားစနစ်များကိုသိရှိစေရန်၊ မြန်မာနိုင်ငံက အတည်ပြု လက်မှတ်ရေးထိုးထားသော လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် သုံးခုကိုရှင်းလင်းစွာ သိရှိနားလည်စေရန်၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းမှုနှင့် ဆောင်ရွက်ချက်များ သိရှိစေရန်စသည့် ရည်ရွယ်ချက်များနှင့် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်းသိရသည်။

ရှမ်းပြည်နယ်ရှိ အစိုးရအရာထမ်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းကို သုံးရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၁-၁၀-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၂၈၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၁၀၀၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၂၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၉၄-၉၉၇ |
| ဥရောပ | တစ်ယူရို | ၁၃၄၀-၁၃၄၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၉-၇၈၅ |
| ထိုင်း | တစ်ဘတ် | ၃၂.၅-၃၂.၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၂၃ |
| တရုတ် | တစ်ယွမ် | ၁၆၂-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀-၃၀၇ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| မိုးဆန်(ဧယာအသစ်) | တစ်အိတ် | ၁၆၀၀၀-၁၆၂၀၀ |
| ပေါက်ကျွဲ(အသစ်) | တစ်အိတ် | ၂၂၅၀၀-၂၃၀၀၀ |
| ပေါ်ဆန်း(အသစ်) | တစ်အိတ် | ၂၈၅၀၀-၃၂၅၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၃၉၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၄၅ |
| ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၇၅-၄၅၀ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၄၀၀-၁၉၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၆၀၀ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၅၅၀-၇၀၀ |
| ရေတ်ရှည်(မိုးထောင်) | တစ်ပိဿာ | ၂၃၅၀ |
| ရေတ်ပွ(စိမ်းစား) | တစ်ပိဿာ | ၄၀၀၀-၅၀၀၀ |
| သကြား | တစ်ပိဿာ | ၉၀၀-၉၂၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

# တောင်သူတို့စပါးရင့်မှည့်ချိန် စာကလေးအုပ်များကျရောက်

**ရေတာရှည် အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးစပါးရင့်မှည့်သည့် ယခုအချိန်တွင် စာကလေးအုပ်များ နေ့စဉ်ရာနှင့်ချီကာ ကျရောက်မှုကြောင့် တောင်သူများအခက်ကြုံလျက်ရှိကြောင်း သိရသည်။

ကျေးလက် လယ်ကွင်းများအတွင်း ကျက်စားလျက်ရှိသည့် စာကလေးများသည် တောင်သူများ စပါး ရင့်မှည့်ချိန်တွင် အစာအဖြစ် စားလေ့ရှိခြင်းကြောင့် ခြောက်လှန့်နေရကြောင်း တောင်သူတစ်ဦးက ပြောပြသည်။ "စာကလေးအုပ်တွေက အကောင်ရေရာနဲ့ချီတယ်။ ဒီဘက်က ခြောက်ရင် တခြားစပါးခင်းဆီသွားပြန်တာပဲ။ အုပ်လိုက်ကျပြီးရင် အောက်မှာ စပါးစေ့တွေဖွေးနေတာ၊ စာခြောက်ရုပ်တွေ လုပ်ထားလည်း မကြောက်တော့ဘူး။ အဲဒီအရုပ်ပေါ်မှာကိုနားနေကြတာ" ဟု အထက်ပါတောင်သူကရှင်းပြသည်။

စာကလေးငှက်များမှာ စာဝတီးနှင့် စာခေါင်း ကွက်ဟူ၍ နှစ်မျိုးရှိပြီး စာခေါင်း ကွက်သည် မိုးရာသီတွင် အုန်းပင် များနှင့် ထန်းပင်များ၌ အသိုက်ပြုလုပ်ကာ သားပေါက်လေ့ရှိပြီး စာဝတီးသည် ကျေးလက်နေအိမ်များတွင် အများဆုံးနေထိုင်လေ့ရှိသည်ကို တွေ့ရှိရသည်။ စပါးပေါ်ချိန်တွင် ကျေးရွာများနှင့်နီးစပ်သည့် စပါးစိုက်ခင်းများကို အုပ်စုလိုက် စားသောက်ကြခြင်းကြောင့် တောင်သူများ အခက်ကြုံရခြင်းဖြစ်သည်။ **ကိုလွင်(ဆွာ)**

**အလိမ္မာ စာမှာရှိ**



# မိုးအဆက်မပြတ်ရွာသွန်း စပါးများမရိတ်သိမ်းနိုင်

**ဗန်းမော် အောက်တိုဘာ ၂၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင်တွင် စပါးများ စတင်ရိတ်သိမ်းနေကြပြီဖြစ်သော်လည်း မိုးဆက်လက်ရွာသွန်းမှုကြောင့် တောင်သူလယ်သမားများ စပါးများမရိတ်သိမ်းနိုင်ကြောင်း သိရသည်။

"အောက်တိုဘာ ၁၆၊ ၁၇၊ ၁၉ ရက်များမှာ မိုးဆက်တိုက်ရွာခဲ့တယ်။ စပါးတွေရင့်မှည့်ပြီး ရိတ်သိမ်းချိန်ဖြစ်ပေမယ့် မိုးအဆက်မပြတ်ရွာနေလို့ စပါးရိတ်သိမ်းမှု ခေတ္တရပ်နားခဲ့ရတယ်။ ရင့်မှည့်ချိန်ဖြစ်လို့ စပါးပင်တွေလဲကျမှာကို တောင်သူတွေ စိုးရိမ်နေကြတယ်"ဟု စီဟဲကျေးရွာ စပါးစိုက်တောင်သူ ဦးကိုလေးက ပြောသည်။ **ဝါဝါ(ဗန်းမော်)**

## အမျိုးသားလွှတ်တော်ရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**e-Government လုပ်ငန်းစဉ်များဆိုင်ရာ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ အမျိုးသားလွှတ်တော်၊ e-Government လုပ်ငန်းများဆောင်ရွက်ရန်အတွက် အောက်ပါလုပ်ငန်းများအပ်နှံလိုပါသဖြင့် လုပ်ငန်းအတွေ့အကြုံရှိသော ကုမ္ပဏီများအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Local Area Network (LAN) တည်ဆောက်ခြင်းလုပ်ငန်း

(ခ) Video Conferencing System တည်ဆောက်ခြင်းလုပ်ငန်း

(ဂ) EDMS, GPMS System ချိတ်ဆက်တည်ဆောက်ခြင်းလုပ်ငန်း

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၄-၁၀-၂၀၁၄ ရက် (သောကြာနေ့)

**တင်ဒါပိတ်မည့်ရက်** - ၃၁-၁၀-၂၀၁၄ ရက် (သောကြာနေ့)

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းဝယ်ယူနိုင်ပါသည်-

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

**အမျိုးသားလွှတ်တော်ရုံး၊ လွှတ်တော်ဝင်း၊ နေပြည်တော်**

ဖုန်း-၀၆၇-၅၉၁၂၃၅၊ ၅၉၁၂၆၈

## ငွေရတု မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးစိုင်းသော်ဝင်း (ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)နှင့် ချစ်မေမေ ဒေါ်ဥမ္မာနေထွန်းတို့၏ ၂၁-၁၀-၂၀၁၄ ရက်တွင် ကျရောက်သော ငွေရတုမင်္ဂလာရက်မြတ်မှသည် ရတုအဆက်ဆက်တိုင်အောင် ဘဝ၌ သာယာဖြောင့်ဖြူးပြီး ကျန်းမာ၊ ချမ်းသာစွာဖြင့် ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သမီးများ**

**မြဖူးခင်** B.A(Japanese) YUFL, Team Secretary (Mitsubishi Research Institute, Inc.)

**ဖွေးဆုသော်** 1st Year (English), SEAMEO CHAT

**ဆုလှဲ့ဝင်း** Grade-8 အထက(၄)၊ တောင်ကြီး

## ခိုနားရာဆရာတော် သာသနာ့ဝေပုလ္လဓမ္မရိပ်သာ ကထိန်အလှူဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မူလဥယျာဉ်တိုက်၊ သာသနာ့ ဝေပုလ္လဓမ္မရိပ်သာကျောင်း၏ ဆဋ္ဌမအကြိမ်မြောက် မဟာဘုံကထိန်အလှူကို ၁၃၇၆ခုနှစ် တန်ဆောင်မုန်းလဆန်း (၁၁) ရက် (၂-၁၁-၂၀၁၄)(တနင်္ဂနွေနေ့) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ယောဂီသူတော်စင်များနှင့် ဓမ္မမိတ်ဆွေအပေါင်းတို့အား ကြွရောက်ပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

အလှူရှင်

ဦးမြင့်ဆွေ-ဒေါ်ခင်ညိုလှ မိသားစု နှင့်

ခိုနားရာ သာသနာပြုအဖွဲ့

စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

## CLAIMS DAY NOTICE
## M.V NOCC PAMPLONA VOY:NO(6)

Consignees of cargo carried by M.V NOCC PAMPLONA VOY: NO. (6) are here by notified that the vessel will arrive on about 23-10-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အင်းလေးဟိုတယ်ဇုန် မြေကွက်ဝယ်ယူခွင့်ရရှိထားသူများ သိရှိစေရန် ကြေညာချက်

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် အင်းလေးဒေသ၌ ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး ညောင်ရွှေမြို့နယ်၊ အင်းလေးကန်အရှေ့ဘက်ခြမ်း၊ မြေအကျယ် ၆၂၂ ဧကတွင် မြေကွက်အမျိုးအစားအလိုက် A ဇုန်၊ B ဇုန်၊ C ဇုန်အဖြစ်ဖော်ထုတ်ပြီး တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ ၁၁-၄-၂၀၁၃ရက်တွင် မြေကွက်လျှောက်ထားသူများအား မဲစနစ်ဖြင့် နေရာချထားပေးခဲ့ပြီး ဖြစ်ပါသည်။

၂။ ထို့အပြင် ဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီမှလည်း အခြေခံလမ်းတံတားနှင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများအား ၁၀၀ ရာခိုင်နှုန်း တည်ဆောက်ပေးခဲ့ပြီး စက်လှေဆိပ်တည်ဆောက်ရေးနှင့် ဆက်သွယ်ရေးကွန်ရက်လုပ်ငန်းများအား ဆက်လက်အကောင်အထည်ဖော်လျက်ရှိပါသည်။

၃။ ဟိုတယ်ဇုန်မြေကွက်ဝယ်ယူခွင့်ရရှိထားသည့် လုပ်ငန်းရှင်များအား တန်ဖိုးငွေများအကျေပေးသွင်းရန် ၂၂-၁-၂၀၁၄ရက်နှင့် ၁၃-၃-၂၀၁၄ရက်တို့တွင် နှစ်ကြိမ်အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ငွေအကျေပေးသွင်းပြီးသည့် လုပ်ငန်းရှင်များအား သက်ဆိုင်ရာအခွန်အခများပေးသွင်းပြီး မြေစာရင်းပုံစံ ၁၀၅ ရေးဆွဲရန်နှင့် စက်မှုမြေငှားဂရန်ထုတ်ပေးနိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ပေးရန်ရှိပါ၍ ငွေအကျေပေးသွင်းပြီးသည့် လုပ်ငန်းရှင်များမှ မြေစာရင်းပုံစံ(၁၀၅)နှင့် စက်မှုမြေငှားဂရန်လျှောက်ထားရန် ပွင့်လင်းရာသီအမီတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ပါရန်နှင့် ငွေပေးသွင်းရန်ကျန်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် ၂၀၁၄ခုနှစ် နိုဝင်ဘာ ၃၀ရက် နောက်ဆုံးထားပေးသွင်းကြပါရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။

**အင်းလေးဒေသဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ**

## "ရှုထောင့်"သတင်းမီဒီယာ၏ နှစ်ပတ်လည်မိတ်ဆုံစားပွဲနှင့်ပျော်ပွဲရွှင်ပွဲ

အဖွဲ့ဝင်အားလုံး ညစာစားပွဲလက်မှတ်ဝယ်ယူ၍ တက်ရောက်နိုင်ပါကြောင်း။

(၂၈-၁၁-၂၀၁၄)ရက်၊ သောကြာနေ့တွင် ပြည်မြို့၌ကျင်းပမည်။

## မြေညီထပ် ရောင်းမည်(ညှိနှိုင်းဈေး)

မဟာဗန္ဓုလတံတားကြီးဘေး၊ ကားလမ်းမဘေး၊ ဒေါပုံ(ယမုံနာအိမ်ယာ)သင်္ဘောသားရုံးအနီး၊ (16'x60') တစ်အိမ်လုံးအတွင်း/အပြင်ကြွေပြားကပ်၊ ရောင်းသူအမည်ပေါက်၊ အရှုပ်အရှင်းကင်း 0931448200, 0973065196

## ဥရောပချန်ပီယံလိဂ် အုပ်စုပွဲစဉ်များ (သီဟ)

**ချန်ပီယံလိဂ် အုပ်စု(က) — အောက်တိုဘာ ၂၃**

| | | | |
|---|---|---|---|
| အက်သလက်တီကို | - | မယ်လ်မို | နံနက် ၁း၁၅ |
| အိုလံပီယာကို့စ် | - | ဂျူဗင်တပ်စ် | နံနက် ၁း၁၅ |

**ချန်ပီယံလိဂ် အုပ်စု(ခ) — အောက်တိုဘာ ၂၃**

| | | | |
|---|---|---|---|
| လူဒိုဂိုရက်စ် | - | ဘေဆယ်လ် | နံနက် ၁း၁၅ |
| လီဗာပူးလ် | - | ရီးရဲမက်ဒရစ် | နံနက် ၁း၁၅ |

**ချန်ပီယံလိဂ် အုပ်စု(ဂ) — အောက်တိုဘာ ၂၃**

| | | | |
|---|---|---|---|
| လေဗာကူဆင် | - | ဇင်းနစ် | နံနက် ၁း၁၅ |
| မိုနာကို | - | ဘင်ဖီကာ | နံနက် ၁း၁၅ |

**ချန်ပီယံလိဂ် အုပ်စု(ဃ) — အောက်တိုဘာ ၂၃**

| | | | |
|---|---|---|---|
| အန်ဒါလက်ချ် | - | အာဆင်နယ် | နံနက် ၁း၁၅ |
| ဂါလာတာစာရေး | - | ဒေါ့မွန် | နံနက် ၁း၁၅ |

### ချန်ပီယံလိဂ် အုပ်စုပွဲစဉ် ရပ်တည်မှုများ

**အုပ်စု(က)**

| စဉ် | အသင်း | ပွဲစဉ် | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁။ | ဂျူဗင်တပ်စ် | ၂ | ၁ | ၀ | ၁ | ၃ |
| ၂။ | အက်သလက်တီကို | ၂ | ၁ | ၀ | ၁ | ၃ |
| ၃။ | မယ်လ်မို | ၂ | ၁ | ၀ | ၁ | ၃ |
| ၄။ | အိုလံပီယာကို့စ် | ၂ | ၁ | ၀ | ၁ | ၃ |

**အုပ်စု(ခ)**

| စဉ် | အသင်း | ပွဲစဉ် | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁။ | ရီးရဲမက်ဒရစ် | ၂ | ၂ | ၀ | ၀ | ၆ |
| ၂။ | ဘေဆယ်လ် | ၂ | ၁ | ၀ | ၁ | ၃ |
| ၃။ | လီဗာပူးလ် | ၂ | ၁ | ၀ | ၁ | ၃ |
| ၄။ | လူဒိုဂိုရက်စ် | ၂ | ၀ | ၀ | ၂ | ၀ |

**အုပ်စု(ဂ)**

| စဉ် | အသင်း | ပွဲစဉ် | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁။ | ဇင်းနစ် | ၂ | ၁ | ၁ | ၀ | ၄ |
| ၂။ | မိုနာကို | ၂ | ၁ | ၁ | ၀ | ၄ |
| ၃။ | လေဗာကူဆင် | ၂ | ၁ | ၀ | ၁ | ၃ |
| ၄။ | ဘင်ဖီကာ | ၂ | ၀ | ၀ | ၂ | ၀ |

**အုပ်စု(ဃ)**

| စဉ် | အသင်း | ပွဲစဉ် | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁။ | ဒေါ့မွန် | ၂ | ၂ | ၀ | ၀ | ၆ |
| ၂။ | အာဆင်နယ် | ၂ | ၁ | ၀ | ၁ | ၃ |
| ၃။ | အန်ဒါလက်ချ် | ၂ | ၀ | ၁ | ၁ | ၁ |
| ၄။ | ဂါလာတာစာရေး | ၂ | ၀ | ၁ | ၁ | ၁ |

# စပါးတို့ရှုန်းထရမယ့် ယူရိုပါလိဂ် အုပ်စုပွဲစဉ်(၃)

ယူရိုပါလိဂ်အုပ်စု ပွဲစဉ်(၃)ကို အောက်တိုဘာ ၂၄ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားပါလိမ့်မယ်။ ဒီပွဲစဉ်တွေမှာ စပါး၊ ဗီလာရီးရဲလ်၊ အင်တာမီလန်၊ ပီအက်စ်ဗီအသင်းတွေရဲ့ စွမ်းဆောင်မှု ဘယ်လောက်အထိကောင်းမလဲကြည့်ရမှာဖြစ်ပြီး ရလဒ်ပြတ်သားမှု ရှိ မရှိကိုလည်း အားပေးအကဲခတ်ရဦးမှာဖြစ်ပါတယ်။

**စပါးနှင့် ထရီပိုလစ်**

အုပ်စု (C)မှာ စပါးတို့ နှစ်ပွဲကစား၊ နှစ်မှတ်နဲ့ အုပ်စုဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ ဂရိကလပ် ထရီပိုလစ်တို့ကတော့ အုပ်စုထိပ်ဆုံးမှာရပ်တည်နေပြီး တိုက်စစ်မှူးတွေရဲ့အားထုတ်မှုကောင်းမွန်နေတာမို့ စပါးတို့ အိမ်ကွင်းဆိုပေမယ့် မလွယ်ပါဘူး။ ဒါပေမယ့် အိမ်ရှင်အတွက် အမှတ်ရနိုင်တဲ့ပွဲပါ။

**ဗီလာရီးရဲလ်နှင့် ဇူးရစ်**

အုပ်စု (A)မှာ ဗီလာရီးရဲလ်တို့ နှစ်ပွဲကစားပြီးချိန်မှာ လေးမှတ်ရပြီး ထိပ်ဆုံးမှာရပ်တည်နေပါတယ်။ ဆွစ်ဇာလန်ကလပ်ဇူးရစ်ဟာ ခံစစ်ပိုင်းချို့ယွင်းမှုရှိနေတာမို့ အခုပွဲမှာလည်း အမှတ်မျှော်လင့်ချက်ထားလို့ မရနိုင်ပါဘူး။ ဗီလာရီးရဲလ်အတွက် နိုင်ပွဲကိုဖော်ထုတ်နိုင်ပါလိမ့်မယ်။

**အင်တာမီလန်နှင့် စိန့်အီတင်း**

ပြင်သစ်ကလပ် စိန့်အီတင်းဟာ အုပ်စု (F)မှာတော့ သွင်းဂိုး၊ ပေးဂိုးမရှိဘဲ နှစ်ပွဲကစား၊ နှစ်မှတ်နဲ့အုပ်စုဒုတိယနေရာမှာရပ်တည်နေပါတယ်။ နှစ်သင်းစလုံးကစားပုံမာကျောပေမယ့် တိုက်စစ်၊ ခံစစ်အားကောင်းတဲ့ အင်တာမီလန်ကိုပဲ ရွေးရမှာပါ။

**ပီအက်စ်ဗွီနှင့် ပါနာသီနာကို့စ်**

ဟော်လန်ကလပ် ပီအက်စ်ဗွီရော ဂရိကလပ်ပါနာသီနာကို့စ်တို့ နှစ်သင်းစလုံး ခြေစွမ်းပိုင်းအားရစရာမကောင်းပါဘူး။ ပါနာသီနာကို့စ်ဟာ ခံစစ်ပိုင်းယိမ်းယိုင်ပြီး ပြိုင်ဘက်တိုက်စစ်မှူးတွေကို ဟန့်တားရာမှာ အားနည်းချက်ရှိနေတာမို့ ဒီပွဲမှာ အိမ်ရှင်အတွက် မျှော်လင့်ချက်ပြည့်ဝနိုင်တဲ့ပွဲပါ။

**တိုရီနိုနှင့် ဟယ်ဆင်ကီ**

စီးရီးအေကလပ် တိုရီနိုဟာ ခြေစွမ်းပုံမှန်မရသေးပေမယ့် ဖင်လန်ကလပ် ဟယ်ဆင်ကီတို့ကတော့ ပြည်တွင်းလိဂ်မှာ ထိပ်ဆုံးကဦးဆောင်နေပါတယ်။ ဒါပေမယ့် တိုရီနိုဟာ အုပ်စု (B)မှာ ရှုံးပွဲမရှိသေးတာမို့ ဟယ်ဆင်ကီတို့အမြင့်ဆုံးမျှော်မှန်းနိုင်တာက တစ်မှတ်ပါပဲ။

**ဘရူဂျက်နှင့် ကိုပင်ဟေဂင်**

ဘယ်လ်ဂျီယံကလပ် ဘရူဂျက်နဲ့ ဒိန်းမတ်ကလပ်ကိုပင်ဟေဂင်တို့ဟာ ခြေရည်တူပြီး အကြိတ်အနယ်ရှိမယ့်ပွဲဖြစ်ပါတယ်။ ဘရူဂျက်ဟာ အုပ်စု (B)မှာတော့ နှစ်ပွဲကစား၊ လေးမှတ်ရပြီး ထိပ်ဆုံးမှာရပ်တည်နေတဲ့ အသင်းဖြစ်ပါတယ်။ ကိုပင်ဟေဂင်ဟာ တိုက်စစ်ပိုင်းအားနည်းနေတာမို့ အိမ်ရှင်ရဲ့အားထုတ်မှုအပေါ် ဂိုးရေတွက်ရမှာဖြစ်ပါတယ်။

**ဆဲလ်ဘတ်နှင့် ဒိုင်နမိုဇာဂရက်**

ဩစတြီးယားကလပ် ဆဲလ်ဘတ်နဲ့ ခရိုအေးရှားကလပ် ဒိုင်နမိုဇာဂရက်တို့ပွဲကတော့ ကြည့်ကောင်းမယ့်ပွဲပါ။ ဆဲလ်ဘတ်က ခံစစ်ပိုင်းအားနည်းချက်ရှိနေပါတယ်။ ဒါပေမယ့် ကစားအားကောင်းတဲ့ အိမ်ရှင်တို့ အမှတ်ပြည့်ရမယ့်ပွဲပါပဲ။

**မိုးမြင့်လင်းလက်**

## ဝက်စ်ဘရွန်းနှင့် မန်ယူသရေကျ

ပရီမီယာလိဂ်ပြိုင်ပွဲအဖြစ် ဝက်စ်ဘရွန်းနှင့်မန်ယူတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဒါလီဘလိုင်း၏ ဂိုးဖြင့် မန်ယူတို့ တစ်မှတ်ရခဲ့သည်။ နည်းပြ ဗန်ဟားလ်လက်ထက် အဝေးကွင်း၌ အနိုင်မရမှုကို အဆုံးသတ်နိုင်ခြင်းမရှိခဲ့ပေ။ ပွဲစပြီး ၈ မိနစ်အကြာ ဆက်ဆီနွန်က ဝက်စ်ဘရွန်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ယင်းဂိုးကို ဒုတိယပိုင်းတွင် လူစားဝင်လာသူ ဖယ်လိုင်နီက ချေပဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးသည် ၎င်း၏ပထမဆုံး မန်ယူ အတွက် သွင်းယူခဲ့သောဂိုးဖြစ်သည်။ ဘာရာဟီနိုက ဝက်စ်ဘရွန်းအတွက် ပြန်လည်ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဗန်ပါစီ သွင်းယူသော ဘောလုံးမှာ ဂိုးဘားတန်းထိပြီး ပြန်ထွက်ခဲ့၍ တစ်ဂိုးနစ်နာခဲ့ရသည်။ ဘလိုင်းက ကိုက် ၂၀မှ မန်ယူအတွက် ချေပဂိုး သွင်းပြီး မန်ယူတို့ သရေတစ်မှတ်သာ ရယူနိုင်ခဲ့သည်။

## ကာတာကမ္ဘာ့ဖလားဘောလုံးပွဲ ညပိုင်းနှင့် နံနက် ၁ နာရီ ကစားဖွယ်ရှိ

ကာတာ ၂၀၂၂ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများကို ဘောလုံးဝါရင့်တာဝန်ရှိသူတစ်ဦး၏တင်ပြချက်အရ နံနက် ၃ နာရီခွဲတွင် ပြီးဆုံးလိမ့်မည်ဟု ဆိုသည်။ အဆိုပါကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို နွေရာသီတွင် ကစားရဖွယ်ရှိကြောင်း ဖီဖာဉက္ကဋ္ဌနေရာကို မျှော်လင့်ထားသူ မေနီနစ်ခရိုးက ပြောသည်။

အချို့ပြိုင်ပွဲများကို အဆိုးရွားဆုံးအပူချိန်ကိုရှောင်ရန် နံနက် ၁ နာရီတွင် စတင်ကစားရဖွယ်ရှိကြောင်း အဆိုပါ ချီလီဘောလုံးအဖွဲ့ချုပ်အကြီးအကဲက ပြောသည်။ ပြိုင်ပွဲများကို ည ၇ နာရီ၊ ည ၁၀ နာရီနှင့် နံနက် ၁ နာရီတို့တွင် ကစားရဖွယ်ရှိသည်ဟု ၎င်းက ဘီဘီစီသို့ ပြောကြားသည်။

## ဂါရက်ဘေးလ် လီဗာပူးနှင့်ပွဲ လွဲချော်ဖွယ်ရှိ

ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် လီဗာပူးနှင့်ရီးရဲမက်ဒရစ်တို့ ဗုဒ္ဓဟူးနေ့တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့လာသူ ဂါရက်ဘေးလ်သည် ပါဝင်ဖွယ်မရှိဟုဆိုသည်။

၎င်းသည် ပေါင်ကြွက်သား ဒဏ်ရာရရှိခဲ့၍ စနေနေ့က လီဗန်တေးကို အနိုင်ရခဲ့သည့်ပွဲတွင် လူစားလဲကစားခဲ့ရသည်။

**ကောင်းမြတ်သူ-စုစည်းသည်**


## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးထွန်းသိန်း(ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန)-ဒေါ်ငွေငွေမြင့်တို့၏ သားကြီး

**မောင်ကျော်စွာထွန်းသိန်း 3rd Year(English)**

နှင့်

မြစ်ကြီးနားမြို့နေ ဦးဘီလော်ဇေခေါင်-ဒေါ်လဖိုင်ထုနန်တို့၏သမီးကြီး

**မဘီလော်ခေါင်နော 3rd Year(English)**

တို့၏ ၁၉-၁၀-၂၀၁၄ ရက် InyaLake Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်များ ချီးမြှင့်ပေးပါသော သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်ဇနီးဒေါ်ခင်သန်းဝင်း၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသောဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်၏ဇနီး ဒေါ်စုညွန့်ဦး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း(ငြိမ်း)နှင့် စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြပါသော ပုဂ္ဂိုလ်များ၊ မင်္ဂလာအခမ်းအနားမှူးဦးရန်ပိုင်စိုး၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင်နှင့် အဆိုတော်ထပ်ဆင့်အကယ်ဒမီ ဒေါ်ချိုပြုံးနှင့် The Aces တေးဂီတအဖွဲ့၊ မင်္ဂလာဝတ်စုံ မိတ်ကပ်၊ ဆံပင်၊ မင်္ဂလာအကြိုနှင့် မှတ်တမ်းဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးပေးပါသော Aroma Zulu Studio မှ ကိုအောင်မြတ်သူ၊ ကိုစိန်လင်းနှင့်မိသားစုများ၊ InyaLake Hotel မှတာဝန်ရှိသူနှင့်ဝန်ထမ်းများ၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးသော Dagon Printing & Invitation Cards၊ ပန်းအလှနှင့် အစစအဆင်ပြေအောင် ကူညီဆောင်ရွက်ပေးပါသော ဦးထွန်းထွန်းဦး၊ မင်္ဂလာဧည့်ခံပွဲအောင်မြင်အောင် အစစအရာရာအဆင်ပြေအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော မိဘဆွေမျိုး၊ မိတ်ဆွေသင်္ဂဟများ၊ အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှိုက်လှဲလှဲဖြင့် ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ကျော်စွာထွန်းသိန်းနှင့် မဘီလော်ခေါင်နော**





**ဂန္ဓဝင်ရွှေပုဂံ Travels & Tours**

ဗုဒ္ဓဂယာ ( နယူးဒေလီ၊ တာ့ချ်မဟာ)

၁၄ ည အိပ် - ၁၅ ရက် (၁၀ သိန်း)

ပါဝင်သောဝန်ဆောင်မှုများ - ဗီဇာကြေး၊ လေယာဉ်လက်မှတ်ကြေး၊ နေရာစုံဝင်ကြေး၊ ခရီးစဉ်ကျွမ်းကျင် မြန်မာစကားပြန်ဂိုက် (၁၆ ဦး (၁)ဦးအခမဲ့ )

နေထိုင်/စားသောက်/သွားလာမှု - အစားအသောက် တစ်နေ့(၄) ကြိမ်၊ မြန်မာဘုန်းတော်ကြီးကျောင်းတွင် (၄)ယောက်အိပ်ခန်း။ ( ရေချိုးခန်း - အိမ်သာတွဲလျက် )၊ နယူးဒေလီမြို့တွင် ဟိုတယ် (၂) ရက် နေထိုင်ခွင့်။ 45 seater Aircon Fully ကားနှင့် Helper (၂) ဦး

ခရီးစဉ်လက်ဆောင် - ခရီးဆောင်အိတ်ကြီး၊လက်၊သေး၊ ယောဂီ - ပုဝါ/လုံချည်၊ ရင်ထိုးတံဆိပ်၊ ဘုရားသမိုင်းစာအုပ်၊ အမှတ်တရဗွီဒီယိုခွေ

ဝန်ဆောင်မှုပြည့်စုံသောကြောင့် ခရီးသည်ဘက်မှ မည်သည့် ဝန်ဆောင်ခမျှ ထပ်မံကုန်ကျမည် မဟုတ်ပါ။




No.67, Baho Rd, Sanchaung. Ph: 01- 519292, 519293, 519360, 500191, 510218
81 Rd, Bet 33 x 34 St, Mandalay. Ph: 09-31693339
outboundgandawun@gmail.com, www.myanmartravel.org Hot Line: 09-73003772



**Y.E.S. International English Language Centre**

Since 1994

ကျောင်းခွဲမရှိပါ။

ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများ အတွက်

**Basic Spoken English**
Mon to Thurs-7:30-9:30am 7,27 Oct
Mon to Thurs-5:30-7:00pm 13 Oct
Sat & Sun - 3:45-6:45 pm 18 Oct
Mon to Thurs-10:00-12:00am 20 Oct
Mon to Thurs-1:00-3:00-5:00pm 20 Oct
Sat & Sun - 12:30-3:30 pm 25 Oct

**Pre-Intermediate English**
Mon to Thurs-1:00-3:00 pm 20 Oct
Mon to Thurs-10:30-12:30am 27 Oct

**Grammar Foundation Course**
Mon to Thurs - 3:30-5:00 pm 7 Oct
Mon to Thurs - 10:00-12:30 am 18 Oct
Mon to Thurs - 1:00-2:30 pm 20 Oct

**Basic Writing Course**
Mon to Thurs - 3:00-4:30 pm 20 Oct

**Vocabulary Enrichment Course**
Sat & Sun - 10:00-12:00 am 25 Oct

**Structure & Written Expression**
Sat & Sun - 9:00-12:00 am 11 Oct
Sat & Sun - 12:30-3:30 pm 11 Oct
Mon to Thurs-1:00-3:00 pm 13 Oct
Sat & Sun - 7:30-10:00 am 18 Oct
Mon to Thurs-4:00-5:30-7:00 pm 20 Oct

**Academic Writing Course**
San & Sun - 5:00 - 7:00 pm 18 Oct

**Academic Preparation For IELTS(API)**
Mon to Thurs - 10:30 - 12:30am 13 Oct

**SAT** Mon to Thurs -3:30-5:00pm 13 Oct
**IELTS**(Test Practice) San&Sun 10:30to12:30am 18 Oct
**IELTS**(Speaking) San&Sun 1:00to3:30pm 18 Oct
**TOEFL** Mon toThurs-5:30-7:00pm 7 Oct

No.190, 2nd Flr.,28th St.(Upper), Pabedan Tsp. Ph: 01-243950, 246910

ကြော်ငြာ

## ချစ်သမီးလေး

## သက်ရတနာကျော်ဝင်း @ Grace Gloria Wan

# မွေးနေ့မင်္ဂလာ ဆုမွန်လွှာ

(၂၀-၁၀-၂၀၁၄)နေ့တွင် ကျရောက်ခဲ့သည့် ချစ်သမီးလေး

**သက်ရတနာကျော်ဝင်း @ Grace Gloria Wan (10th Grader, ISY)၏**

(၁၅)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် ပျော်ရွှင်ဖွယ်မွေးနေ့ပေါင်းများစွာကို မိသားစုနှင့်အတူ ရယူပိုင်ဆိုင်နိုင်ပါစေ။

**နှစ်ဖက်သော ဘိုးဘိုး/ဘွားဘွား၊ ဦးဦး၊ အန်တီ နှင့် ညီအစ်ကိုမောင်နှမများ**

---

## ချစ်သမီးလေး

## သက်ရတနာကျော်ဝင်း @ Grace Gloria Wan

# မွေးနေ့မင်္ဂလာ ဆုမွန်လွှာ

(၂၀-၁၀-၂၀၁၄)နေ့တွင် ကျရောက်ခဲ့သည့် ချစ်သမီးလေး

**သက်ရတနာကျော်ဝင်း @ Grace Gloria Wan (10th Grader, ISY)၏**

(၁၅)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ပညာပြည့်ဝ နလုံးလှလျက် မိဘကျေးဇူး အထူးသိတတ်ပြီး လောကကောင်းကျိုး သယ်ပိုးထမ်းရွက်နိုင်သည့် လိမ္မာယဉ်ကျေးသော သမီးကောင်းရတနာလေးအဖြစ်ဖြင့် ပျော်ရွှင်ချမ်းမြေ့သောဘဝကို ဖေဖေ၊ မေမေတို့နှင့်အတူ ရယူပိုင်ဆိုင်နိုင်ပါစေ။

**ချစ်ဖယ်ဒီ ဒေါက်တာအောင်ကျော်ဝင်း + ချစ်မာမိ ဒေါက်တာသက်သက်ခိုင် နိုင်ငံတကာအဆင့်မီ ရွှေနန်းတော် စိန်ရွှေရတနာဆိုင်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား

ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း တင်ဒါယှဉ်ပြိုင်ခွင့်ရရှိသည့် ကုမ္ပဏီများမှ RFP (Request for Proposal) စာရွက်စာတမ်း လာရောက် ထုတ်ယူမှု အခြေအနေ အသိပေးကြေငြာခြင်း

၁။ ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် အဆိုပြုလွှာ (EOI)(Expression Of Interest ) များအား (၂၆.၄.၂၀၁၄) နေ့တွင် ဖိတ်ကြားခေါ်ယူခဲ့ရာ ကုမ္ပဏီ(၃၄)ခုမှ ဝင်ရောက် အဆိုပြုလွှာ တင်သွင်းခဲ့ပါသည်။

၂။ ၎င်းအဆိုပြုလွှာအားပဏာမစိစစ်ခဲ့ရာ ကုမ္ပဏီ(၂၈)ခု ရွေးချယ်ခံရသဖြင့် တင်ဒါ စာရွက်စာတမ်းများ (RFP Document)ထုတ်ယူရန်အတွက် (၁.၈.၂၀၁၄) နေ့မှစ၍ (၃၀.၉.၂၀၁၄)နေ့နောက်ဆုံးထား၍ ထုတ်ယူနိုင် ကြောင်းကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြကြေငြာခဲ့ရာ ယခုအခါ ကုမ္ပဏီ(၉)ခုမှ တင်ဒါစာရွက်စာတမ်းများ ထုတ်ယူခဲ့ကြပါသည်။

၃။ တင်ဒါစာရွက်စာတမ်းများ ထုတ်ယူခဲ့သည့် ကုမ္ပဏီများမှာ ဂျပန်-မြန်မာပူးပေါင်းမှ (၁)ခု၊ ဗီယက်နမ်-တရုတ်-မြန်မာပူးပေါင်းမှ(၁)ခု၊ မြန်မာ-စင်္ကာပူပူးပေါင်းမှ (၁)ခု၊ စင်္ကာပူနိုင်ငံမှ(၁)ခု၊ ဂျပန်နိုင်ငံမှ (၁)ခု၊ တရုတ်နိုင်ငံမှ(၁)ခု၊ ကနေဒါနိုင်ငံမှ(၁)ခု၊ ထိုင်ဝမ်မှ(၁)ခု နှင့် မြန်မာနိုင်ငံမှ (၁)ခု စုစုပေါင်း ကုမ္ပဏီ(၉)ခုမှ ထုတ်ယူခဲ့ကြောင်း အသိပေးကြေငြာအပ်ပါသည်။

မြန်မာ့မီးရထား
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

---

## ချစ်သမီးလေး

## သက်ရတနာကျော်ဝင်း @ Grace Gloria Wan

# မွေးနေ့မင်္ဂလာ ဆုမွန်လွှာ

(၂၀-၁၀-၂၀၁၄)နေ့တွင် ကျရောက်ခဲ့သည့် ချစ်သမီးလေး

**သက်ရတနာကျော်ဝင်း @ Grace Gloria Wan (10th Grader, ISY)၏**

(၁၅)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် ပျော်ရွှင်ကြည်နူးဖွယ် မွေးနေ့ပေါင်းများစွာကို မိသားစုနှင့်အတူ ရယူနိုင်ပါစေ။

**နိုင်ငံတကာအဆင့်မီ ရွှေနန်းတော် စိန်ရွှေရတနာဆိုင် (၂)ဆိုင်စလုံးမှ ဝန်ထမ်းများ**
**Forever Gems by ရွှေနန်းတော်မှ ဝန်ထမ်းများ၊**
**Jewel Collection Manufacturing Co., Ltd မှ မန်နေဂျာ / ဝန်ထမ်းများနှင့်**
**United GP Development Co., Ltd @ 68 Residence မှ**
**မန်နေဂျာ / ဝန်ထမ်းများ**

---

# မြန်မာနိုင်ငံဆေးဝါးပညာရှင်များအသင်း ဖိတ်ကြားလွှာ
# MYANMAR PHARMACEUTICAL ASSOCIATION

မြန်မာနိုင်ငံဆေးဝါးပညာရှင်များအသင်း၏ စဉ်ဆက်မပြတ် ဆေးဝါးပညာလေ့လာရေး (Continuing Pharmaceutical Education) ကို အောက်ပါခေါင်းစဉ်များဖြင့် ဟောပြောဆွေးနွေးမည် ဖြစ်ပါ၍ ဆေးဝါးပညာရှင်များ (Pharmacists) တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

Topic (1) Advances in Pharmaceutical Tablets Production by Daw Myint Zu Aye, M.Pharm. Asst. Lecture in Pharmaceutics UOP, Yangon.
Topic (2) Formulation of Contact Lens Solution by Dr Myint Lwin, M. Pharm RND (Bratislava), Director, (Retd.) DCPT, Yangon.
Topic (3) Drug Discovery and Development by U Nay Win Maung, B.Pharm (Ygn). M.Sc Pharm Sci (London)
Topic (4) Advanced Drug Delivery Systems by Daw Phyo Thu Thu Naing, B.Pharm (Ygn), M.Sc Industrial Pharmaceutics (University of Central Lancashire, UK)
Topic (5) Drug Regulatory Affairs in Myanmar by Daw San San Win, Sr. Pharmacist, RA Manager, Bayar Thai Co., Ltd.

နေ့ရက်/အချိန် ။ ။ ၁-၁၁-၂၀၁၄ (စနေနေ့) ၊ နေ့လည် (၂း၀၀ မှ ၅း၀၀ ထိ)

နေရာ ။ ။ ယုဒသန်ဟော(လ်)၊ မာလာမှတ်တိုင်၊ ပြည်လမ်း၊ ကမ္ဘောဇဘဏ်ရုံးချုပ်အနီး။ (Members Fees - Ks 1000, Non-members Fees - Ks 3000)

Certificate ထုတ်ပေးမည်ဖြစ်ပါ၍ ၂၈-၁၀-၂၀၁၄ ညနေ (၄း၀၀) နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းကြပါရန် အသိပေးအပ်ပါသည်။

မယုဝတီအောင် 09-5001852 ၊ မောင်အောင်မျိုးထက် 09-421754803 ၊ မခင်သီတာစိုး 09-73074141 ၊ မထွေးထွေးငယ် 09-421090313




**ယာဉ်မှတ်ပုံတင်စာအုပ် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၆ယ/၇၄၀၇၂ Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောအောင်သူဇာထွန်း ၃/ဘအန(နိုင်)၂၃၉၃၉၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၇ယ/၇၀၆၁၈ Honda Dream M/C ဆိုင်ကယ်လက်ဝယ်ရှိသူ ဦးဇော်ဆိုင်း ၃/ဘအန(နိုင်)၂၀၁၀၇၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# ဒီမိုကရေစီ အလေ့အကျင့်များရရှိစေရန် ဒီမိုကရေစီဂိမ်းကစားနည်း မိတ်ဆက်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲမှ စကားသံများ

ဒီမိုကရေစီနိုင်ငံ ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ခုအတွင်း အစိုးရနှင့် နိုင်ငံသားများ၏ အခန်းကဏ္ဍကို အများပြည်သူ သိရှိနားလည်စေရန် ရိုးစင်းလွယ်ကူသည့် ဒီမိုကရေစီဂိမ်းကစားနည်းကို အသိပညာပေး အစီအစဉ်တစ်ရပ်အဖြစ် ဖရိုင်းဒရစ်နောမင်း လွတ်လပ်မှုဖောင်ဒေးရှင်း၏ SIM ဒီမိုကရေစီမှ ဒီမိုကရေစီဂိမ်းကစားနည်း မိတ်ဆက်ခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၈ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပခဲ့သည်။


ဦးခိုင်မောင်ရည်


ဦးအောင်သူဟိန်း


ဦးညီညီအောင်

ဒီမိုကရေစီဂိမ်းကစားနည်းတွင် မဲပေးသူများ၊ အစိုးရအရာရှိများ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် လူငယ်များမှ ဒီမိုကရေစီလူ့ဘောင်၏ အခြေခံလည်ပတ်မှုနှင့် ပြည်သူ့ရေးရာ မူဝါဒများကို ပိုမိုကောင်းစွာနားလည်မှုရရန်အတွက် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရသော ကိရိယာတစ်ခုကို ပေးအပ်နိုင်ရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် အရပ်ဒီဇိုင်းရေးဆွဲသူများ၊ ဒီမိုကရေစီအကြောင်း ကျွမ်းကျင်သူများက ဖန်တီးထားသော ထူးခြားဆန်းသစ်သည့် ကစားနည်းဖြစ်ကြောင်း သိရသည်။

ဖရိုင်းဒရစ်နောမင်း လွတ်လပ်မှုဖောင်ဒေးရှင်း၏ SIM ဒီမိုကရေစီမှ ဒီမိုကရေစီဂိမ်းကစားနည်း မိတ်ဆက်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများ၏ အမြင်များကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ဦးအောင်သူဟိန်း (ပရိုဂရမ်မန်နေဂျာ၊ ဖရိုင်းဒရစ်နောမင်း လွတ်လပ်မှုဖောင်ဒေးရှင်း၏ SIM ဒီမိုကရေစီ)**

"ဒီဂိမ်းကစားနည်းက ဒီမိုကရေစီရဲ့ သဘောသဘာဝနဲ့ ဘာတွေရှိလဲဆိုတာ ရှင်းပြဖို့အတွက်ကို လုပ်ထားပါတယ်။ ဒီကစားနည်းက လူအမျိုးမျိုးကို ဦးတည်ထားတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ၊ အစိုးရအရာရှိတွေနဲ့လည်း ကစားလို့ရအောင် လုပ်ထားတယ်။ မြန်မာလိုပြောပြော၊ အင်္ဂလိပ်လိုပြောပြော ကစားလို့ရတယ်။ အပေါ်ယံကြည့်ရင်တော့ ဂိမ်းကစားတယ်လို့ထင်ရပေမယ့် သူ့ရဲ့နောက်မှာ နက်နဲတဲ့ အကြောင်းအရာတွေပါတယ်။ အစိုးရတစ်ရပ် ဖွဲ့စည်းဖို့၊ အစိုးရကို ပြည်သူက တင်မြှောက်ဖို့ အစိုးရက မူဝါဒချမှတ်ရမယ်။ နိုင်ငံမှာရှိတဲ့ အရေးပါတဲ့ကဏ္ဍတွေကို မျှမျှတတနဲ့ ဘယ်လိုတိုးတက်အောင် လုပ်ရမလဲ၊ ဒီကဏ္ဍတွေမှာရှိနေတဲ့ ပြည်သူတွေကရော ဘယ်လိုကြီးပွားတိုးတက်အောင်လုပ်နိုင်မလဲ၊ အစိုးရအနေနဲ့လည်း ပြည်သူက ထောက်ခံလာအောင် အားကိုးချင်လာအောင်၊ ဘယ်လိုလုပ်ရမလဲဆိုတာတွေ၊ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲဆိုတာတွေ၊ အစိုးရကိုပြည်သူက ဘယ်လိုစောင့်ကြည့်ရမလဲဆိုတာတွေ ဂိမ်းကစားနည်းမှာပါတယ်"ဟု ပြောသည်။

**ဦးခိုင်မောင်ရည်(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**

"ဂိမ်း ပုံစံလုပ်ထားပေမယ့် ကျွန်တော်တို့ စိတ်ထဲမှာ ဂိမ်းလို့မထင်ဘူးပေါ့နော်၊ တိုင်းပြည်တစ်ပြည် တည်ဆောက်နေတယ်လို့ပဲ မြင်ရတယ်ပေါ့၊ နောက်ပြီး အစိုးရတစ်ရပ်အနေနဲ့ ဘယ်လိုစီမံခန့်ခွဲမလဲ၊ ဘယ်လိုခန့်ခွဲနိုင်တဲ့စွမ်းအားရှိသလဲ ဆိုတာတွေ့ရတယ်။ ဒါအင်မတန်မှ ကောင်းတာပေါ့နော်။ လက်ရှိနိုင်ငံကို စီမံခန့်ခွဲတဲ့သူက ဒီအခြေခံလေးတွေကို သိဖို့လိုတယ်။ ဒါလေးက အင်မတန်ကောင်းတယ်။ လူငယ်တွေထဲမှာ ဒါကို ချပြခြင်းအားဖြင့် လူငယ်တွေက တခြားမဟုတ်တဲ့ ဂိမ်းတွေမှာ ပျော်ဝင်နေမယ့်အစား ဒီထဲမှာရောက်လာရင် ငါတို့သာ အစိုးရဖြစ်ခဲ့ရင်ဆိုတဲ့စိတ်မျိုး ဝင်လာတာမျိုးပေါ့နော်၊ ကျွန်တော်တို့ ငယ်ငယ်တုန်းကလည်း အဲဒီအိပ်မက်တွေ ရှိခဲ့တယ်။ ကိုယ့်နိုင်ငံကို တည်ဆောက်မယ်ဆိုရင် ငါတို့ဘယ်နေရာကနေ ကိုယ့်နိုင်ငံအတွက် ရှိရမလဲဆိုတဲ့ အတွေးမျိုးရှိခဲ့တယ်" ဟုပြောသည်။


ဒေါက်တာ အိရွှေစင်ထွန်း


ဒေါက်တာ ညိုညိုသင်း

**ဒေါက်တာ အိရွှေစင်ထွန်း (ဒုတိယညွှန်ကြားရေးမှူး၊ အသေးစားနှင့်အလတ်စား ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ စက်မှုဝန်ကြီးဌာန)**

"ကျွန်မအနေနဲ့ ပထမဦးဆုံးဂိမ်း အနေနဲ့ကစားတာပေါ့နော်။ ဒါပေမယ့် ကျွန်မအတွက် အတွေ့အကြုံရစေတယ်။ ဒါကိုလည်း ဆက်ပြီးတော့ ကျွန်မသင်တန်းတွေမှာ ထည့်သွင်းဖို့ စဉ်းစားသွားမှာပါ။ ဒီမိုကရေစီလမ်းပေါ်မှာ လျှောက်လှမ်းမယ့်သူတွေအတွက် အလွန်ကိုအသုံးဝင်မယ်" ဟုပြောသည်။

**ဒေါက်တာ ဒေါ်ညိုညိုသင်း (ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် )**

" ဒီမိုကရေစီ ဂိမ်းကစားနည်းက ပျင်းလည်းမပျင်းဘူး၊ စိတ်ဝင်စားဖို့လည်းကောင်းတယ်။ အဖွဲ့သားတွေ အချင်းချင်း နားလည်မှုတည်ဆောက်ရတာပေါ့။ တကယ်တမ်း ဒီကစားဝိုင်းမှာ အစိုးရကို ပြဿနာတွေ ဝိုင်းဖြေရှင်းပေးတာ၊ အကြံညာဏ်ပေးတာတွေ၊ ပူးပေါင်းဆောင်ရွက်တဲ့စိတ်နဲ့ပေါ့၊ အစိုးရဘက်ကလည်း မျှမျှတတ စဉ်းစားတယ်။ ဒီပြဿနာတွေက ငါ့တာဝန်ဆိုပြီး တာဝန်သိသိ ကစားသွားတာပေါ့။ ကစားတဲ့သူတွေအပိုင်းကလည်း အစိုးရကို ပူးပေါင်းပါဝင်ရမယ်ဆိုတဲ့ စိတ်ဓာတ်အပြည့်ထားခဲ့တယ်။ ကစားနည်းက ပျော်ဖို့ကောင်းပြီးတော့ သူများအတွက် စဉ်းစားတဲ့အလေ့အကျင့်လေးတွေ ဖြစ်လာတယ်။ ဒီဂိမ်းကစားနည်းက ကျယ်ကျယ်ပြန့်ပြန့်ဖြစ်သွားရင် အတွေးအခေါ်တွေ အပြောင်းအလဲတွေ စိတ်ဓာတ်ကောင်းတွေ အများကြီးရသွားမယ်လို့ထင်တယ်။ ကစားသင့်တယ်လို့ယူဆတယ်" ဟုပြောသည်။

**ဦးညီညီအောင်( ဒါရိုက်တာ The Sun Institute )**

" ဒီကစားနည်းကို ပထမတုန်းက မသိဘူး။ ကစားကြည့်တော့ အစိုးရလုပ်နည်းတစ်ရပ်ကို ဖော်ပြတယ်။ လူမှုအဖွဲ့အစည်းတွေက အစိုးရကို ဘယ်လိုထောက်ပံ့ပေးရင် ကောင်းမလဲ၊ ဘယ်လိုညှိနှိုင်းရမလဲဆိုတာမျိုးတွေ သိလာတယ်။ ပြဿနာရှိလာလို့ အစိုးရကို အပြစ်တင်နေလို့ မရဘူးဆိုတာ ဒီကစားပွဲကြည့်လိုက်ရင် သိတယ်။ အဓိကကတော့ အတူတူ ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ဒီမိုကရေစီပန်းတိုင်ရောက်ဖို့ အစိုးရမှ မဟုတ်ဘူး။ အားလုံးပေါင်းစည်း လုပ်ဆောင်ရမယ်ဆိုတဲ့ မက်ဆေ့ချ်ရသွားတယ်" ဟု ပြောသည်။

ဖရိုင်းဒရစ်နောမင်း လွတ်လပ်မှုဖောင်ဒေးရှင်းကို ၁၉၅၈ ခုနှစ်တွင် ဖက်ဒရယ်ဂျာမနီသမ္မတနိုင်ငံ၏ပထမဦးဆုံးသော သမ္မတဖြစ်သူ သီအိုဒိုဟော့စ်ကတည်ထောင်ခဲ့ပြီး ဖောင်ဒေးရှင်းသည် ဂျာမနီနိုင်ငံနှင့် ကမ္ဘာအနှံ့ရှိ နိုင်ငံပေါင်း ၆၅ နိုင်ငံတို့တွင် လုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ၁၉၇၉ ခုနှစ်တွင် အာရှ၌လုပ်ငန်းများ စတင်လုပ်ဆောင်ခဲ့ကာ ရန်ကုန်မြို့တွင် ၂၀၁၃ ခုနှစ်က ရုံးခွဲဖွင့်လှစ်ခဲ့သည်။

ဖရိုင်းဒရစ်နောမင်း လွတ်လပ်မှုဖောင်ဒေးရှင်းမှ အလုပ်အကိုင်ဖန်တီးရေးနှင့် ယှဉ်ပြိုင်မှုရှိသည့် စီးပွားရေးလုပ်ငန်းပတ်ဝန်းကျင်တစ်ရပ်ဖြစ်လာရေး၊ အားပေးအားမြှောက်ပြုရန်အတွက် စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် စက်မှုဝန်ကြီးဌာနနှင့် နားလည်မှုသဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မင်းသစ်**

## ရှေးဟောင်းသုတေသနနေ့ဂုဏ်ပြု လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ရန်ကုန် အောက်တိုဘာ ၂၁**

၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင်ကျရောက်သည့် နိုင်ငံတကာ ရှေးဟောင်းသုတေသနပညာနေ့ International Archaeology day အား ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနပညာအသင်းမှ မြန်မာနိုင်ငံအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်း ဆောင်ရန်၊ ရှောင်ရန်ကိစ္စရပ်များအတွက် လမ်းသွားလမ်းလာအများပြည်သူများနှင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များအား လက်ကမ်းစာစောင် (Pamphlet)များဝေငှခြင်းကို မဟာဗန္ဓုလပန်းခြံအနီးရှိ လမ်းလယ်အုတ်ခုံကျွန်း၌ အောက်တိုဘာ ၁၈ ရက် ညနေ ၃ နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါလက်ကမ်းစာစောင်များ ဝေငှခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရှေးဟောင်း သုတေသနပညာအသင်းမှ ကိုစောထွန်းလင်းက"ဆောင်ရန်၊ ရှောင်ရန်ကိစ္စရပ်များဆိုတာက နိုင်ငံခြားသားဧည့်သည်ပဲဖြစ်ဖြစ်၊ နိုင်ငံတွင်းရှိ ဒေသခံပဲဖြစ်ဖြစ် စည်းကမ်းမဲ့အမှိုက်မစွန့်ပစ်ကြစေရန်၊ ဓာတ်ပုံမရိုက်ရ သတ်မှတ်နေရာမှာ မရိုက်ကြစေရန်၊ ရှေးဟောင်းအဆောက်အအုံပစ္စည်းများအပေါ် တက်မနင်းရန်တို့အတွက် ဒီလိုပန်းဖလက် ဝေငှလှုပ်ရှားခြင်းများ ပြုလုပ်လိုက်တာပါ။ ပြီးတော့ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တွေကိုလည်း အများပြည်သူတွေအနေနဲ့ ထိန်းသိမ်းစေချင်လို့ပါ" ဟု လှုပ်ရှားမှုပြုလုပ်နေစဉ်အတွင်း ရှင်းပြခဲ့သည်။

ထို့အပြင် အဆိုပါနေရာ၌ မြန်မာနိုင်ငံရှေးဟောင်းသုတေသနပညာအသင်းမှ ရှေးဟောင်းအမွေအနှစ်ပုံစံတူပစ္စည်းလက်ဆောင်များအား ရောင်းချခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းသည့် ကာတွန်း၊ ပိုစတာများကိုလည်း ပြသခြင်းများပြုလုပ်ခဲ့ကြောင်း သိရပြီး ယခုပြုလုပ်လိုက်သော နိုင်ငံတကာရှေးဟောင်းသုတေသနပညာနေ့အတွက် လက်ကမ်းစာစောင် (Pamphlet) များဝေငှခြင်းကို မြန်မာနိုင်ငံရှေးဟောင်း သုတေသနပညာအသင်းမှ မြန်မာနိုင်ငံတွင်ပထမဦးဆုံးအကြိမ် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**တင်လှမောင်**


### ဖခင်အမည်မှန်

ရွှေဘိုမြို့၊ ရွှေပြည်တန် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(I)မှ မအေးချမ်းသူ၏ ဖခင်အမည်မှန်မှာ ဦးချစ်ဘွယ်၅/ရဘန(နိုင်)၄၀၀၆၁၈ ဖြစ်ပါသည်။ **ဦးချစ်ဘွယ်**

### ဖခင်အမည်မှန်

ရွှေဘိုမြို့၊ ရွှေပြည်တန် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (G)မှ မသန္တာစိုး၏ ဖခင်အမည်မှန်မှာ ဦးမောင်မြင့်(ခ)ဦးမြင့်ဌေး ၉/သပက(နိုင်)၀၆၁၃၅၉ ဖြစ်ပါသည်။ **ဦးမောင်မြင့်(ခ)ဦးမြင့်ဌေး**

### ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(ဃ)မှ မအေးသီတာထွန်း၏ ဖခင်အမည်မှန်မှာ ဦးရန်ကျင်းချန် ဖြစ်ပါသည်။

### အမည်ဖြည့်စွက်

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၅)၊ ရတနာလမ်းမှ ဦးကျော်အေး-ဒေါ်နန်းခမ်းလင်းတို့၏သား စိုင်းသီဟထက်လင်း(ခ) စိုင်းသီဟထက်ဝင်း ၁၃/လရန(နိုင်)၁၄၄၈၉၀ ဟုခေါ်ပါရန်။

### ဖခင်အမည်မှန်

မူဆယ်မြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(B)မှ မဘောက်နန်၏ ဖခင်အမည်မှန်မှာ ဦးဇွန်ဝါလ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မူဆယ်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(A)မှ မရတနာလှိုင်၏ဖခင်အမည်မှန်မှာ ဦးဝင်းအောင် ၈/ပခက(နိုင်)၂၄၀၁၅၁ ဖြစ်ပါကြောင်း။ **ဦးဝင်းအောင်**

### ဖခင်အမည်မှန်

ရွှေဘိုမြို့၊ ရွှေပြည်တန် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(H)မှ မောင်အောင်ထက်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ရွှေ ၅/ရဉန(နိုင်)၀၅၈၅၇၁ ဖြစ်ပါသည်။ **ဦးမြင့်ရွှေ**

### ဖခင်အမည်မှန်

ရွှေဘိုမြို့၊ ရွှေပြည်တန် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (K)မှ မမြတ်နိုးခင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းမွေး(ခ)ဦးသိန်းပွေး(ခ)ဦးဖိုးမွေး ၅/ဒပယ(နိုင်)၀၂၈၈၉၇ ဖြစ်ပါသည်။ **ဦးသိန်းမွေး(ခ)ဦးသိန်းပွေး(ခ)ဦးဖိုးမွေး**

### ဖခင်အမည်မှန်

လားရှိုးမြို့၊ ပန်းတိုင်းမွေးကိုယ်ပိုင်အထက်တန်းကျောင်းမှ မမေဦးညို၏ မွေးသက္ကရာဇ်မှာ ၁၃-၅-၁၉၉၉ ဖြစ်ပြီးဖခင်အမည်မှန်မှာ ဦးမြင့်လှိုင် ၈/ရစက(နိုင်)၁၂၄၇၉၅ ဖြစ်ပါသည်။ **ဦးမြင့်လှိုင် ၈/ရစက(နိုင်)၁၂၄၇၉၅**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးချစ်ငွေ၏သား လားရှိုးမြို့၊ အထက(၁)၊ နဝမတန်း(က)မှ မောင်သူရိန်ဝင်း(ကဝ-၅၀၅၄)နှင့် မောင်သူရိန်မင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၃၉၃၂၈၊ Honda Scoopy 120,M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်ဝင်း ၉/မဟမ(နိုင်)၀၃၁၇၅၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ဖခင်အမည်မှန်

ရွှေဘိုမြို့၊ ရွှေပြည်တန် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(D)မှ မသူဇာလှိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ထွန်း ၅/ခဉန(နိုင်)၀၆၃၁၄၀ ဖြစ်ပါသည်။ **ဦးကျော်ကျော်ထွန်း**

### ဖခင်အမည်မှန်

ရွှေဘိုမြို့၊ ရွှေပြည်တန် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(K)မှ မောင်ကျော်မြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော် ၅/ရဘန(နိုင်)၁၇၇၃၄၇ ဖြစ်ပါသည်။ **ဦးဇော်ဇော်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၂၇ယ/၆၅၅၃ Yin Xiang 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆုကေလွင် ၉/မဟမ(နိုင်)၀၂၂၇၇၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ယ/၁၁၂၈၆၊ ဂျာလင်းJL-90ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သန်း ၅/ဝလန(နိုင်)၀၄၂၀၀၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရွှေဘို)၊ ရွှေဘိုမြို့**

### ဖခင်အမည်မှန်

ရွှေဘိုမြို့၊ ရွှေပြည်တန် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(H)မှ မရွှေပုံဝင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးဝင်း ၅/ဒပယ(နိုင်)၀၆၇၈၆၆ ဖြစ်ပါသည်။ **ဦးဇော်မျိုးဝင်း**

### ဖခင်အမည်မှန်

ရွှေဘိုမြို့၊ ရွှေပြည်တန် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(D)မှ မောင်ရာဇာတိုး၏ ဖခင်အမည်မှန်မှာ ဦးချစ်သဲ ၉/စကန(နိုင်)၀၅၆၁၆၀ ဖြစ်ပါသည်။ **ဦးချစ်သဲ**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၆၁၀၃၃ Honda C90,Custom ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကျုန်ကျိန်းယင် ၁၃/ကလတ(နိုင်)၀၂၅၄၂၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ အထက(ခွဲ)လ-၆ တက္ကသိုလ်ဝင်တန်းမှ မသန္တာကျော်၏ဖခင် ဦးမြင့်ကျော်ဦးနှင့် ဦးကျော်ဦးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမြင့်ကျော်ဦး(ခ)ဦးကျော်ဦး ၈/မသန(နိုင်)၁၁၅၇၆၄**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၂၅၈၇၊ Shan Star SS-01-Jeep(4x4)L ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စွာမြင့် ၇/ပခန(နိုင်)၁၇၁၃၈၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၄၄၇၉၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (တိုင်းဒေသကြီးဦးစီးမှူးရုံး)၊ ပဲခူး**

### ဖခင်အမည်မှန်

ရွှေဘိုမြို့၊ ရွှေပြည်တန် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(K)မှ မောင်စိုးထက်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆန်းဦး ၅/ရဘန(နိုင်)၀၀၀၃၇၀ ဖြစ်ပါသည်။ **ဦးကျော်ဆန်းဦး**

# မြောင်မြို့ကျေးရွာများသို့ စွမ်းအားမြှင့် A1 မီးဖိုများထောက်ပံ့




**မြောင် အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍမှ ထောက်ပံ့ပေးအပ်သည့် စွမ်းအားမြှင့် A1 မီးဖိုများအား ကျေးရွာပြည်သူလူထုသို့ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီကကျင်းပရာ မြောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ ဦးညွန့်ရွှေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်နှင့် အဖွဲ့ဝင်များ၊ မြင်းမူမြို့နယ် သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိ ဦးစိုင်းမုန့်နှင့် မြောင်မြို့နယ် သစ်တောတာဝန်ခံ ဦးလှိုင်ကိုကိုတို့နှင့် ဝန်ထမ်းများ၊ နဘက်စံပြကျေးရွာ အပါအဝင် ကျေးရွာပေါင်းခုနစ်ရွာမှ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြောင်မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်က မြောင်မြို့နယ်၏ သဘာဝပတ်ဝန်းကျင်အခြေအနေနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆောင်ရွက်ရမည့် လုပ်ငန်းများကို လည်းကောင်း၊ မြင်းမူမြို့နယ် သစ်တောဦးစီးဌာနမှူး ဦးစိုင်းမုန့်က စွမ်းအားမြှင့် A 1 မီးဖိုများထောက်ပံ့ရခြင်းနှင့် သုံးစွဲရသည့်အကျိုးကျေးဇူးများအကြောင်းကို လည်းကောင်း ရှင်းလင်းပြောကြားပြီးနောက် တာဝန်ရှိသူများက စွမ်းအားမြှင့် A 1 မီးဖိုများကို ပေးအပ်ရာ သက်ဆိုင်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုဥက္ကဋ္ဌများက လက်ခံရယူကြပြီးနောက် စံပြကျေးရွာ ပြည်သူတစ်ဦးက မီးဖိုများ ထောက်ပံ့ပေးအပ်ခြင်းအတွက် ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ မြောင်မြို့နယ်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ရှစ်ရွာအတွက် စွမ်းအားမြှင့် မီးဖိုလုံးရေ ၇၁၀ ကိုလည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကျေးရွာပေါင်းခုနစ်ရွာအတွက် စွမ်းအားမြှင့် မီးဖိုလုံးရေ ၆၅၀ ကိုလည်းကောင်း၊ စုစုပေါင်း ကျေးရွာ ၁၅ ရွာအတွက် မီးဖိုလုံးရေ ၁၃၆၀ ကို အခမဲ့ထောက်ပံ့နိုင်ခဲ့၍ ယခုအခါ ကျေးရွာပြည်သူများအတွက် ထင်းသုံးစွဲမှုကို လျှော့ချနိုင်၍ ငွေကုန်သက်သာကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ခြင်းတို့ကြောင့် နှစ်ခြိုက်စွာသုံးစွဲလျက်ရှိကြောင်း သိရှိရသည်။

**မြင့်နိုင်စိုး(ထီးလှိုင်မြေ)**

# မန္တလေး တန်ဖိုးနည်းအိမ်ရာစီမံကိန်း ရောင်းမှားဝယ်မှားဖြစ်သူများအား ရှင်းလင်းပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၂၁**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မြရည်နန္ဒာ တန်ဖိုးနည်းအိမ်ရာစီမံကိန်းနှင့် တိုက်ခန်းများရောင်းချပေးမည့် အစီအစဉ်များကို ဝယ်ယူရရှိခဲ့သည့် ရောင်းမှားဝယ်မှားဖြစ်သူများအား ရှင်းလင်းပွဲကို အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက အဆိုပါရှင်းလင်းဆောင်၌ ကျင်းပခဲ့ရာ ရှေးဦးစွာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးက မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာ တည်ဆောက်ရေးစီမံကိန်းပြီးစီးပြီဖြစ်၍ ရောင်းမှားဝယ်မှားဖြစ်သည့် ပြည်သူများကို တိုက်ခန်းများရောင်းချပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှတာဝန်ရှိသူများ၊ တိုက်ခန်းဝယ်ယူရရှိသည့် ရောင်းမှားဝယ်မှားဖြစ်ကြသော ပြည်သူများ၊ သတင်းနှင့်စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများသည် တည်ဆောက်ပြီးစီးနေသည့် တန်ဖိုးနည်းအိမ်ရာတိုက်ခန်းများ အခြေအနေကိုကြည့်ရှုလေ့လာကြပြီး ဝယ်ယူရရှိသော စာရင်းများကိုကြည့်ရှု၍ သိရှိလိုသည့်မေးမြန်းမှုများကိုအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

မန္တလေးမြို့တော်နေ မိဘပြည်သူများအတွက် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တည်ဆောက်ပြီးဖြစ်သော မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာစီမံ ကိန်းတိုက်ခန်းများကို တိုက်ခန်းဝယ်ယူရရှိသည့် ရောင်းမှားဝယ်မှားဖြစ်သူ မိဘပြည်သူများကို ဦးစားပေးရောင်းချပေးမည်ဖြစ်ပြီး အဆိုပါတန်ဖိုးနည်းအိမ်ရာအား ဝယ်ယူရရှိသည့်ပြည်သူများအနေဖြင့် တိုက်ခန်းလျှောက်လွှာများကို အောက်တိုဘာ ၂၀ ရက်တွင် စတင်ရောင်းချပေးမည်ဖြစ်၍ နိုဝင်ဘာ ၇ ရက်တွင် လျှောက်လွှာများအား ပြန်လည်လျှောက်ထားရမည်ဖြစ်ကာ လျှောက်လွှာများစိစစ်ပြီးပါက ဒီဇင်ဘာလတွင် တိုက်ခန်းများရောင်းချပေးမည်ဖြစ်သည်။ အလားတူ ၂၀၁၅ ခုနှစ်တွင်လည်း အိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ဝဲကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်

**ကန်ကြီးထောင့် အောက်တိုဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဝဲကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် ကျောင်းဆောင်သစ်အပ်နှံပွဲ အခမ်းအနားများကို အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီတွင် ဝဲကြီး အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ပထမဦးစွာ ဝဲကြီးအခြေခံပညာအလယ်တန်းကျောင်းအဆင့်မှ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆင့် တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် ကျောင်းဆောင်သစ်တည်ဆောက်ခြင်းနှင့် ကျောင်းဆောင်သစ်အပ်နှံပွဲမှတ်တိုင်ကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူဝင်မှုရေးဝန်ကြီး ဒေါ်ခင်စောမူ၊ ဧရာဝတီတိုင်းဒေသကြီးပညာရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမောင်၊ ကန်ကြီးထောင့်မြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးချစ်လွင်၊ ကန်ကြီးထောင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်နှင့် ရပ်မိရပ်ဖ မန်းဖိုးကျော်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖြန်းခဲ့ကြသည်။

ဆက်လက်၍ ဝဲကြီးအခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ခြင်းနှင့် ကျောင်းသစ်အပ်နှံပွဲ အခမ်းအနားကျင်းပရာ လူမှုရေးဝန်ကြီးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူက ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၅၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။

**ဇင်မာဦး(ပြန်/ဆက်)**

# မိုးညှင်းမြို့နယ်၌ ဆို၊ က၊ ရေး၊ တီး သင်တန်းဆင်း

**မိုးညှင်း အောက်တိုဘာ ၂၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် တိုင်းလိုင်(ရှမ်းနီ) တိုင်းရင်းသားရိုးရာ စာပေယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီး သင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီက ပင်းဟဲရွှေမော်ဓောဘုရားကြီးကဇာတ်ရုံ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကချင်ပြည်နယ် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်ခင်ပြုံးရည်က အမှာစကားပြောကြားပြီး မိုးညှင်းမြို့နယ် တိုင်းလိုင်(ရှမ်းနီ) စာပေယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစိုင်းချစ်ငွေက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်ခင်ပြုံးရည်က ငွေကျပ်တစ်သိန်း၊ မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးက ငွေကျပ်တစ်သိန်းနှင့် ကချင်ပြည်နယ် ရှမ်းရိုးရာယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစိုင်းထွန်းရင်က ငွေကျပ်ငါးသောင်း၊ မန္တလေးတိုင်းဒေသကြီး ရှမ်းရိုးရာ ယဉ်ကျေးမှုကော်မတီ၊ လူမှုအထောက်အကူပြုအဖွဲ့က ငွေကျပ်ဆယ်သိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ရှမ်းနီ တိုင်းရင်းသားလူငယ်မောင်မယ် ၂၂ ဦးတို့က စက်တင်ဘာ ၂၀ ရက်မှ စတင်၍ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်းဟဲကျေးရွာ၌ ရှမ်းနီတိုင်းရင်းသား ဆို၊ က၊ ရေး၊ တီး သင်တန်းတက်ရောက်ခဲ့ကြောင်း သိရသည်။

**ကေဆိုင်းနော်(ဖားကန့်)**

## စာအုပ်စာပေ လူ့မိတ်ဆွေ


## တောင်ငူတက္ကသိုလ်၊ နည်းပြသရုပ်ပြရာထူးအတွက် ရေးဖြေစာမေးပွဲကျင်းပမည့်အစီအစဉ်ကြေညာချက်

| နေ့ရက် | ဖြေဆိုမည့်ဘာသာ | အချိန် |
|---|---|---|
| ၈-၁၁-၂၀၁၄ (စနေနေ့) | မြန်မာစာ | နံနက် ၈း၃၀ နာရီမှ ၁၀း၃၀ နာရီထိ |
| | အထွေထွေဗဟုသုတ | နံနက် ၁၁း၃၀ နာရီမှ မွန်းလွဲ ၁း၃၀နာရီထိ |
| | အင်္ဂလိပ်စာ | မွန်းလွဲ ၂း၃၀ နာရီမှ ၄း၃၀ နာရီထိ |

သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများသည် စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို ၄-၁၁-၂၀၁၄ရက်၊ ၅-၁၁-၂၀၁၄ရက်နှင့် ၇-၁၁-၂၀၁၄ရက်များတွင် တောင်ငူတက္ကသိုလ် သင်တန်းရေးရာဌာန၌ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

**စုံစမ်းရန်-ဖုန်း-၀၅၄-၂၄၀၀၁၊ ၂၄၀၀၂၊ ၂၄၀၀၃**

**လက်ထောက်မော်ကွန်းထိန်း**
**တောင်ငူတက္ကသိုလ်**

## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၂ ခုနှစ် တရားမဇာရီမှုအမှတ်-၇၆**

၁။ ဒေါ်စန်းစန်းငွေ နှင့် ၁။ ဦးငွေကျော်
၂။ မအေးအေးသင်း ၂။ မအေးမ
**တရားနိုင်များ** **တရားရှုံးများ**

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၂၆၃ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၈ရက် (၁၃၇၆ခုနှစ် နတ်တော်လဆန်း ၇ရက်) မွန်းမတည့်မီ နံနက် ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(က)ရပ်ကွက်၊ အကွက်(ယ-၇)၊ ဦးပိုင်အမှတ်-၆၉၊ ၀၁၁ဘမ၀၅၅၁ဇကရှိမြေကွက်နှင့် မြေပေါ်ရှိအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၄၂၀၀ တိတိ**
**(ကျပ်သိန်းလေးထောင့်နှစ်ရာတိတိ)**
**ရောင်းချရန်စည်းကမ်းချက်များ**

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၄ခုနှစ် အောက်တိုဘာ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သင်းသင်းချို)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၁၀-၂၀၁၄ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၁၂) ပါ MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED ၏ ဂုဏ်ယူဝမ်းမြောက်ခြင်း ကြော်ငြာတွင် ကမ္ဘာ့အဆင့်မီ American Brand 5 Star အဆင့် Hilton ကို နေပြည်တော်တွင် Hilton Nay Pyi Taw အဖြစ် ဖွင့်လှစ်နိုင်ခြင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

တန့်ဆည်မြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(အေ)မှ မောင်မိုးသက်အောင်၏ ဖခင်အမည်မှန်မှာ ဦးသက်ခိုင်ဝင်း ၅/တဆန(နိုင်)၀၇၆၄၂၉ဖြစ်ပါသည်။

## မိဘအမည်မှန်

တန့်ဆည်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(ဂျီ)မှ မမျိုးသန္တာမင်း၏ မိဘအမည်မှန်မှာ ဦးမင်းနိုင် ၉/မမန(နိုင်)၀၈၉၀၆၄နှင့်ဒေါ်တင်မိုးခိုင် ၅/တဆန(နိုင်)၀၇၈၈၆၁ ဖြစ်ပါသည်။

## အမည်ပြောင်း

ဦးမြဝင်း၏သမီး ရွှေဘိုမြို့၊ ရွှေပြည်တန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(F)မှ မမိုသူလှိုင်အား မမိုးသူဇာလှိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမိုးသူဇာလှိုင်**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မောင်လှိုင်မျိုးသူနှင့် န၀မတန်းတွင် ပညာသင်ကြားနေသော မအေးအေးငြိမ်းတို့၏ ဖခင်အမည်မှန်မှာ ဦးကျော် ၅/ရဥန(နိုင်)၀၁၇၀၂၉ ဖြစ်ပါသည်။ **ဦးကျော်**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့၊ အမှတ် ၂၄၀၊ ၂ လမ်း၊ ကြည်တော်ကုန်း(ခ)နေ ဦးယဉ်လှ- ဒေါ်ဝင်းမြင့်တို့၏သမီး မခိုင်ဇင်ရီ ၇/ပခန(နိုင်)၂၅၂၂၀၉ သည် မိဘဆွေမျိုးများအပေါ် အမျိုးမျိုးစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ မိဘဆွေမျိုးတို့၏ဆုံးမစကားကို လုံးဝမနာခံဘဲ သူမ၏ဆန္ဒသဘောအလျောက်ပြုမူသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ် စွန့်လွှတ်လိုက်သည်။ သူမနှင့်ပတ်သက်သော ကိစ္စမှန်သမျှ(လုံးဝ)တာဝန်မယူပါ။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

ဒေါ်ဝင်းမြင့် ၇/ပခန(နိုင်)၀၇၆၂၉၀

# ထိုင်းနိုင်ငံနှင့် ဗီဇာကင်းလွတ်ခွင့်ရရှိရေးကြိုးပမ်းနေ

**ရန်ကုန် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံအနေဖြင့် အာဆီယံ ၁၀ နိုင်ငံအနက် လေးနိုင်ငံနှင့် ဗီဇာကင်းလွတ်ခွင့်ရရှိရန် ကျန်ရှိလျက်ရှိရာ လောလောဆယ် ထိုင်းနိုင်ငံနှင့် ဗီဇာကင်းလွတ်ခွင့်ရရှိရန် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းရပ်ကွက်မှ သိရသည်။

"ထိုင်းနိုင်ငံနဲ့ ဗီဇာကင်းလွတ်ခွင့်ရဖို့ မြန်မာနိုင်ငံအနေဖြင့် အသင့်ဖြစ်နေပါပြီ။ ထိုင်းနိုင်ငံဘက်က အဖြေကို စောင့်နေတာပါ။ နှစ်နိုင်ငံ ဗီဇာကင်းလွတ်ခွင့်နဲ့ လွတ်လပ်စွာ သွားလာနိုင်ဖို့ နှစ်ဦးနှစ်ဖက် သဘောတူညီမှုတွေရဖို့ လိုပါတယ်" ဟု အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းက ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် လာအို၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံများနှင့် ဗီဇာကင်းလွတ်ခွင့်ရရှိထားပြီဖြစ်ရာ ထိုင်းနိုင်ငံအပါအဝင် လေးနိုင်ငံနှင့်သာ ဗီဇာကင်းလွတ်ခွင့်ပြုလုပ်ရန် ကျန်ရှိတော့သည်။ အဆိုပါကျန်ရှိနေသေးသည့် ဘရူနိုင်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့နှင့်လည်း ၂၀၁၅ ခုနှစ်အမီ မြန်မာနိုင်ငံနှင့် ဗီဇာကင်းလွတ်ခွင့်ရရှိရန် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အာဆီယံနိုင်ငံများနှင့် ဗီဇာကင်းလွတ်ခွင့်များ တိုးမြှင့်ဆောင်ရွက်လာနိုင်ခြင်းကြောင့် မြန်မာနိုင်ငံအတွင်းသို့ အာဆီယံနိုင်ငံများမှ ခရီးသွားဧည့်သည်များ လွတ်လပ်စွာသွားလာနိုင်ကာ မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များ တစ်နှစ်ထက်တစ်နှစ် တိုးတက်ဝင်ရောက်လာနိုင်ကြောင်း ပညာရှင်များက လေ့လာသုံးသပ်ထားသည်။

အာဆီယံတွင် ဖွံ့ဖြိုးမှုအားကောင်းသော မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဘရူနိုင်းနိုင်ငံတို့နှင့် ဗီဇာကင်းလွတ်ခွင့် ဆောင်ရွက်လာနိုင်သည်နှင့်အမျှ မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူဖြစ်လာနိုင်သည်။ အာဆီယံဒေသတွင်း လူဦးရေသန်း ၆၀၀ နေထိုင်လျက်ရှိရာ ဗီဇာကင်းလွတ်ခွင့်များ ဆောင်ရွက်လာနိုင်မှုကြောင့် အပြန်အလှန်လည်ပတ်မှုများ အဆင်ပြေချောမွေ့လာမည်ဖြစ်သည်။ **မောင်နွေသစ်**

# ကလေးဗဟိုပြုချဉ်းကပ်သင်ယူမှုဆိုင်ရာ မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဆင်း

**မော်လူး အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်စု အုန်းဒုတ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကလေးဗဟိုပြုသင်ယူချဉ်းကပ်မှုဆိုင်ရာ မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၉ ရက်က ကျင်းပသည်။

အင်းတော်မြို့နယ် ပညာရေးမှူးကိုယ်စား ဒုတိယမြို့နယ်ပညာရေးမှူးဦးသိန်းဆွေဝင်း၊ သင်တန်းကြီးကြပ်ရေးမှူး ဒေါ်သီသီဝင်း(မုံရွာ)နှင့် ပညာရေးအုပ်စုခေါင်းဆောင်များ၊ သင်တန်းသားများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဒုတိယမြို့နယ်ပညာရေးမှူးက ယနေ့ပညာရေးစနစ်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသောပညာရေးစနစ်နှင့်အညီ ဆရာဗဟိုပြုသင်ကြားရေးစနစ်မှ ကျောင်းသားလူငယ်(ကလေးဗဟိုပြုသင်ယူချဉ်းကပ်မှု) ဗဟိုပြုသင်ကြားရေးစနစ်သို့ တစ်နိုင်ငံလုံးတွင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည့်အတွက် ဆရာ ဆရာမများအနေဖြင့် ယခုသင်တန်းကို ကြိုးစားသင်ယူကြပြီး မိမိတို့ကျောင်းများတွင် စနစ်တကျပြန်လည်သင်ကြားပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးတင်ငွေက ပညာသင်ကြားရေးနှင့်သင်တန်းဖြစ်မြောက်ရေးအတွက် အဘက်ဘက်က လိုအပ်သည်များကို ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်နေမှုများနှင့် သင်တန်းနည်းပြဆရာမ ဒေါ်သီသီဝင်း(မုံရွာ)က CCA သင်တန်းသင်ကြားရေးနှင့်ပတ်သက်ပြီး လိုအပ်သည်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များကို ပေးအပ်ခဲ့သည်။ **(၁၄၉)**

# မော်လမြိုင်မြို့ နေရာငါးခုတွင် Public Digital Library စနစ်များ တပ်ဆင်

**မော်လမြိုင် အောက်တိုဘာ ၂၁**

မော်လမြိုင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် မော်လမြိုင်မြို့တွင်း လူစည်ကားရာ နေရာများဖြစ်သည့် ပြည်နယ်အစိုးရရုံး၊ နည်းပညာတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပညာရေးကောလိပ်နှင့် မင်းစည်းစိမ်လက်ဖက်ရည်ဆိုင်တို့တွင် အောက်တိုဘာ ပထမပတ်အတွင်းက Public Digital Library စနစ်များ စတင်တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

Public Digital Library စနစ်တပ်ဆင်ထားသောနေရာများတွင် စာအုပ်ဖတ်ရှုလိုသူများအနေဖြင့် မိမိတို့၏ ဖုန်း၊ လက်တော့ပ်၊ Tablet များနှင့် ဝိုင်ဖိုင်မှတစ်ဆင့် စာအုပ်များကို ဖတ်ရှုနိုင်ပြီး စာအုပ်ပေါင်း ၆၀၀၀ ကျော်ထားရှိပေးထားကြောင်းနှင့် အလှူရှင်များ ပေါ်ပေါက်လာပါက ပြည်နယ်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများသို့ ဆက်သွယ်စုံစမ်းကာ ပြည်သူများ ဗဟုသုတတိုးပွားရေးအတွက် မိမိတို့ဒေသအလိုက် တပ်ဆင်အသုံးပြုနိုင်ကြောင်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိဒေါ်နန်းမြမြဝင်း၏ ပြောကြားချက်အရသိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ငါးသယံဇာတထိန်းသိမ်းရေး ဆုချီးမြှင့်ပွဲကျင်းပ

**ရေတာရှည် အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် တရားမဝင်နည်းလမ်းများကိုအသုံးပြုပြီး ငါးဖမ်းသူများအား ဒေသခံပြည်သူများက တာဝန်သိစွာ ဝိုင်းဝန်းတားမြစ်ခဲ့ကြပြီး ထိုသို့ တာဝန်သိစွာဆောင်ရွက်ခဲ့ကြသူများနှင့် သမဆယ်ချောင်းအတွင်း အဆိပ်ချ ငါးဖမ်းသူများကို ဒေသခံများက ဝိုင်းဝန်းတားမြစ်ဟူသော ခေါင်းစဉ်ဖြင့် သတင်းရေးသားခဲ့သူ ရေတာရှည်မြို့နယ် သတင်းထောက် ကိုလွင်(ဆွာ)တို့အား မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ငါးသယံဇာတ ထိန်းသိမ်းရေး ဆုချီးမြှင့်ပွဲကျင်းပ ဂုဏ်ပြုခဲ့သည်။

သိုင်းဝကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ အောက်တိုဘာ ၁၇ ရက်က ကျင်းပသော ဆုချီးမြှင့်ပွဲသို့ မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး တက်ရောက်ကာ ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ဒုတိယဝန်ကြီးက တိုးပွားလာသည့် လူဦးရေအချိုးအစားနှင့်အတူ စားနပ်ရိက္ခာဖူလုံရေးအတွက် သားငါးသယံဇာတဖွံ့ဖြိုးတိုးတက်ရေးသည် လွန်စွာမှအရေးကြီးကြောင်း၊ တရားမဝင်ငါးဖမ်းနည်းများဖြစ်သည့် ရှော့ခ်တိုက်ငါးဖမ်းခြင်း၊ ဓာတုဗေဒဆေးများ အသုံးပြုငါးဖမ်းခြင်းနှင့် ပေါက်ကွဲစေသည့် ပစ္စည်းများကို အသုံးပြုခြင်းတို့သည် ငါးသယံဇာတများကို မျိုးသုဉ်းပျောက်ကွယ်သည်အထိ ဆိုးရွားသောအကျိုးဆက်များ သက်ရောက်စေသည့်အတွက် ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းတားဆီးကြရမည် ဖြစ်ကြောင်း၊ သမဆယ်ကျေးရွာ ဒေသခံပြည်သူများ၏ တာဝန်သိသိကြိုးပမ်းဆောင်ရွက်ခဲ့မှုကို အလေးအနက်ထား၍ ယခုဆုချီးမြှင့်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်သတင်းထောက် ကိုလွင်(ဆွာ)နှင့် သမဆယ်ကျေးရွာနေဒေသခံ လေးဦးတို့အား ဒုတိယဝန်ကြီးက ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျေးရွာ ၁၀ ရွာမှ အထောက်အကူပြုအဖွဲ့များနှင့် တွေ့ဆုံကာ ကျေးရွာများ၏ လိုအပ်ချက်အလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ဖြိုးလွင်အောင်**



**ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဓမ္မလင်္ကာရစာသင်တိုက် ရတနာကျောင်းဆောင်၌ ဒေသခံပြည်သူများအား သွားနှင့်ခံတွင်းရောဂါများ ကုသပေးခြင်း၊ သွားချေးချွတ်ခြင်း၊ သွားကျောက်တည်ခြစ်ပေးခြင်း၊ သွားစိုက်ခြင်းနှင့် သွားနှင့်ခံတွင်းရောဂါဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း ရန်ကုန်တိုင်းဒေသကြီးအသင်းခွဲ ဥက္ကဋ္ဌဒေါက်တာနိုင်ထွန်းသွင် ဦးဆောင်သော သွားဆရာဝန် ၃၀ က ဓမ္မလင်္ကာရပရိယတ္တိစာသင်တိုက်နှင့် လူငယ်ပရဟိတဆရာတော်ဦးရေဝတ၏ ဦးဆောင်မှု၊ စိတ္တသုခလူမှုရေးကုသိုလ်ပြုအသင်းတို့၏ကူညီမှုတို့ဖြင့် အောက်တိုဘာ ၁၉ ရက်က ဆောင်ရွက်ပေးစဉ်။** မျိုးလှိုင်(တွံတေး)


**မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်း(ဒလ-ပျော်ဘွယ်ကြီး)၏**

**လစဉ် ဝိပဿနာ တရားစခန်းဖိတ်ကြားလွှာ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၅၈)ရပ်ကွက်၊ ဦးဘဉာဏ်လမ်း၊ အမှတ် ၈၈၈၊ ဆရာကြီးဦးသန်း ကမ္မဋ္ဌာန်းရိပ်သာဓမ္မာရုံကြီးတွင် လယ်တီမူ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်၊ ကမ္မဋ္ဌာနာစရိယချုပ် ဆရာကြီးဦးသန်း၏တပည့်များ အနီးကပ်ညွှန်ပြပို့ချအပ်သော လစဉ် ဝိပဿနာခုနစ်ရက်တရားစခန်းကို ၁-၁၁-၂၀၁၄ရက်မှ ၉-၁၁-၂၀၁၄ရက်အထိ ဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသူများ၊ အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်လှူဒါန်းလိုသူများ ဖုန်း-၀၉-၃၁၅၆၆၈၂၁၊ ၀၉-၇၃၀၀၈၅၂၈တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း လေးစားစွာဖိတ်ကြားအပ်ပါသည်။ **လယ်တီမူအနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်**
**(၅၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်**



**လယ်တီမူ-အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ် မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်း ဦးဆောင်သော ကမ္မဋ္ဌာနာစရိယများ စီမံခန့်ခွဲရေးကော်မတီ ဒသမအကြိမ်မြောက် ရက်ပေါင်း ၅၀ ကမ္မဋ္ဌာနာစရိယ ဆရာဖြစ်သင်တန်း၊**

**သင်တန်းသားခေါ်ယူခြင်း**

သံဃာတော်၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီး စိတ်ဝင်စားသူမည်သူမဆို အောက်ပါလိပ်စာသို့ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

သင်တန်းကာလ-၉-၁၁-၂၀၁၄ရက်မှ ၂၈-၁၂-၂၀၁၄ရက်အထိ (ရက်ပေါင်း ၅၀)

**အကျိုးဆောင်အဖွဲ့**

**ရတနာမဥ္ဇူဓမ္မရိပ်သာ၊ သမိုင်း(၁)ရပ်ကွက်၊ ၂ လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**

**ဖုန်း-၀၁-၆၆၃၈၀၁၊ ၀၉-၅၁၉၇၀၂၇၊ ၀၉-၇၃၀၀၈၅၂၈၊ ၀၉-၃၁၇၅၁၀၀၁၊ ၀၉-၂၅၄၀၆၁၂၀**



**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ မြောက်သောင်တုန်းကျေးရွာ အထက(ခွဲ)တက္ကသိုလ်ဝင်တန်းမှ မောင်ထက်လွင်ဦး၏ဖခင်အမည်မှန်မှာ ဦးခင်မောင်မြင့် ၉/ပဘန(နိုင်)၀၃၁၁၉၆ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ အထက တက္ကသိုလ်ဝင်တန်း(A)မှ မောင်သူရိန်စိုး၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝင်းခိုင် ၈/ခမန(နိုင်)၁၀၉၃၀၂ ဖြစ်ပါသည်။ **ဦးထွန်းဝင်းခိုင်**



**တစ်ချက်တည်းကျင်းဝင်**

**(ရန်ကုန်ဂေါက်အသင်း၊ တညင်းကုန်း)**

၂၀၁၄ခုနှစ် အောက်တိုဘာ ၁၁ရက် ညနေ ၃း၁၅နာရီတွင် ရန်ကုန်ဂေါက်အသင်း (တညင်းကုန်း)၌ ဦးဇော်ဦးသည် ၄င်း၏ကစားဖော်များဖြစ်ကြသော ဦးနေဝင်း၊ ဦးဇော်မင်း၊ ဦးဝင်းဇော်၊ ဦးဇော်ထွန်းတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၁)ကို (၁၂၃)ကိုက်အကွာမှ Titleist PRO V 1 ဘောလုံးအား IRON(8) တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားပါသည်။



**ချင်းတွင်းအသင်း(ရန်ကုန်)**

**စုပေါင်းမဟာဘုံကထိန်ဖိတ်ကြားခြင်း**

ချင်းတွင်းအသင်း(ရန်ကုန်)၏ (၂၁)ကြိမ်မြောက် ဘုံကထိန်ကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ ချင်းတွင်း နယ်သူ နယ်သားများ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ လှူဖွယ်ဝတ္ထုပစ္စည်းများကို ၂၂-၁၀-၂၀၁၄ရက် နောက်ဆုံးထား၍ အောက်ပါပုဂ္ဂိုလ်များထံ ပေးပို့လှူဒါန်းနိုင်ပါကြောင်းနှင့် ဘုံကထိန်ကျင်းပမည့်ရက်တွင် လှူဖွယ်ဝတ္ထုပစ္စည်းများ ယူဆောင်လာကြပါရန် နှိုးဆော်အပ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၆-၁၀-၂၀၁၄ရက် (တနင်္ဂနွေနေ့) (တန်ဆောင်မုန်းလဆန်း ၄ရက်)
**ကျင်းပမည့်အချိန်** - နံနက် ၉ နာရီ
**ကျင်းပမည့်နေရာ** - အနုတ္တရောပုရိသဓမ္မသာရထိမ္မောရုံ (ချင်းတွင်းအသင်းမွောရုံ) နဝဒေးစွယ်တော်မြတ်စေတီတော်ဝင်းအတွင်း

**ဆက်သွယ်လှူဒါန်းရန်**

ဦးဇော်ဝိတ် ဖုန်း-၀၉-၅၁၄၃၄၃၇၊ ဦးအောင်ဝင်း ဖုန်း-၀၁-၅၂၂၀၃၂၊ ဦးသိန်းလွင် ဖုန်း-၀၉-၅၀၀၂၃၆၃၊ ဦးမြင့်ဆွေ ဖုန်း-၀၉-၅၁၄၇၈၈၃၊ ဒေါ်ကြူကြူ ဖုန်း-၀၁-၅၈၁၁၀၉

**နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးပါမည်။**



**ဖခင် အမည်မှန်**

တန့်ဆည်မြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(ဒီ)မှ မစုလှိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းဦး ၉/အမရ(နိုင်)၀၈၄၅၇၀ ဖြစ်ပါသည်။



**ဖခင်အမည်မှန်**

တန့်ဆည်မြို့၊ အထက(၁) နဝမတန်း(ဒီ)မှ မောင်ထက်ဝေအောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်ကြီး ၅/တဆန(နိုင်)၀၃၆၅၁၃ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

ဟဲဟိုးမြို့၊ ကလောမြို့နယ်၊ အထက(၄) တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်ဇင်လင်းမောင်၏ ဖခင်အမည်မှန်မှာ ဦးတင်ငွေး(ခ) ဦးငွေး ၉/သစန(နိုင်)၀၂၀၇၂၀ ဖြစ်ပါသည်။ **ဦးတင်ငွေး(ခ)ဦးငွေး**

**ဖခင်အမည်မှန်**

ဟဲဟိုးမြို့၊ ကလောမြို့နယ်၊ အထက(၄) တက္ကသိုလ်ဝင်တန်း(ဂ)မှ မလှလှအေး၏ ဖခင်အမည်မှန်မှာ ဦးထွန်းစုံ(ခ)ဦးအောင်ဆုံ ၁၃/ကလန(နိုင်)၁၃၁၃၇၀ ဖြစ်ပါသည်။ **ဦးထွန်းစုံ(ခ)ဦးအောင်ဆုံ**

**ဖခင်အမည်မှန်**

ဟဲဟိုးမြို့၊ ကလောမြို့နယ်၊ အထက(၄) တက္ကသိုလ်ဝင်တန်း(ဂ)မှ မအေးမြတ်စန္ဒာစိုး၏ဖခင်အမည်မှန်မှာ ဦးကာစင်(ခ)ဦးစိုးမင်း ၁၃/ကလန(နိုင်)၀၂၈၀၅၃ ဖြစ်ပါသည်။ **ဦးကာစင်(ခ)ဦးစိုးမင်း**

**ဖခင်အမည်မှန်**

ဟဲဟိုးမြို့၊ ကလောမြို့နယ်၊ အထက(၄) တက္ကသိုလ်ဝင်တန်း(ခ)မှ မအိအိလင်း၏ ဖခင်အမည်မှန်မှာ ဦးမျိုးသက်ဝင်း(ခ)ဦးဇော်လင်း ၁၃/ကလန(နိုင်)၀၇၃၃၃၄ ဖြစ်ပါသည်။ **ဦးမျိုးသက်ဝင်း(ခ)ဦးဇော်လင်း**

**ဖခင်အမည်မှန်**

ဟဲဟိုးမြို့၊ ကလောမြို့နယ်၊ အထက(၄) တက္ကသိုလ်ဝင်တန်း(ခ)မှ မထက်ထက်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းမောင်(ခ)ဦးအောင်ဝင်း ၁၃/ကလန(နိုင်)၀၂၈၀၂၇ ဖြစ်ပါသည်။ **ဦးဝင်းမောင်(ခ)ဦးအောင်ဝင်း**

**ဖခင်အမည်မှန်**

ဟဲဟိုးမြို့၊ ကလောမြို့နယ်၊ အထက(၄) တက္ကသိုလ်ဝင်တန်း(က)မှ မနွေးနွေးငယ်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ဦး ၁၃/ကလန(နိုင်)၀၅၃၂၃၇ ဖြစ်ပါသည်။ **ဦးကျော်ကျော်ဦး**

**ဖခင်အမည်မှန်**

ဟဲဟိုးမြို့၊ ကလောမြို့နယ်၊ အထက(၄) တက္ကသိုလ်ဝင်တန်း(က)မှ မစုမြတ်နိုးဦးနှင့် သတ္တမတန်း(ခ)မှ မောင်ထွန်းနိုင်စိုးတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုးမိုး ၁၃/ကလန(နိုင်)၀၆၀၀၁၃ ဖြစ်ပါသည်။ **ဦးကျော်စိုးမိုး**

**ဖခင် အမည်မှန်**

ဟဲဟိုးမြို့၊ ကလောမြို့နယ်၊ အထက(၄) တက္ကသိုလ်ဝင်တန်း(ဃ)မှ မခင်ဇာမျိုးနှင့် နဝမတန်း(ခ)မှ မခင်ရတနာစိုးတို့၏ ဖခင်အမည်မှန်မှာ ဦးနေလင်း ၁၃/ကလန(နိုင်)၀၇၂၇၆၈ ဖြစ်ပါသည်။ **ဦးနေလင်း**

## သတင်းတိုများ

### ရွှေတိဂုံစေတီတော် မသိုးသင်္ကန်းပွဲတော်၌ ညအိပ်စာရင်းတိုင်ကြားရန်လို

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အကြိမ်(၃၀)မြောက် မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက် အဖိတ်နေ့ (နိုဝင်ဘာ ၅) ရက် ညနေပိုင်းတွင် စေတီတော်ရင်ပြင် ရာဟုထောင့်အောင်မြေ၌ ကျင်းပမည်ဖြစ်သည်။

ဝိနည်းတော်နှင့်အညီ ချုပ်လုပ်ပြီးစီးသည့် မသိုးရွှေကြာသင်္ကန်းတော်များကို တန်ဆောင်မုန်းလပြည့် (နိုဝင်ဘာ ၆ရက်) နံနက်ပိုင်းတွင် စေတီတော် ဂေါပကအဖွဲ့က ဦးဆောင်ကာ ရွှေတိဂုံစေတီတော်နှင့် စေတီတော်ရင်ပြင်ရှိ အရံစေတီများ၌ ဆက်ကပ်လှူဒါန်းပူဇော်ကြမည်ဖြစ်သည်။ ဘုရားဖူးလာပြည်သူများ၏ လုံခြုံရေးအတွက် စိစစ်ဆောင်ရွက်နိုင်ရန် အဆိုပါ ရက်များအတွင်း ရွှေတိဂုံစေတီတော်၌ ညအိပ်ကုသိုလ်ပြုကြမည့် ဘုရားဖူးပြည်သူအားလုံး မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ယူဆောင်လာကြရန်နှင့် ညအိပ်စာရင်းကို တိုင်ကြားကြရန် စေတီတော်ဂေါပကအဖွဲ့က သတိပေးနှိုးဆော်ထားကြောင်း သိရသည်။ **ကိုချစ်**

### ရမည်းသင်းမြို့နယ်လုံးကျွတ် မဟာဘုံကထိန်ပွဲကျင်းပမည်

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့တွင် အကြိမ် (၈၀)မြောက် မြို့လုံးကျွတ် မဟာဘုံကထိန်ပွဲတော်ကို အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၆၀ မှ သံဃာတော်များအား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ခြင်း၊ ရပ်ကွက်များ၊ ကျောင်းများ၊ ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များအလိုက် ပဒေသာပင်လှည့်လည်ခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များအပါအဝင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

### စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်

စာကြည့်တိုက်မှူးများအနေဖြင့် စာကြည့်တိုက်လုပ်ငန်းများ ပိုမိုကျွမ်းကျင်မှုရှိစေရန်နှင့် ပြည်သူများအတွက် အထောက်အကူဖြစ်စေရန်အတွက် တောင်သာမြို့နယ် ရသစ်ကျေးရွာ(ပညာဘဏ်)စာကြည့်တိုက်တွင် ရသစ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ စာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်ပညာကို စိတ်ပါဝင်စားသော ပြည်သူ ၃၁ ဦးအား စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အောက်တိုဘာ တတိယပတ်အတွင်း ဖွင့်လှစ်ပို့ချခဲ့ပြီး မြို့နယ်အတွင်းရှိ စံ(၅) ချက်ညီ စာကြည့်တိုက်များအတွက် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းက အခမဲ့ဖြန့်ဝေပေးသော စာကြည့်တိုက်လုပ်ငန်း စီမံခန့်ခွဲရေးလက်စွဲစာစောင်များကိုပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်မျိုးနိုင်(တောင်သာ)**

# ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုလျှော့ချရန် မီးပွိုင့်ဆယ်ခုချိတ်ဆက်၍ စမ်းသပ်ဆောင်ရွက်မည်

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားနေမှုများကို လျှော့ချနိုင်ရန်အတွက် မီးပွိုင့်ဆယ်ခုကို ချိတ်ဆက်ကာ Control System ဖြင့် ထိန်းကျောင်းမည့် စမ်းသပ်မှုတစ်ခု ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် စမ်းသပ်မှုအောင်မြင်ပါက ယာဉ်ပိတ်ဆို့မှုဖြစ်နေသော မီးပွိုင့်အားလုံးနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုစမ်းသပ်မှုတွင် ပါရမီလမ်းနှင့် ကမ္ဘာအေးဘုရားလမ်းဆုံရှိ ချော်တွင်းကုန်းမီးပွိုင့်ကို ဗဟိုပြု၍ ကမ္ဘာအေးဘုရားလမ်းနှင့် ပြည်လမ်းပေါ်ရှိ မီးပွိုင့်ဆယ်ခုကို ချိတ်ဆက်ဆောင်ရွက် စမ်းသပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား)မှ သိရသည်။

ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့မှု ထူထပ်များပြားလျက်ရှိရာ လျှော့ချနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နည်းမျိုးစုံဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး စည်းကမ်းထိန်းသိမ်းရေးအတွက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီများဖွဲ့၍ အရေးယူဆောင်ရွက်ခြင်းကိုလည်း အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။ ရန်ကုန်မြို့တော်စည်ပင်ကလည်း လမ်းများကို တိုးချဲ့နိုင်သမျှတိုးချဲ့ခြင်း၊ ခုံးကျော်တံတားများ တည်ဆောက်ခြင်းတို့ဖြင့် လမ်းပိတ်ဆို့မှုလျှော့ချရေးဆောင်ရွက်လျက်ရှိရာ ယခင်က ယာဉ်ကြောပိတ်ဆို့မှုအဖြစ်အများဆုံးနေရာဖြစ်သည့် လှည်းတန်းလမ်းဆုံတွင် လှည်းတန်းခုံးကျော်တံတားနှင့် ဘုရင့်နောင်လမ်းဆုံတွင် နှစ်ထပ်ခုံးကျော်တံတားတို့ကို တည်ဆောက်ပြီးဖြစ်ကာ မြေနီကုန်းခုံးကျော်တံတားနှင့် အင်းစိန်ခုံးကျော်တံတားတို့ကိုလည်း တည်ဆောက်လျက်ရှိသည်။ **ဘော်ဂါသွေး**

# ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ထားဝယ်မြို့၌ဟောပြော

**ထားဝယ် အောက်တိုဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာကော်မတီက ကျင်းပသည့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ထားဝယ်မြို့ မြောက်ရွာရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ အောက်တိုဘာ ၁၇ ရက်က ကျင်းပသည်။



ဟောပြောပွဲတွင် ထားဝယ်မြို့နယ် ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးမှူး ဒေါ်ခင်နွယ်ထွန်းက ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများအကြောင်းကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးမှူး(၁) ဦးတင်မောင်စိန်က ပျိုဖော်ဝင်စ လူငယ်လူရွယ်များအကြောင်းကိုလည်းကောင်း၊ ထားဝယ်မြို့နယ်ဥပဒေအရာရှိ ဒေါ်ဝါဝါချိုက ကလေးသူငယ်စောင့်ရှောက်မှုဆိုင်ရာ ဥပဒေအကြောင်းကိုလည်းကောင်း၊ ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဒေါ်မူမူအေးက လူကုန်ကူးမှု တားဆီးကာကွယ်ရေးအကြောင်း သိကောင်းစရာများကို လည်းကောင်း ဟောပြောခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

# ဖျာပုံမြို့ ပြည်သူများနှင့် အော်တိုတယ်လီဖုန်း ကြွေးကျန်ကိစ္စ

**ဖျာပုံ အောက်တိုဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် မိုဘိုင်းဖုန်းများဖြစ်သည့် GSM, CDMA, WCDMA ဖုန်းများကို လွယ်လင့်တကူ သယ်ဆောင်အသုံးပြုနေပြီဖြစ်သော်လည်း မြို့တွင်းရပ်ကွက်များအတွင်းရှိ ရုံးများ၊ ကျောင်းများ၊ အိမ်များ၊ ဈေးဆိုင်များတွင် အထိုင်ဖုန်းခေါ် အော်တိုကြိုးဖုန်းများကို ဝန်ဆောင်မှုဈေးနှုန်းသက်သာစွာဖြင့် အသုံးပြုနေရာတွင် ယခုအခါ ပြောင်းလဲလာသော ခေတ်ကာလနှင့်အညီ (ADSL) အင်တာနက်လိုင်းများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ လျှောက်ထား၍ ခေတ်မီတိုးတက်စွာ အသုံးပြုနေကြပြီဖြစ်သည်။

ဖျာပုံမြို့ ပြည်သူများအတွက် လွယ်တင့်တကူအသုံးပြုနေရသည့် အော်တိုကြိုးဖုန်းဘီလ်များကို ဖုန်းဘီလ်ကျသင့်ငွေပေးဆောင်ရာတွင် ဖျာပုံမြို့ (၂)လမ်းရှိ အော်တိုတယ်လီဖုန်းအခွန်ဌာနသို့ ဖုန်းစာအုပ်ဖြင့် မိမိတို့၏ ဖုန်းနံပါတ်များအတိုင်း လစဉ်ကျသင့်ငွေများကို ပေးဆောင်နေကြသည်။ ထိုကဲ့သို့ ပေးဆောင်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဖုန်းဘီလ်ကြွေးကျန်ငွေများ ပေါ်ပေါက်နေသဖြင့် အော်တိုတယ်လီဖုန်းများကို ယာယီဖုန်းဖြတ်တောက်မှုများဖြစ်ပေါ်နေ၍ ပြည်သူများ၏ လူမှုစီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများအတွက် များစွာနစ်နာမှုများ ကြုံတွေ့နေရသောကြောင့် တာဝန်ရှိသူများ ကြပ်မတ်ဆောင်ရွက်ပေးစေလိုကြောင်း ပြည်သူများ လိုလားလျက်ရှိသည်။ **(၀၇၁)**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

## (တင်ဒါအဆိုပြုလွှာများဖိတ်ခေါ်ခြင်း)

၁။ **ရှမ်းပြည်နယ်(တောင်ပိုင်း)အထက်ဘီလူးချောင်းရေအားလျှပ်စစ်စီမံကိန်း၏ design, supply and installation of Hydromechanical and Electromechanical Woks လုပ်ငန်းအတွက် တင်ဒါအဆိုပြုလွှာများအား နိုင်ငံခြားငွေ(USD)ဖြင့် အဆိုပြုတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။**

၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၅-၁၁-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ
**တင်ဒါအဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၉-၁၂-၂၀၁၄ ရက်၊ ၁၀း၀၀ နာရီ

၃။ Technical အောင်မြင်သည့် လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အလက်များကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၃၅၃၁၊ ၀၉-၂၅၀၃၄၅၃၄၉၊ ၀၉-၄၅၀၅၃၉၂၄၈၊ ၀၉-၄၂၁၇၁၆၆၈၉၊ ၀၉-၄၂၀၇၀၁၃၄၆၊ ဖက်စ်-၀၆၇-၄၁၃၅၃၁**

## ဖခင်အမည်မှန်

တန့်ဆည်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(စီ)တွင် မောင်ထက်လင်းကို၏ ဖခင်အမည်မှန်မှာ ဦးမောင်ဝင်း ၅/တဆန(နိုင်) ၀၅၈၃၅၆ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၈)၊ တက္ကသိုလ်ဝင်တန်း(ဂ)တွင် ကျောင်းဝင်အမှတ်-၁၁၃၅၃ ဖြင့် ပညာသင်ကြားနေသော မောင်အောင်ရဲထွန်း၏ ဖခင်အမည်မှန်မှာ ဦးတင်ထွန်းအောင် ဖြစ်ပါသည်။

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(က)မှ မဍွေးဍွေးဝင်း၏ဖခင်အမည်မှန်မှာ အရှိုကူးမားရိ(ခ)ဦးဇော်ဝင်း ၅/စကန(နိုင်)၀၃၂၄၂၀ ဖြစ်ပါကြောင်း။

**အရှိုကူးမားရိ(ခ)ဦးဇော်ဝင်း**

**တက္ကသိုလ်များပုံနှိပ်တိုက်လုပ်ငန်းသုံးပစ္စည်းများ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တက္ကသိုလ်များ ပုံနှိပ်တိုက်တွင် အသုံးပြုရန်လိုအပ်သော Wood Free (27"x34")(70)GSM,500 Sheets/Package (Asiabase-Indonesia) 4500 Reams ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပေးသွင်းမှုကို ၂၁-၁၁-၂၀၁၄ရက် ၁၂း၀၀နာရီတွင် ပိတ်ပါမည်။

၃။ ၂၁-၁၁-၂၀၁၄ရက်၊ မွန်းလွဲ ၁၃း၀၀နာရီတွင် တင်ဒါဖွင့်ပါမည်။

၄။ တင်ဒါပုံစံဝယ်ယူရန်နှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ**
**တက္ကသိုလ်များပုံနှိပ်တိုက်**
**သထုံလမ်း၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၅၃၇၃၅၇၊ ၀၁-၅၂၅၆၁၆**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ ရွှေဘိုလမ်း၊ အမှတ်(၁၆)၊ ခြောက်လွှာနေ ဦးခင်မောင်ဝင်း ၁၂/တမန(နိုင်)၀၁၃၉၆၇၊ ဒေါ်ခင်မြအေး ၁၂/တမန(နိုင်)၀၁၃၈၃၇တို့၏သား မောင်ဝင်းထွန်း ၁၂/ပဘတ(နိုင်)၀၀၀၆၉၈ သည် မိဘတို့၏ဆိုဆုံးမမှုကို လုံးဝမနာခံဘဲ မိဘနှစ်ပါး၏ ကိုယ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် နောက်နောင် မောင်ဝင်းထွန်း၏ ပြုလုပ်မှုမှန်သမျှကို တာဝန်မယူပါကြောင်းနှင့် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးခင်မောင်ဝင်း(ဖခင်)**
**၁၂/တမန(နိုင်)၀၁၃၉၆၇**
**ဒေါ်ခင်မြအေး(မိခင်)**
**၁၂/တမန(နိုင်)၀၁၃၈၃၇**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ကျောက်ဖြူ GT-ရမ်းဗြဲနှင့် ကျောက်ဖြူ GT-မဒဲ ၆၆ ကေဗွီဓာတ်အားလိုင်းများအတွက် လိုအပ်သော ၁၅ မီတာ ကွန်ကရစ်ကျောက်တိုင်များကို မြန်မာကျပ်ငွေဖြင့် ကျခံသုံးစွဲ၍ တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၁၀-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၃၁-၁၀-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/A)၊ ဦးဘဝင်းလမ်း၊ မြေကွက်အမှတ်(၅၆၇)ရှိ ပေ၅၀×ပေ၅၀အကျယ်မှာ ယခုလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်နော်အယ်လေးဖော ၁၂/တတန(နိုင်)၂၁၈၀၄၈ ထံမှ ကျွန်ုပ်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်ထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်နီနီဝင်း ၁၂/တမန(နိုင်)၀၄၂၂၈၈**
**အမှတ်(၃၇)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ဖုန်း-၀၉-၅၀၃၁၆၉၄၊ ၀၁-၅၁၀၆၃၇**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ဂန့်ဂေါမြို့ ကျက်သရေဆောင် ဇမ္ဗူထိပ်ခေါင်ရန်မျိုးအောင် ရုပ်ပွားတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံ



**ဂန့်ဂေါ အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့၏ ကျက်သရေဆောင် ဇမ္ဗူထိပ်ခေါင်ရန်မျိုးအောင် ရုပ်ပွားတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်တော်ကို ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်လျက်ရှိရာ အလှူငွေနှင့် လုပ်အားဒါနများ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဉာဏ်တော် ၁၄ တောင်အမြင့်ဆောင်တော်မူသည့် ထက်ဝယ်ဖွဲ့ခွေ ဘူမိဖဿမုဒြာဟန် ဇမ္ဗူထိပ်ခေါင်ရန်မျိုးအောင်ရုပ်ပွားတော်မြတ်ကြီးကို ဦးခေါင်းတော်ပိုင်းကို စကျင်ကျောက်သားဖြင့်လည်းကောင်း၊ ကိုယ်လုံးတော်ပိုင်းကို အုတ်အင်္ဂတေတို့ဖြင့်လည်းကောင်း ခတ်တော်မြတ်လေးဆူဌာပနာလျက် ကောဇာသက္ကရာဇ် ၁၃၁၀ ပြည့်နှစ်တွင် ဂန့်ဂေါမြို့ စည်ပင်ရပ်ကွက်အတွင်း၌ တည်ထားကိုးကွယ်ခဲ့ကြရာ နှစ်ကာလကြာညောင်းသောအခါ မူလဂန္ဓကုဋိတိုက်တော်မှာ ပျက်စီးယိုယွင်းလာခဲ့သည်။ သို့ဖြစ်၍ မူလဂန္ဓကုဋိတိုက်တော်နေရာတွင် အကျယ် ၅၅ ပေပတ်လည်၊ အမြင့် ၄၅ ပေရှိ ဘုံသုံးဆင့် ဇေတဝန်ပုံစံ ဂန္ဓကုဋိတိုက်တော်အသစ်ကို ၂၀၀၉ ခုနှစ် ဇွန် ၁ ရက်မှစတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် အမိုးတည်ဆောက်ပြီးစီးခဲ့သည်။

ယင်းနောက် ဂန္ဓကုဋိတိုက်တော်နှင့်ဆက်လျက် အလျား ၅၅ ပေ၊ အနံ ၃၆ ပေ၊ အမြင့် ၃၆ ပေရှိ အာရုံခံ တန်ဆောင်းတော်ကြီးကို ၂၀၁၂ ခုနှစ် ဩဂုတ် ၈ ရက်မှစတင် ဆက်လက်ဆောက်လုပ်ခဲ့ရာ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် အမိုး တည်ဆောက်ပြီးစီးခဲ့သည်။ ယခုဂန္ဓကုဋိတိုက်တော်နှင့် အာရုံခံတန်ဆောင်းတော် တည်ဆောက်ပြီးစီးမှုအခြေအနေမှာ ခိုင်ခံ့သောတိုင်လုံးတော်ကြီးများနှင့် အမိုးတို့သာ ဆောက်လုပ်ပြီးစီးသေးခြင်းဖြစ်ပြီး အကာအရံများ ကာရံတပ်ဆင်ခြင်း၊ မျက်နှာကြက်တပ်ဆင်ခြင်း၊ ပလ္လင်တော်တည်ဆောက်ခြင်း၊ တကဲတော်တည်ဆောက်ခြင်း၊ တိုင်တော်များမွမ်းမံအလှဆင်ခြင်း၊ ရင်ပြင်တော်ပေါ်တွင် ကြွေပြားခင်းခြင်းတို့ ကျန်ရှိနေပြီး အဆိုပါလုပ်ငန်းများ ပြီးစီးအောင်မြင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကာ အလှူငွေ လိုအပ်နေကြောင်းသိရသည်။

သို့ဖြစ်၍ ဂန့်ဂေါမြို့၏ ကျက်သရေဆောင် ဇမ္ဗူထိပ်ခေါင်ရန်မျိုးအောင် ရုပ်ပွားတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်တော်နှင့် အာရုံခံတန်ဆောင်းကြီးများ ဘက်စုံပြုပြင်တိုးချဲ့မွမ်းမံတည်ဆောက်ရေး လုပ်ငန်းများ အောင်မြင် ပြီးမြောက်ရေးအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# ရွှေပြည်သာမြို့နယ်၌ လမ်းအသုံးပြုခကောက်ခံရေး ဂိတ်ခွဲအသစ်ဖွင့်

**ရန်ကုန် အောက်တိုဘာ ၂၁**

အခွန်ရှောင် ကုန်တင်ယာဉ်ထံမှ ရသင့်ရထိုက်သော အခွန်များရရှိစေရေးနှင့် အများပြည်သူအသုံးပြုနေသော ယာဉ်သွားလမ်းကို အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် ပြုပြင်နိုင်ရေးအတွက် ရွှေပြည်သာမြို့နယ် အမှတ်(၉)ရပ်ကွက် မဟာမြိုင်လမ်းတွင် လမ်းအသုံးပြုခကောက်ခံရေးဂိတ်ခွဲအသစ်ကို ဖွင့်လှစ်ပြီး အောက်တိုဘာ ၁၅ ရက်မှစတင်ပြီး သတ်မှတ်ခွန်များ ကောက်ခံလျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။



"ရွှေပြည်သာမြို့နယ်မှာ အခွန်ဌာနက လှော်ကားနှင့် ဝါးတရာတို့မှာ အခွန်ဂိတ်တွေ ဖွင့်ထားပါတယ်။ သတ်မှတ်ထားသလောက် အခွန်သိပ်မရဘူးဖြစ်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ စီးပွားရေးလုပ်နေတဲ့ ကုန်တင်ယာဉ်ဟာ အခွန်မဆောင်ချင်တော့ လူနေရပ်ကွက်ကြားထဲက ယာဉ်သွားလမ်းကပဲ ဝင်ထွက်မောင်းနှင်မှုတွေလုပ်နေကြတယ်။ ကျွန်တော်တို့ဘက်က အခွန်ဆုံးရှုံးတယ်။ အများပြည်သူဘက်ကကျတော့ လမ်းတွေပျက်မယ်၊ သွားလာရတာအခက်အခဲရှိမယ်။ အန္တရာယ်နဲ့ ရင်ဆိုင်ကြုံတွေ့နိုင်ပါတယ်။ အခုဖွင့်လိုက်တဲ့ မဟာမြိုင်လမ်းဂိတ်ဟာလည်း စည်ပင်အပိုင်လမ်းပါပဲ။ ကျွန်တော်တို့ဘက်က အခွန်လည်းကောက်မယ် အများပြည်သူသွားလာမှုအဆင်ပြေအောင်လည်း လိုအပ်ရင် လိုအပ်သလို လမ်းပိုင်းဆိုင်ရာကို အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ဆောင်ရွက်ပေးသွားမှာပါ" ဟု အခွန်ဌာနခွဲမှူး ဦးမြင့်သိန်းက ပြောသည်။

ထိုသို့ လမ်းအသုံးပြုခကောက်ခံရာတွင် ခရီးသည်ယာဉ်၊ အိမ်စီးယာဉ်နှင့် ကုန်မပါယာဉ်တွေကို ကောက်ခံမှုမရှိကြောင်း၊ (ကုန်+ယာဉ်)ထော်လာဂျီ ငွေကျပ်၂၀၀၊ နှစ်တန်အောက်ယာဉ် ငွေကျပ်၂၀၀၊ နှစ်တန်မှ သုံးတန် အထိ ငွေကျပ် ၃၀၀၊ သုံးတန်မှ ငါးတန်အထိ ငွေကျပ် ၄၀၀၊ ငါးတန်မှ ရှစ်တန်အထိ ငွေကျပ် ၁၀၀၀၊ ရှစ်တန်မှ ၁၀တန်အထိ ငွေကျပ် ၂၀၀၀၊ ၁၀တန်အထက် ငွေကျပ် ၄၀၀၀၊ ပေ ၄၀ ကွန်တိန်နာယာဉ် ငွေကျပ် ၅၀၀၀ နှုန်းတို့ကို ပေးဆောင်ရမည်ဖြစ်ပြီး တိမ်းရှောင်ထွက်ပြေးယာဉ်များကို သတ်မှတ်ကြေး ၁၀ဆဖြင့် ဥပဒေအရ ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ကြောင်းနှင့် လူနေရပ်ကွက်ကြားထဲတွင်ရှိသော ယာဉ်သွားလမ်းဖြစ်သည့်အတွက် အုတ်၊ သဲ၊ ကျောက်၊ မြေကြီးတင်ကားများ၊ အခြားကုန်ပိုတင်ကားများ သွားလာမောင်းနှင်ရာတွင် ဖိတ်စဉ်ကျမှုမရှိအောင် လုံခြုံစွာ ဆောင်ရွက်ပြီးမှ လမ်းကို အသုံးပြုဖို့ သတိပေးကြေညာထားကြောင်း သိရသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

## သတင်းတို

### မူဆယ်တွင် အမျိုးဘာသာ၊သာသနာစောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ်လုံးဆိုင်ရာ အမျိုးဘာသာ၊ သာသနာစောင့်ရှောက်ရေးအဖွဲ့ဖွဲ့စည်းခြင်းနှင့် ဩဝါဒခံယူပွဲကို နန္ဒဝန် ပရိယတ္တိစာသင်တိုက်တွင် အောက်တိုဘာ ၁၇ ရက်က ကျင်းပခဲ့ပြီး မူဆယ်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ နောင်လောင်းဆရာတော်အပါအဝင် ဆရာတော်များက ဩဝါဒချီးမြှင့်ကာ အမျိုးဘာသာ၊ သာသနာစောင့်ရှောက်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ အင်းစိန်ရွာမဆရာတော်ထံမှ သဝဏ်လွှာကို ဖတ်ကြားရှင်းလင်းခဲ့ပြီး ညပိုင်းတွင် အမျိုးဘာသာ၊ သာသနာစောင့်ရှောက်ရေးဆိုင်ရာများ ဟောပြောပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**


## စီးပွားရေးတက္ကသိုလ် 1970 batch အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

၁၉၆၆-၁၉၇၀ခုနှစ် စီးပွားရေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၏ ဒွါဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲအခမ်းအနားကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၇ရက် (တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီ Western Park Royal Restaurant (ကန်တော်ကြီး)အောက်ထပ်၌ ကျင်းပမည်ဖြစ်ပါ၍ (၁၉၆၆-၇၀) စာသင်နှစ်မှ သူငယ်ချင်းများ စုံညီစွာတက်ရောက်ကြပါရန် နွေးထွေးစွာ ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုသူများ ဦးကျော်ညွန့် ဖုန်း-၀၉-၅၁၇၈၇၆၀၊ ဦးခိုင်စိန် ဖုန်း-၀၉-၅၀၃၈၀၁၂၊ ဦးခင်မောင်ကျော် ဖုန်း-၀၉-၇၃၁၉၇၃၄၉၊ ဒေါ်ဆွေတင်ဝင်း ဖုန်း-၀၂-၃၆၉၀၀၊ ဒေါ်ခင်ဆွေအုန်း ဖုန်း-၀၉-၇၃၀၃၇၅၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၀၊ မြေကွက်အမှတ် ၃ဒီ/၁-ဃ၊ မြေကွက်တည်နေရာအမှတ် ၁၅၊ ထန်းတပင်အနောက်ပိုင်းလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ မြေပိုင်မြေအမည်ပေါက် ဦးဘိုးလှိုက်၊ ဒေါ်ပုလေးမြေအား အမည်ပေါက် ဦးဘိုးလှိုက်၊ ဒေါ်ပုလေးနှင့် (သမီး)ဒေါ်စိန်မြတို့ကွယ်လွန်သဖြင့် ဦးထွန်းကြည် ၁၂/ကမရ(နိုင်)၀၃၉၂၇၇က တစ်ဦးတည်းသောအမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ သမက်တော်စပ်ကြောင်း သေစာရင်း၊ ကျမ်းကျိန်လွှာ၊ တိုင်းကျန်းမာရေးဦးစီးဌာနထောက်ခံချက်၊ ရပ်ကွက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်တို့ကိုတင်ပြ၍ ဦးထွန်းကြည်ထံမှ GP အမှတ် ၂၆၁၀၇/၂၃-၉-၂၀၁၄ ဖြင့်ရရှိသူ ဒေါ်တင်တင်ထွေး ၁၂/ကမရ(နိုင်)၀၃၁၆၉၁က ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန်အတွက် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/တောင်၊ မြေကွက်အမှတ် ၆၆၈၊ မြေကွက်တည်နေရာအမှတ် ၆၆၈၊ ဇောတရုံလမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ် ဦးတင်ဦး အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်ဦး(ဖခင်)၊ ဒေါ်ခင်လှ (မိခင်)နှင့်သားတစ်ဦးဖြစ်သူ ဦးထွန်းဝင်းတို့ကွယ်လွန်သဖြင့် သားသမီးချွေးမနှင့် ဇနီးတော်စပ်သူများဖြစ်သော (၁) ဒေါ်လှလှဝင်း ၁၂/သကတ(နိုင်)၀၇၈၂၈၅၊ (၂) ဒေါ်ခင်အေးမြင့် ၁၂/သကတ(နိုင်)၀၇၇၄၃၄၊ (၃) ဒေါ်ခင်ဥ ၁၂/သကတ(နိုင်)၀၀၇၉၉၅၊ (၄) ဦးကိုကိုဝင်း ၁၂/သကတ(နိုင်)၀၁၅၃၂၉၊ (၅)ဒေါ်ညိုညိုဝင်း ၁၂/သကတ(နိုင်)၀၀၈၂၈၁၊ (၆)ဦးဖြိုးဝေအောင် ၁၂/သကတ(နိုင်) ၀၀၇၉၉၁၊ (၇) ဦးကျော်ညွန့် ၁၂/သကတ(နိုင်)၀၀၇၇၇၉၊ (၈)ဒေါ်အေးမြိုင် ၁၂/သကတ(နိုင်)၀၅၆၇၃၈တို့ဖြစ်ပြီး အမှတ်စဉ်(၁၊၂၊၃၊၄၊၅၊၆၊၇၊၈)တို့မှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၆၃၁၆/၂၀၁၄၊ ၆၃၁၇/၂၀၁၄ နှင့် ၂၅၀၁၁/၂၀၁၄ ရသူအမှတ်စဉ် ၆ ဦးဖြိုးဝေအောင်မှ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်နိုင်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁-အနော်မာ)၊ မြေကွက်အမှတ် ၆၉၉/က၊ မြေကွက်တည်နေရာအမှတ် ၆၉၉/က၊ အနော်မာ ၁၆လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဒေါ်ခင်နု)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်နု(မိခင်)နှင့် ဦးဘရင်(ဖခင်)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသား ဦးသိန်းဟန် ၁၂/သကတ(နိုင်)၁၀၉၆၃၉ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၂၂၀၈၈/၂၀၁၃)ရသူ ဦးစိုးသိန်း ၁၂/သကတ(နိုင်)၁၁၇၆၈၉မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်ကျွန်းမြို့နယ်၊ မြစ်ကြီးဘိုးကျေးရွာအုပ်စု၊ ဖိုးပန်းလှကျေးရွာနေ ကျွန်တော် ဦးပေါက်စ ၁၄/လပတ(နိုင်)၁၅၇၆၈၀နှင့် ကျွန်မ ဒေါ်မြင့်မြင့်မော် ၁၄/လပတ(နိုင်)၁၇၆၆၇၅ တို့၏သား မောင်ဇေယျာလင်း ၁၄/လပတ(နိုင်)၁၇၆၅၀၆သည် မိဘစကား နားမထောင်ဘဲ မိမိဆန္ဒဖြင့်နေအိမ်မှဆင်းသွားပါ၍ ယနေ့မှစပြီး သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဖခင်-ဦးပေါက်စ**
**မိခင်-ဒေါ်မြင့်မြင့်မော်**

## မအေးအေးထွေးနှင့် အများသိစေရန် သတိပေးကြေညာခြင်း

မတ္တရာမြို့၊ အမှတ်(၂) ဘုရင့်နောင်ရပ်ကွက်၊ လျှံဝေဖြိုးဆန်စက်မှ ဆန်ကုန်လှောင်သူ ကိုကျော်ဇံဝင်း ၉/မရတ(နိုင်)၀၉၃၉၇၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မတ္တရာမြို့၊ အမှတ်(၂)ရပ်ကွက် ဇေယျာသိဒ္ဓိဆန်စက်၏ ချွေးမတော်စပ်သူ မအေးအေးထွေး ၉/မရတ(နိုင်)၁၅၆၀၇၅သည် ကျွန်ုပ်မိတ်ဆွေ ကိုကျော်ဇံဝင်းထံမှ ၅-၉-၂၀၁၄ရက်တွင် (ရေဆင်း)ဆန်အမျိုးအစား တစ်အိတ်လျှင် ၁၉၀၀၀/-နှုန်းဖြင့် ဆန်အိတ်ပေါင်း ၂၀၀ ကာလတန်ဖိုး ၃၈၀၀၀၀၀/-ရှိ ဆန်အိတ်များအား ကင်ဒါအမျိုးအစား မော်တော်ယာဉ်အမှတ် ၃၉၈၆ဖြင့် ကျွန်ုပ်မိတ်ဆွေထံမှ လာရောက်ယူဆောင်သွားခဲ့ပါသည်။ လူကြီးမင်းသည် ထိုသို့ယူဆောင်သွားခဲ့သော ကာလတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀/-တန်ဖိုးရှိ ဆန်အိတ်ပိုင်း ၂၀၀၏ ကျသင့်ငွေအား ၂၀-၉-၂၀၁၄ရက်နောက်ဆုံးထားပေးချေမည်ဟု ဝန်ခံကတိပြုပြောဆိုရယူသွားခဲ့သော်လည်း သတ်မှတ်ရက်အတွင်း လာရောက်ပေးဆပ်ခြင်းမရှိသည့်အပြင် ယနေ့အထိ အတွေ့မခံဘဲရှောင်တိမ်းနေခဲ့ပါသည်။ သို့ဖြစ်ပါ၍ လူကြီးမင်းသိရှိစေရမည်မှာ ကျွန်ုပ်မိတ်ဆွေထံမှ ယုံကြည်အောင်ပြောဆိုပြီး ရယူသွားခဲ့သော ဆန်အိတ် ၂၀၀၏ တန်ဖိုးငွေကျပ် ၃၈၀၀၀၀၀/-အား မပျက်မကွက် ဤကြေညာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ ကိုကျော်ဇံဝင်းထံသို့ဖြစ်စေ လာရောက်ပေးဆပ်ပါရန်နှင့် ပျက်ကွက်ခဲ့ပါက တည်ဆဲတရားဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မအေးအေးထွေးနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ကိုကျော်ဇံဝင်း** | **နန်းရှေ့ဦးသိန်းထွန်း(LL.B)** |
| **၉/မရတ(နိုင်)၀၉၃၉၇၁** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၁၀)** |
| | **အမှတ်(၅၄၈)၊ အကွက်(၃)၊ ဝဏ္ဏလမ်း၊** |
| | **အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့** |

## စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

**မိဘအမည်မှန်**

လားရှိုးမြို့၊ ပန်းတိုင်းမွေးကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(က)မှ မနှင်းဝတ်ရည်၏ မိဘအမည်မှန်မှာ ဦးရန်ချင်ကွက်နှင့် ဒေါ်ချိန်တေဖေ ဖြစ်ပါသည်။

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**

**အိမ်မဲမြို့နယ်တရားမရုံး၌**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၄၉**

ဦးထွန်းအောင် **နှင့်** ဦးမောင်မောင်(ဘ)ဦးခင်လှိုင် သင်တောကျေးရွာ

**တရားလို** **တရားပြိုင်**

အိမ်မဲမြို့နယ်၊ ဘုရားကြီးကုန်းအုပ်စုရပ်နေ ဦးမောင်မောင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးထွန်းအောင်က စပါး ၇၀၀ တင်းဖိုးငွေကျပ် ၃၁၅၀၀၀၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် နိုဝင်ဘာ၁၄ရက် (၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နုနုခိုင်)**
**မြို့နယ်တရားသူကြီး**
**အိမ်မဲမြို့နယ်တရားရုံး**

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ မြေကွက်အမှတ် ၃၅၄၊ ဧရိယာ ၀ ဒသမ ၀၅၆ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် တကွ ယင်းမြေပေါ်ရှိအမှတ် ၃၅၄၊ ထားဝယ်လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သော နှစ်ထပ်တိုက်အဆောက်အအုံ အကျိုးခံစားခွင့်များအား အမည်ပေါက် ဒေါ်အေးမိဟန် ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၉၈၃၁/၁၄ ကို ရယူထားသူ ဦးကျော်ကျော်ဦး ၆/မအရ(နိုင်)၀၂၇၈၉၀ က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုရောင်းချခြင်းအပေါ် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံ ယနေ့မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဝယ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်မြတ်ထွဋ်** | **ဒေါ်စန်းစန်းတင့်** |
| **H.G.P.,LL.B.,D.A.,D.O.S.,** | **LL.B.,WIPO** |
| **B.D.S.,WIPO(Switzerland)** | **အထက်တန်းရှေ့နေ** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၄၃၇၆/၈၇)** | **(စဉ်-၂၆၄၁၉/၀၇)** |

**ရုံး-တိုက် ၉/၁၁ (ပထမထပ်)၊ အခန်း ၁၀၄(ဒီ)၊ ၃၆လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၉၂၂၈၁၄၆၊ ၀၉-၂၅၀၂၈၄၇၂၂**

# ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်(၁၄)ရပ်ကွက်၊ ညောင်ရမ်းလမ်း၊ အမှတ်(၁၀)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၁၄ ရွှေပေါက်ကံ၊ မြေကွက်အမှတ်(၁၀)၊ မြေအကျယ်ဧရိယာ စတုရန်းပေ(၂၄၀၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူ ဦးလှိုင်စိုး ၁၂/မဂဒ(နိုင်) ၀၀၅၅၁၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအေးကြည်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၈၆၃)**
**အမှတ်(၃၅၀)၊ တပင်ရွှေထီးလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၁၁၂၅၇၇**

# အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် FISCA Security & Communication Co.,Ltd.ကို ကုမ္ပဏီမှတ်ပုံတင်အမှတ် ၅၁ အက်ဖ်စီ/၂၀၁၂-၂၀၁၃ဖြင့် အမှတ်(၁/ဘီ)၊ အခန်း(၁၀၁)၊ ပြည်လမ်း၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၌ ၂၀၁၂ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ထားပြီးဖြစ်ပါသည်။ သို့ပါ၍ မိတ်ဟောင်း၊ မိတ်သစ်များအား လုပ်ငန်းများဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**စိုးပိုင်**
**B.Com,D.A,R.L(အဘိဓမ္မာဂုဏ်ထူးဆောင်)**
**အထက်တန်းရှေ့နေ(စဉ်-၁၉၃၉၃)**
**အမှတ်(၁၅၈/ဘီ)၊ သုံးလွှာ၊ ၃၈ လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါက်တာထွန်းထွန်း**
**အသက်(၆၁)နှစ်**

ဒေါက်တာခင်သန့်စင်(ကလေးအထူးကုဆရာဝန်ကြီး ခုတင်-၁၀၀၀၊ နေပြည်တော်)၏ ချစ်လှစွာသောခင်ပွန်း ဒေါက်တာထွန်းထွန်း အသက်(၆၁)နှစ်သည် ၁၇-၁၀-၂၀၁၄ ရက် (သောကြာနေ့) ညတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ **Zifan Co., Ltd. မှ ဝန်ထမ်းများ၊ နေပြည်တော်**

# အထူးဝမ်းနည်းကြေကွဲခြင်း

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ တံခွန်တိုင်ကျေးရွာနေ ဦးချစ်သိန်း-ဒေါ်ခင်ဝင်းကြည်တို့၏သားကြီး၊ မောင်အောင်သူလင်း၏အစ်ကို၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ အရာခံဗိုလ်သက်ဦး-ဒေါ်မြင့်မြင့်စန်း တို့၏ သားသမက်၊ မမေမြတ်နိုး၏ အစ်ကို၊ မမေသက်ဦး၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်မင်းစစ်သွေး၏ ဖခင် ဗိုလ်ကြီးအောင်သူမင်းသည် ၁၇-၁၀-၂၀၁၄ ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ကြီးအောင်သူမင်း ကောင်းရာသုဂတိလားပါစေ။**

**ဗိုလ်မှူးသီဟအောင်-ဒေါ်ချောကေသီအောင်**
**ဗိုလ်ကြီးကျော်ကျော်မြင့်၊ ဗိုလ်ကြီးကျော်စွာအောင်**

# ဦးဖေသိန်း

## (အားကစားကလောင်ရှင်)

## ကွယ်လွန်ခြင်းတစ်နှစ်ပြည့်

## (၂၂-၁၀-၂၀၁၃)-(၂၂-၁၀-၂၀၁၄)

ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်ပြီးသည့်ရက်မှစ၍ နေ့စဉ်၊ လစဉ် ပြုလုပ်ခဲ့သော ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါသည်။

ဖခင်ကြီး အမျှရ၍ မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။ အမျှ-အမျှ-အမျှ

**လွမ်းမပြေသောမိသားစု**

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ခင်သန်းတင်**
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ တိုက်အမှတ်၄၊ အခန်း ၉နေ (ဦးတင်-ဒေါ်ပု)တို့၏သမီး၊ (ဦးတင်ရှိန်) ကုန်သွယ်/လယ်ယာ(ငြိမ်း)၏ဇနီး၊ ဒေါက်တာ ပြုံးပြုံးရှိန် (တွဲဖက်ပါမောက္ခ၊ ရူပဗေဒဌာန၊ ပြည်တက္ကသိုလ်)၊ ဒေါ်ချိုချိုရှိန် (အထက-၄၊ စမ်းချောင်း)၊ ဒေါ်ဝါဝါရှိန်(ခေတ္တ-မလေးရှား)၊ ဦးစိုးနိုင်(နတ်သားဆေးဆိုင်)- ဒေါ်နီနီရှိန်တို့၏မိခင် ဒေါ်ခင်သန်းတင်သည် ၁၉-၁၀-၂၀၁၄ရက်(တနင်္ဂနွေနေ့)ည ၇း၄၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၄ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ကိုထိန်လင်း (မလှိုင်မြို့)**
**အသက်(၃၈)နှစ်**

